# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သော သူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့်အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 17 May 2017 (၈၉၂၇)


# ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကိုအခြေခံ၍ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေး

**ပေကျင်း မေ ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၂၀ တွင် တရုတ်ပြည်သူ့ခန်းမကြီး (Dongdating Hall) ၌လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့သည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် တရုတ်ပြည်သူ့ခန်းမရှိ (Beijing Hall)၌လည်းကောင်း တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဖြစ်ထွန်းပြီးဖြစ်သော ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကိုအခြေခံ၍ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်ဖက်အဆင့်မြင့်ခေါင်းဆောင်များအကြား ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်သွားလာရေး၊ နှစ်နိုင်ငံပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဖော်ဆောင်ရေးနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့်စီမံကိန်းကြီးများနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးအောင်ထူး၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့ တွေ့ဆုံပွဲအပြီးတွင် အဆိုပါခန်းမ၌ မြန်မာ-တရုတ် နှစ်နိုင်ငံ သဘောတူစာချုပ်များ ချုပ်ဆိုပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ တရုတ်စီးပွားရေးဝန်ကြီး H.E.Mr. Zhong Shan၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ဒုတိယ ဥက္ကဋ္ဌ H.E. Mr. ZhangYong၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးနှင့် မိသားစုစီမံခန့်ခွဲရေးကော်မရှင်ဝန်ကြီး H.E.Ms. Li Bin၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဝန်ကြီး H.E.Mr. Liu Yuzhu တို့က


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪**




တရုတ်ပြည်သူ့ခန်းမကြီး၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ


စာမျက်နှာ » ၆




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ သီးခြားစီ တွေ့ဆုံဆွေးနွေး


စာမျက်နှာ » ၉





ငြိမ်းချမ်းရေးဂီတပွဲတော် ကျင်းပမည်


စာမျက်နှာ » ၁၀




ပထမဦးဆုံး ကမ္ဘာ့သိ သဘာဝအမွေအနှစ်စာရင်းဝင် ဖြစ်လာမည့် ခါကာဘိုရာဇီ


စာမျက်နှာ » ၁၅





ကြေးမုံ

# ပိုးလမ်းမကြီး စီးပွားရေးလမ်းကြောင်းတွင် မြန်မာပါဝင်

တရုတ်နိုင်ငံသည် ဥရောပနှင့်အာရှနိုင်ငံများအကြား ကုန်းလမ်းနှင့် ရေလမ်းကုန်သွယ်ရေးကို တစ်ဆက်တစ်စပ်တည်းပေါင်းစည်းရန် ရည်ရွယ်ပြီး ကုန်သွယ်ရေးပိုးလမ်းမကြီးကို အခြေခံချဲ့ထွင်ကာ One Belt and One Road စီမံချက်ကို စတင်နေပြီဖြစ်သည်။ ထိုမဟာစီမံချက်သည် ပိုးလမ်းမကြီး စီးပွားရေးလမ်းကြောင်းနှင့် ၂၁ ရာစု ရေကြောင်းပိုးလမ်းမကြီးကို ရည်ညွှန်းထားခြင်းဖြစ်သည်။

စီမံချက်ဖြတ်သန်းရာ နိုင်ငံများ၏ စီးပွားရေးစည်ပင်ဝပြောမှုနှင့် ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အကျိုးဖြစ်ထွန်းစေရန်၊ မတူညီသောယဉ်ကျေးမှုများကိုဖလှယ်ရင်း ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးကာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူများကို အကျိုးဖြစ်ထွန်းစေရန် ကြိုးပမ်းဆောင်ရွက်သည့် အဆိုပါစီမံချက်၏ ရည်ရွယ်ချက်မှာ အထူးပင်ကောင်းမွန်ပေသည်။

တရုတ်နိုင်ငံတွင်ကျင်းပသည့် အဆိုပါ မဟာစီမံချက်အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့ပြီး ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ နိုင်ငံအစိုးရအကြီးအကဲများ စားပွဲဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမိန့်ခွန်းပြောကြားခဲ့သည်။ အပြန်အလှန်နားလည်မှု၊ လေးစားမှုကိုအခြေခံသည့် ကောင်းမွန်သော ပြည်သူအချင်းချင်း ဆက်ဆံရေးရရှိမှုနှင့် တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်တစ်ရပ်ရှိမှုတို့သည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံချက် အောင်မြင်မှုရှိစေရေးအတွက် အဓိကအခြေခံမှုများဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အလေးထားပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ပိုးလမ်းမကြီး၏ဒေသတွင်းအဆင့်တွင် အာရှအဝေးပြေးလမ်းနှင့် ရထားလမ်းကွန်ရက်နှစ်ခုစလုံး၏ အစိတ်အပိုင်းတွင် ပါဝင်နေသည်။ ဒေသခွဲအဆင့်တွင်လည်း မြန်မာနိုင်ငံသည် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းနှင့် အာဆီယံ-မဲခေါင်မြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု၊ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာဖိုရမ်၊ မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုနှင့် မဟာမဲခေါင်ဒေသခွဲအုပ်စုများ၏ သယ်ယူပို့ဆောင်ရေးဆက်သွယ်မှုအစီအစဉ်များကဲ့သို့ ဒေသခွဲအတွင်း ကွန်ရက်များ၏ အစိတ်အပိုင်းများတွင် ပါဝင်နေသည်။

မြန်မာနိုင်ငံအနေဖြင့် ပိုးလမ်းမကြီး၏အစိတ်အပိုင်းတို့တွင် ပါဝင်နေသောကြောင့် မြန်မာနိုင်ငံအတွက်သာမက တောင်နှင့် အရှေ့တောင်အာရှ ဒေသကြီးနှစ်ခုစလုံးအတွက် ကြီးမားသောအကျိုးရလဒ်များကို ဆောင်ကြဉ်းပေးနိုင်မည့် ထိရောက်သော ပေါင်းကူးတံတားသဖွယ် အခြေအနေကောင်းများရှိနေသည်။ ထိုအခြေအနေကောင်းများကို မြန်မာနိုင်ငံက အစောပိုင်းကာလကတည်းက ထိတွေ့ဆက်ဆံနိုင်ခဲ့ပြီး ယခု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် သွားရောက်ဆွေးနွေးနိုင်သောအခါ ပိုးလမ်းမကြီးပေါ်မှ နိုင်ငံများနှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုလမ်းပွင့်သွားခဲ့ပြီဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံသည် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်နေချိန်တွင် ဒေသတစ်ခုလုံးနှင့် ကျန်ကမ္ဘာ့နိုင်ငံများအကြား ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသည့် တရုတ်နိုင်ငံက ကမကထအကောင်အထည်ဖော်နေသည့် စီးပွားရေးပိုးလမ်းမရပ်ဝန်းတစ်ခုနှင့် (၂၁)ရာစု ရေကြောင်းဆိုင်ရာ ပိုးလမ်းမတစ်ခု စတင်ခြင်းဆိုင်ရာ ပဏာမခြေလှမ်းတွင် သဘောတူလိုက်ခြင်းကို ကြိုဆိုရမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် ကြီးမားသော မဟာစီမံချက်တွင် ပါဝင်ရန်အတွက် အခက်အခဲများစွာရှိနိုင်သော်လည်း အာရှ-ပစိဖိတ်ဒေသတွင်း ခိုင်မာသည့် ပေါင်းစည်းဆက်နွယ်မှုကို မိတ်ဖက်ပြုခြင်းဖြင့် မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအပေါ်တွင်ပါ အကျိုးသက်ရောက်မှုရှိနိုင်ပေသည်။

ရပ်ဝန်းနှင့်ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ မြန်မာနိုင်ငံအနေဖြင့် တက်ရောက်ဆွေးနွေးနိုင်ခြင်းသည် ပိုးလမ်းမပေါ်မှ နိုင်ငံများအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ပြည်သူအချင်းချင်း ပူးပေါင်းဖလှယ်မှုများမှတစ်ဆင့် ပိုမိုကောင်းမွန်သည့် ဆက်ဆံရေး၊ ငြိမ်းချမ်းရေးတို့ကို နိုင်ငံများနှင့်သာမက မြန်မာနိုင်ငံအတွက်ပါ ရရှိလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်



ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( တောင်ကြီးမြို့ )

၂၀၁၇ ခုနှစ် ၊ ဇွန်လ (၂၊ ၃၊ ၄)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

တောင်ကြီးတက္ကသိုလ်၊ တောင်ကြီးမြို့။

Brighter Future Myanmar

PREMIER Cereal Drink

Organized by

VI mix

# စာပေနှင့် အနုပညာမူပိုင်ခွင့်များ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မေ ၁၆**

ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာနကကြီးမှူး၍ ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (WIPO)၊UnitedStates Agency for International Development (USAID) တို့နှင့်ပူးပေါင်း၍ စာပေနှင့် အနုပညာမူပိုင်ခွင့်များအား စုပေါင်းစီမံခန့်ခွဲသောအဖွဲ့အစည်းများနှင့် ဆွေးနွေးသည့် ဆွေးနွေးပွဲ (Workshop on Collective Management Organization) ကို ရန်ကုန်မြို့ PARK ROYAL Hotel ၌ မေ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် WIPO မှ ကျွမ်းကျင်ပညာရှင် Mr. Chandra Darusman နှင့် USAID မှ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး ပရိုဂရမ်တာဝန်ခံ Mr.Steve Parker တို့က အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကိုဖွင့်လှစ်ပေးသည်။

မေ ၁၁ ရက် အလုပ်ရုံဆွေးနွေးပွဲပထမနေ့တွင် WIPO မှ ကျွမ်းကျင်ပညာရှင် Mr. Chamdra Darusman က စာပေနှင့် အနု ပညာမူပိုင်ခွင့်များအား စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း (Collective Management Organization - CMO) များနှင့်စပ်လျဉ်း၍ သိကောင်းစရာများ၊ CMO များအား စနစ်တကျဖွဲ့စည်းရန် လိုအပ်ချက်များ၊ CMO များမှ ဆောင်ရွက်ရမည့်တာဝန်များ၊ နိုင်ငံတကာသဘောတူစာချုပ်များ၊ အခြားနိုင်ငံများတွင် CMO များနှင့် စပ်လျဉ်း၍ လက်ရှိကျင့်သုံးဆောင်ရွက်နေသည့် အခြေအနေများ၊ မူပိုင်ခွင့်ကောက်ခံမှုနှင့် ပြန်လည်ခွဲဝေပေးမှုများ၊ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဒစ်ဂျစ်တယ်နည်းပညာ၏ ရိုက်ခတ်မှုများ၊ စာပေဆိုင်ရာကဏ္ဍ CMO များ၊ ထုတ်လွှင့်သူများ၏ အခွင့်အရေးကာကွယ်မှုများ၊ မူပိုင်ခွင့်ဆိုင်ရာ ခြွင်းချက်များနှင့် ကန့်သတ်ချက်များကို ရှင်းလင်းတင်ပြသည်။

မေ ၁၂ ရက် ဒုတိယနေ့တွင် ပညာရေးဝန်ကြီးဌာန အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတိုးမြတ်နုက မြန်မာနိုင်ငံ၏ လက်ရှိမူပိုင်ခွင့်ကာကွယ်မှုစနစ်နှင့် မူပိုင်ခွင့်နှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများ၏ လက်ရှိဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံတွင် စာပေနှင့် အနုပညာမူပိုင်ခွင့်စနစ်အား မည်ကဲ့သို့ရှေ့ဆက်လက်ဆောင်ရွက်ရမည့်စကားဝိုင်းကို ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ စာပေနှင့် အနုပညာဆိုင်ရာအသင်းအဖွဲ့များ၊ ဥပဒေပညာရှင်များ တက်ရောက်ကြပြီး စာပေနှင့် အနုပညာဆိုင်ရာ မူပိုင်ခွင့်များကို စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ၊ လိုအပ်ချက်များ၊ အခြားနိုင်ငံများမှ ကျင့်သုံးဆောင်ရွက်နေမှုအခြေအနေများကို အဓိကထား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အောင်သူရ)**

# မူလတန်းအဆင့် ပထမတန်းသင်ရိုးသစ် သင်တန်းပို့ချ

**လောင်းလုံး မေ ၁၆**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် မူလတန်းအဆင့် ပထမတန်း သင်ရိုးသစ် သင်တန်းကို မေ ၁၃ ရက် နံနက် ၈ နာရီက မြို့နယ်ပညာရေးမှူးရုံးကကြီးကြပ်၍ လောင်းလုံးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့ပြီး မေ ၂၆ ရက်အထိ ၁၄ ရက်ကြာ သင်တန်းပို့ချမည်ဖြစ်ကြောင်း သိရသည်။

ယင်း ပထမတန်းသင်ရိုးသစ် သင်တန်းသည် ဖွဲ့စည်းပုံနှင့်သင်တန်းအစီအစဉ်များကို နားလည်သဘောပေါက်စေရန်၊ အဓိကသွင်ပြင်လက္ခဏာများ၊ စည်းမျဉ်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်းများ သိရှိနားလည်စေရန် ရည်ရွယ်၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စတင်အသုံးပြုမည့် အခြေခံမူလတန်းသင်ရိုးသစ်များကို သင်ကြားမှုသင်ယူမှုများပြုလုပ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ လောင်းလုံးမြို့နယ်အတွင်းရှိ သင်တန်းသားစုစုပေါင်း ၂၅၅ ဦး၊ သင်တန်းနည်းပြ ၁၆ ဦးဖြင့် နေ့စဉ် နံနက် ၈နာရီခွဲမှ ညနေ ၄ နာရီအထိ သင်တန်းခန်းရှစ်ခန်းဖြင့် ပို့ချပေးလျက်ရှိပြီး သင်တန်းသား သင်တန်းသူများ စုပေါင်း ဆွေးနွေးခန်းတစ်ခန်းထားရှိကာ ပထမတန်းသင်ရိုးသစ်ဘာသာရပ်များကို ပါဝါပွိုင့်ဖြင့် ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စိုးထွန်း(မြန်/ဆက်)**

စာအုပ်စာပေ လှူမိတ်ဆွေ

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၆**

ရန်ကုန်(ရွှေဈေး) ၈၉၉၀၀၀ - ၈၉၉၀၀၀၊ မန္တလေး(ရွှေဈေး) ၈၉၉၀၀၀ - ၈၉၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၇၅/၆၉၅ ကျပ်၊ | ၇၀၅/၇၁၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၂၅/၇၄၀ ကျပ်၊ | ၈၃၀/၈၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၅/၇၀၀ ကျပ်၊ | ၇၃၀/၇၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၉၅/၇၁၅ ကျပ်၊ | ၇၃၀/၇၃၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၃၀/၆၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၀/၆၅၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၄၀/၆၄၅ ကျပ်

**၉-၅-၂၀၁၇ ရက်နေ့မှ ၁၅-၅-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၃၁ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၆၆၃ ကျပ်၊ ဒီဇယ် တစ်လီတာ ၆၂၅ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၇ ကျပ် ဖြစ်ပါသည်။** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၉၆. ၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇. ၅၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၉. ၅၀၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၅. ၂၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၆၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၉၈. ၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁. ၈၄၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၂. ၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၄. ၄၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူ့နှင့်အတူ

✪ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှ

နှစ်နိုင်ငံသဘောတူစာချုပ်ငါးစောင်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် လီခချန်းတို့ ရှေ့မှောက်၌ လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

ယနေ့ကျင်းပသည့် နှစ်နိုင်ငံသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲတွင် **"စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်စာချုပ်"၊ "မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တည်ထောင်ရေး သဘောတူစာချုပ်"၊ "စီးပွားရေးပိုးလမ်းမ ရပ်ဝန်းတစ်ခုနှင့် (၂၁)ရာစု ရေကြောင်းဆိုင်ရာ ပိုးလမ်းမရပ်ဝန်းတစ်ခု စတင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်"၊ "ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်"နှင့် "ငလျင်အလွန် ပုဂံရှိသမိုင်းဝင်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်"** များကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ပေကျင်းမြို့ရှိ Anzhen Hospital သို့သွားရောက်ပြီး မြန်မာနိုင်ငံမှ နှလုံးရောဂါခံစားနေရသည့် ကလေးငယ်များအား ခွဲစိတ်ကုသမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။

အဆိုပါ ခွဲစိတ်ကုသမှုအစီအစဉ်သည် ၂၀၁၆ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့ တွေ့ဆုံခဲ့ပြီးနောက် အကောင်အထည်ဖော်သည့် အစီအစဉ်ဖြစ်ပြီး တရုတ်အမျိုးသားကုသိုလ်ဖြစ်အဖွဲ့ချုပ်၏ **"နယ်နိမိတ်အကန့်အသတ်မရှိသည့် ချစ်မေတ္တာစိတ်ဖြင့် မြန်မာနိုင်ငံတွင် မွေးရာပါနှလုံးရောဂါစွဲကပ်နေသည့် ကလေးသူငယ်များအား ကုသကယ်တင်ရေး"** လှုပ်ရှားမှုဆောင်ရွက်ချက်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများရှိ မွေးရာပါနှလုံးရောဂါခံစားနေရသည့် ကလေးသူငယ် ၁၀၀ ခန့် အနက်မှ ၅၄ ဦးကို တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ခေါ်ယူခွဲစိတ်ကုသပေးနိုင်ရန် ရန်ကုန်မြို့ရှိ ရန်ကင်းကလေးဆေးရုံကြီး၌ ရောဂါရှာဖွေစမ်းသပ်စစ်ဆေးမှုများကို ဆောင်ရွက်ပြီး မွေးရာပါနှလုံးရောဂါဝေဒနာရှင် ကလေးငယ် ၅၄ ဦးကို ရွေးချယ်ကာ ယခုဆေးရုံကြီး၌ ခွဲစိတ်ကုသပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့အချိန်အထိ ပေကျင်းမြို့သို့ မွေးရာပါနှလုံးရောဂါဝေဒနာရှင် ၁၂ ဦးရောက်ရှိပြီး ဆေးဝါးကုသမှုခံယူလျက်ရှိရာ ဝေဒနာရှင် ကလေးငယ်ရှစ်ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးပြီးဖြစ်ကြောင်းသိရသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Chinese People Political Consultative Conference ဒုတိယဉက္ကဋ္ဌ Mr.Wang Jiarui က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာနဝန်ကြီး မစ္စတာစုန်တောင်းက တည်ခင်းဧည့်ခံသည့် အလုပ်သဘောနံနက်စာစားပွဲသို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် လီခချန်းတို့ရှေ့မှောက်၌ မြန်မာ-တရုတ် နှစ်နိုင်ငံ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေကျင်းမြို့ Anzhen Hospital ၌ မြန်မာနိုင်ငံမှ နှလုံးရောဂါခံစားနေရသည့် ကလေးငယ်များအား ခွဲစိတ်ကုသမှုအခြေအနေကို ကြည့်ရှုအားပေးစဉ်။**
(သတင်းစဉ်)

## နွေရာသီတွင် ရေပြတ်လပ်မှုမဖြစ်စေရေး မျှဝေခြင်းအစီအစဉ်မှ စက်သုံးဆီများလှူဒါန်း




**မုံရွာ မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် တောင်ကြား ကျေးရွာအုပ်စု တောင်ကြားကျေးရွာတွင် အိမ်ခြေ ၂၅၀ ရှိပြီး လူဦးရေ ၁၁၉၀ နေထိုင်လျက်ရှိရာ နှစ်စဉ်နွေရာသီရောက်သည့်အချိန်တွင် သောက်သုံးရေပြတ်လပ်မှုများ မကြာခဏကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါကျေးရွာ၏ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)က ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးစံပေါ်က မေ ၁၅ ရက်တွင် တောင်ကြားကျေးရွာ၏ လိုအပ်ချက်များ ကွင်းဆင်းလေ့လာခဲ့ကြပြီး အဆိုပါကျေးရွာ၏အနောက်ဘက် နှစ်မိုင်ခန့်အကွာတွင်ရှိသော အနက်ပေ ၄၃၀ ရှိ လေးလက်မ စက်ရေတွင်းမှ ရေပေးနိုင်ရေးအတွက် ယခင်တပ်ဆင်အသုံးပြုခဲ့သော ဒီဇယ်အင်ဂျင်နှင့် အထက်ပန့်ရေတင်စက်ရုံ၊ ရေပေးပိုက်လိုင်းများ ပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လတ်တလော ရေရှားပါးမှု ယာယီအဆင်ပြေစေနိုင်ရေးအတွက် လက်ရှိအသုံးပြုနေသည့် မြင်းကောင်ရေ ၂၂ ကောင်ရှိ ဒီဇယ်အင်ဂျင်နှင့် တပ်ဆင်အသုံးပြုနေသော လေးလက်မနှစ်လုံးထိုး လေမှုတ်စက်ဖြင့် ရေတင်ပေးနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မျှဝေခြင်းအစီအစဉ်ဖြင့် ဒီဇယ်ဆီ ဂါလန် ၂၀၀ ကို ကျေးရွာက ရေပေးဝေရေးကော်မတီထံ ယနေ့သွားရောက်လှူဒါန်းထောက်ပံ့နိုင်ခဲ့ကြောင်း၊ ကျေးလက်နေပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**(ဖိုးချမ်း-မုံရွာ)**

■

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

# ရုရှားထံ ထောက်လှမ်းရေးသတင်းအချက်အလက်များ ထရန့် မျှဝေခဲ့သည်ဟု မီဒီယာများတွင် ဖော်ပြ



**ဝါရှင်တန် မေ ၁၆**

အမေရိကန်သတင်းမီဒီယာများက သမ္မတ ဒေါ်နယ်ထရန့်သည် အိုင်အက်စ်စစ်သွေးကြွများနှင့်သက်ဆိုင်သည့် ထိပ်တန်းလျှို့ဝှက်သတင်းအချက်အလက်များကို ရုရှားနိုင်ငံသို့ မျှဝေပေးခဲ့သည်ဟု ရေးသားဖော်ပြကြသည်။ အဆိုပါစွပ်စွဲရေးသားချက်များ မဟုတ်မှန်ကြောင်း အိမ်ဖြူတော်က ငြင်းဆိုခဲ့သည်။

ဝါရှင်တန်ပို့စ်သတင်းစာက ထရန့်သည် သတင်းအချက်အလက်များကို ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့် သံအမတ်ကြီး ဆာဂျီကီစလိုက်တို့အား မေ ၁၀ ရက်တွင် မျှဝေပေးခဲ့သည်ဟု တနင်္လာနေ့တွင် ရေးသားဖော်ပြသည်။ အဆိုပါရေးသားဖော်ပြမှုသည် အမေရိကန်အရာရှိဟောင်းများနှင့် လက်ရှိ တာဝန်ထမ်းဆောင်ဆဲ အမေရိကန်အရာရှိများ၏ ပြောဆိုချက်များကို ကိုးကားဖော်ပြထားခြင်းဖြစ်သည်။ နယူးယောက်တိုင်းမ်သတင်းစာကလည်း အလားတူရေးသားဖော်ပြခဲ့သည်။

သမ္မတအနေဖြင့် အစိုးရ၏ လျှို့ဝှက်ချက်များကို လျှို့ဝှက်အဆင့်အတန်း လျှော့ချသတ်မှတ်နိုင်သည့် အခွင့်အာဏာရှိကြောင်း ထရန့်က ပြောကြားသည်။ ထရန့်၏ ထုတ်ဖော်ပြောဆိုချက်များသည် ဥပဒေကို ချိုးဖောက်ခြင်းဖြစ်ဖွယ်မရှိကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ပြောကြားသည်။ သို့သော် အဆိုပါသတင်းအချက်အလက်များကြောင့် ထရန့်၏ဆုံးဖြတ်ချက်သည် အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်နေသည့် မဟာမိတ်နိုင်ငံတစ်နိုင်ငံကို အန္တရာယ်ဖြစ်စေနိုင်သည်ဟု ဝါရှင်တန်ပို့စ်သတင်းစာက ရေးသားဖော်ပြသည်။

ထရန့်၏ အမျိုးသားလုံခြုံရေးအကြံပေး မက်မာစတာက ရေးသားဖော်ပြချက်များမှာ မှန်ကန်မှုမရှိကြောင်း ငြင်းဆိုသွားခဲ့သည်။ သမ္မတနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့သည် အကြမ်းဖက်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်မှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်းနှင့် မည်သည့်သတင်းအချက်အလက်မျှ ဆွေးနွေးရန် အချိန်မရှိခဲ့ကြောင်း မက်မာစတာက သတင်းထောက်များကို ပြောကြားသည်။

ဒီမိုကရက်တစ်များက ထရန့်ကို ယင်းကိစ္စနှင့်ပတ်သက်၍ ဖြေရှင်းချက်ပေးရန် တောင်းဆိုလျက်ရှိသည်။ အထက်လွှတ်တော် ဒီမိုကရက်တစ်အမတ်တစ်ဦးဖြစ်သည့် ချားလ်ရှူးမာက ရေးသားဖော်ပြချက်များသာ အမှန်ဖြစ်ခဲ့လျှင် အလွန်စိုးရိမ်စရာကောင်းသည်ဟု ပြောကြားသည်။ ထိပ်တန်းလျှို့ဝှက်ချက်များကို ထုတ်ဖော်ပြောဆိုခြင်းသည် အလွန်အန္တရာယ်များပြီး ယခုကဲ့သို့ အပြုအမူများသည် အမေရိကန်ပြည်သူများ၏ ဘဝများနှင့် အမေရိကန်နိုင်ငံအတွက် သတင်းအချက်အလက်များ ထောက်လှမ်းရှာဖွေနေသူများအတွက် အန္တရာယ်များသည်ဟု ၎င်းက ပြောကြားသည်။ လွန်ခဲ့သည့်နှစ် ရွေးကောက်ပွဲကာလအတွင်း ထရန့်၏ မဲဆွယ်စည်းရုံးမှုများတွင် ရုရှားနိုင်ငံနှင့် ဆက်နွယ်မှုရှိ၊ မရှိ စုံစမ်းစစ်ဆေးမှုများကို ပိတ်ပင်တားမြစ်ရန် ရည်ရွယ်သည့်အနေဖြင့် ထရန့်သည် လွန်ခဲ့သည့် သီတင်းပတ်တွင် အက်ဖ်ဘီအိုင် ညွှန်ကြားရေးမှူး ဂျိမ်းစ်ကိုမေ ကို ရာထူးမှဖယ်ရှားခဲ့သည့်အတွက်လည်း ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။ **အင်န်အိတ်ချ်ကေ။**



## မိုဆူးမြို့အနောက်ပိုင်းနယ်မြေ၏ ၉၀ ရာခိုင်နှုန်းနီးပါး အီရတ်အစိုးရတပ်ဖွဲ့များ ပြန်လည်သိမ်းယူနိုင်

**မိုဆူး မေ ၁၆**

အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်) အစွန်းရောက်လက်နက်ကိုင်များလက်အောက်သို့ ကျရောက်နေသည့် မိုဆူးမြို့ ပြန်လည်လွတ်မြောက်ရေးအတွက် အီရတ်အစိုးရတပ်ဖွဲ့များက အဓိကကျသော ထိုးစစ်ကြီးများစတင်ဆင်နွှဲခဲ့ပြီးနောက် မိုဆူးမြို့အနောက်ဘက်ပိုင်းဒေသ နယ်မြေ၏ ၉၀ ရာခိုင်နှုန်းနီးပါးကို အစိုးရတပ်ဖွဲ့များက ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း အီရတ်ပူးတွဲစစ်ဆင်ရေးလုပ်ငန်းများဌာနချုပ်က မေ ၁၆ ရက်တွင် ပြောကြားသည်။

မိုဆူးမြို့အနောက်ပိုင်းဒေသနယ်မြေ၏ ၈၉ ဒသမ ၅ ရာခိုင်နှုန်းကို အိုင်အက်စ်စစ်သွေးကြွများထံမှ ပြန်လည်သိမ်းယူနိုင်ပြီဖြစ်ကြောင်း၊ စစ်သွေးကြွများထိန်းချုပ်နိုင်သော နယ်မြေမှာ ၁၂ စတုရန်းကီလိုမီတာမျှသာရှိတော့ကြောင်း အီရတ်ပူးတွဲစစ်ဆင်ရေးလုပ်ငန်းများဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်ရာဟာရာဆောလ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အိုင်အက်စ်စစ်သွေးကြွများသည် ၂၀၁၄ ခုနှစ် ဇွန်လတွင် ဧရိယာ ၁၀၈၄၀၅ စတုရန်းကီလိုမီတာရှိသည့် မြေအကျယ်အဝန်းကို သိမ်းယူခဲ့ပြီး ယင်းမှာ အီရတ်နိုင်ငံအကျယ်အဝန်း၏ ၄၀ ရာခိုင်နှုန်းရှိကြောင်း၊ လက်ရှိတွင်မူ အိုင်အက်စ်တို့ သိမ်းယူထားနိုင်သည့် နယ်မြေ အကျယ်အဝန်းမှာ နိုင်ငံတစ်ဝန်းတွင် ၂၈၇၅ စတုရန်းကီလိုမီတာခန့်သာရှိရာ နိုင်ငံအကျယ်အဝန်း၏ ၄ ဒသမ ၆ ရာခိုင်နှုန်းသာရှိတော့ကြောင်း ၎င်းကပြောကြားသည်။

လွန်ခဲ့သည့်အောက်တိုဘာလမှစ၍ အီရတ်အစိုးရတပ်ဖွဲ့များက ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် အိုင်အက်စ်စစ်သွေးကြွများ သေဆုံးမှုမှာ ယခုအချိန်အထိ ၁၆၄၆၇ ဦးအထိရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ။**

## ရေနံထုတ်လုပ်မှု နောက်ထပ်ကိုးလတာမျှ ဆက်လက်လျှော့ချရန် ဆော်ဒီအာရေဗျနှင့် ရုရှား သဘောတူညီ

**ပေကျင်း မေ ၁၆**

ကမ္ဘာတစ်ဝန်း ရေနံစိမ်းရောင်းလိုအား အလွန်အမင်းတိုးနေမှုကို ထိန်းချုပ်နိုင်ရေးအတွက် ရေနံထုတ်လုပ်မှုကို နောက်ထပ် ကိုးလတာမျှ ဆက်လက်လျှော့ချရန် ဆော်ဒီအာရေဗျနိုင်ငံနှင့် ရုရှားနိုင်ငံတို့ သဘောတူညီလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာပေါ်တွင် ရေနံထုတ်လုပ်မှု အများဆုံးနိုင်ငံများဖြစ်သည့် ဆော်ဒီအာရေဗျနှင့် ရုရှားတို့က ရေနံစိမ်းဈေးနှုန်း ပြန်လည်မြင့်တက်လာစေရန်အတွက် ရေနံထုတ်လုပ်မှုကို ၂၀၁၈ ခုနှစ် မတ်လအထိ လျှော့ချကြရန် သဘောတူညီခဲ့ကြသည်။

ရောင်းချနိုင်သော ရေနံပမာဏလျှော့ချနိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်သွားကြရန် မိမိတို့သဘောတူညီကြကြောင်း ဆော်ဒီစွမ်းအင်ဝန်ကြီး ခါလစ်အယ်လ်ဖာလီနှင့် ရုရှားစွမ်းအင်ဝန်ကြီး အလက်ဇန္ဒာနိုဗက်တို့၏ ပူးတွဲကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ရေနံတင်ပို့ရောင်းချသော နိုင်ငံများအသင်း(အိုပက်)သည် ရေနံထုတ်လုပ်မှုကို ဆက်လက်ဖြတ်တောက်လျှော့ချထားရန် သင့်၊မသင့် ဆွေးနွေးနိုင်ရန် မေ ၂၅ ရက်တွင် သြစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ အစည်းအဝေးကျင်းပမည်ဖြစ်သည်။ လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလက အိုပက်အဖွဲ့နှင့် အိုပက်အဖွဲ့ဝင်မဟုတ်သော နိုင်ငံ ၁၁ နိုင်ငံအကြား ရရှိခဲ့သော သဘောတူညီချက်အရ ရေနံစိမ်းထုတ်လုပ်မှုကို ဖြတ်တောက်လျှော့ချခဲ့ကြသည်။ **ရိုက်တာ။**



## ကမ္ဘာတစ်ဝန်း ဆိုက်ဘာတိုက်ခိုက်မှု မြောက်ကိုရီးယားအပေါ် သံသယရှိ

**နယူးယောက် မေ ၁၆**

ကမ္ဘာတစ်ဝန်းလုံးက ကွန်ပျူတာများကို မကြာသေးမီကပြုလုပ်ခဲ့သည့် ဆိုက်ဘာတိုက်ခိုက်မှုကို မြောက်ကိုရီးယားဟက်ကာများ ပါဝင်ပတ်သက်ဖွယ်ရှိကြောင်း အမေရိကန်နှင့် ရုရှား ဆိုက်ဘာလုံခြုံရေးကုမ္ပဏီများက ပြောကြားသည်။

နောက်ဆုံးပြုလုပ်ခဲ့သည့် ဆိုက်ဘာတိုက်ခိုက်မှုတွင်ပြုလုပ်ခဲ့သည့် ကုတ်နံပါတ်များနှင့် ယခင်က မြောက်ကိုရီးယားနိုင်ငံ၏ Lazarus Group ဟု အမည်ပေးထားသော ဟက်ကာအဖွဲ့အသုံးပြုသည့် ကုတ်နံပါတ်များ တူညီနေကြောင်း ကုမ္ပဏီများက ပြောကြားသည်။ အဆိုပါ ထင်မြင်ချက်များကို အတည်ပြုနိုင်ရန် စုံစမ်းစစ်ဆေးမှုများပိုမိုပြုလုပ်ရန် လိုအပ်ကြောင်း ၎င်းတို့က ပြောကြားသည်။

Lazarus ဟက်ကာအဖွဲ့သည် လွန်ခဲ့သည့်နှစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဗဟိုဘဏ်ကို ဆိုက်ဘာတိုက်ခိုက်မှုပြုလုပ်ပြီး ငွေ အမြောက်အမြားကို ခိုးယူသွားခဲ့သည်။ ကမ္ဘာတစ်ဝန်းက အခြားသော ဗဟိုဘဏ်များကို ဆိုက်ဘာတိုက်ခိုက်မှုများပြုလုပ်နေသည်မှာလည်း အဆိုပါအဖွဲ့ဖြစ်မည်ဟု သံသယရှိနေသည်။ အမေရိကန်နိုင်ငံမှ အက်ဖ်ဘီအိုင်က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ။**

## ပါကစ္စတန်မြေအောက်ရထားအတွက် တရုတ်နိုင်ငံ၌ ရထားတွဲများ ထုတ်လုပ်ပြီ

**ချန်းရှား မေ ၁၆**

ပါကစ္စတန်နိုင်ငံ၏ မြေအောက်ရထားလုပ်ငန်းတွင် အသုံးပြုမည့် ပထမဆုံးသော ရထားတစ်စင်းအတွက် ရထားတွဲငါးတွဲကို တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်ရှိ စက်ရုံမှ ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

စီအာရ်အာရ်စီ စူကျိုးရထားစက်ခေါင်းကုမ္ပဏီက ပါကစ္စတန်နိုင်ငံအတွက် ရထားတွဲငါးတွဲပါ မြေအောက်ရထားတစ်စင်းကို ထုတ်လုပ်ပေးခဲ့သည်။ ပါကစ္စတန်နိုင်ငံ၏ ဒုတိယအကြီးဆုံး မြို့ကြီးဖြစ်သည့် လာဟိုးမြို့၌ ပြေးဆွဲမည့် မြေအောက်ရထားလုပ်ငန်းအတွက် တရုတ်နိုင်ငံတွင် ရထားတွဲများကို ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ တစ်နာရီလျှင် ကီလိုမီတာ ၈၀ အမြန်နှုန်းဖြင့် ခုတ်မောင်းနိုင်မည့် မြေအောက်ရထားအတွက် အတွဲငါးတွဲပါ ရထားအစင်းပေါင်း ၂၇ စင်းကို တရုတ်နိုင်ငံ၌ ယခုနှစ်ကုန်နောက်ဆုံးထား၍ အပြီးထုတ်လုပ်သွားမည်ဖြစ်သည်။ **ဆင်ဟွာ။**

# တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၈/၂၀၁၇)**
**၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်**
**(၂၀၁၇ ခုနှစ်၊ မေလ ၁၆ ရက်)**
**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၁/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၂) ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | လေ ၁၇၈၁<br>ဗိုလ်မှူးချုပ်သန်းလွင် | အစား | ကြည်း ၁၈၈၀၄<br>ဗိုလ်မှူးချုပ် ကျော်စန်းလင်း |
| (၂) | ကြည်း ၂၃၁၅၈<br>ဗိုလ်မှူးကြီး မင်းသန်း | အစား | ကြည်း ၂၄၃၄၈<br>ဗိုလ်မှူး စံဝင်းခိုင် |
| (၃) | လေ ၂၁၂၇<br>ဗိုလ်မှူးကြီး မောင်မောင်ဦး | အစား | ကြည်း ၁၈၆၄၅<br>ဗိုလ်မှူးချုပ် နိုင်ဝင်း |
| (၄) | ကြည်း ၂၇၉၇၈<br>ဒုတိယဗိုလ်မှူးကြီး သန်းလှိုင်ဝင်း | အစား | ကြည်း ၂၆၂၀၄<br>ဗိုလ်မှူး ရဲထွန်း |
| (၅) | ကြည်း ၃၀၃၇၁<br>ဒုတိယဗိုလ်မှူးကြီး ရဲထွန်းနိုင် | အစား | ကြည်း ၂၀၃၁၃<br>ဗိုလ်မှူး သန်းဝင်း |
| (၆) | ကြည်း ၃၁၂၂၅<br>ဒုတိယဗိုလ်မှူးကြီး အောင်ဇင်မင်း | အစား | ကြည်း ၂၅၂၃၃<br>ဗိုလ်မှူး ထင်ဇော်လွင် |
| (၇) | ကြည်း ၂၉၇၇၂<br>ဗိုလ်မှူး တင်အောင်ဝင်း | အစား | ကြည်း ၂၀၆၈၃<br>ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဦး |
| (၈) | ကြည်း ၃၀၅၃၉<br>ဗိုလ်မှူး မြတ်သိန်း | အစား | အင်န် ၈၂၇<br>ဗိုလ်ကြီး ဒေါ်တင်မာဆွေ |
| (၉) | ကြည်း ၃၃၂၆၁<br>ဗိုလ်မှူး ဟန်စိုးထွဋ် | အစား | အင်န် ၉၂၅<br>ဗိုလ်ကြီး ဒေါ်မြင့်မြင့်နွယ် |
| (၁၀) | လေ ၂၄၆၄<br>ဗိုလ်မှူး ရဲမြင့်လွင် | အစား | ကြည်း ၂၁၄၂၈<br>ဒုတိယဗိုလ်မှူးကြီး ကျော်မင်းလှိုင် |
| (၁၁) | လေ ၂၅၉၉<br>ဗိုလ်မှူး စိုးမင်းအေး | အစား | ကြည်း ၂၀၇၇၁<br>ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန့် |
| (၁၂) | လေ ၂၆၀၉<br>ဗိုလ်မှူး ကျော်လင်း | အစား | ကြည်း ၂၁၁၃၅<br>ဒုတိယဗိုလ်မှူးကြီး သောင်းစိန် |

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၉ /၂၀၁၇)**
**၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်**
**( ၂၀၁၇ ခုနှစ်၊ မေလ ၁၆ ရက် )**
**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၀) ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈. ၁ . ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၀) ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၀၃၃၁<br>ဗိုလ်မှူးချုပ် သက်ထွန်းအောင် | အစား | ကြည်း ၂၁၈၆၈<br>ဗိုလ်မှူးချုပ် ဇော်ဇော်နိုင် |
| (၂) | ကြည်း ၃၁၃၁၄<br>ဒုတိယဗိုလ်မှူးကြီး မျိုးထွန်းအောင် | အစား | ကြည်း ၂၁၉၃၄<br>ဗိုလ်မှူးကြီး အောင်ကျော်မိုး |
| (၃) | ကြည်း ၃၀၅၆၆<br>ဗိုလ်မှူး နေမျိုးကျော် | အစား | ကြည်း ၁၈၀၇၈<br>ဒုတိယဗိုလ်မှူးကြီး ခင်မောင်အုန်း |
| (၄) | ကြည်း ၃၁၂၇၄<br>ဗိုလ်မှူး မောင်မောင်ငြိမ်း | အစား | ကြည်း ၁၉၄၀၄<br>ဗိုလ်မှူးချုပ် တင်ဆွေ |
| (၅) | ကြည်း ၂၉၂၀၉<br>ဗိုလ်မှူး ကျော်နိုင်ဌေး | အစား | ကြည်း ၂၈၄၈၈<br>ဗိုလ်ကြီး ထွန်းထွန်းဌေး |
| (၆) | ကြည်း ၃၂၄၇၅<br>ဗိုလ်မှူး ဇော်လင်းအောင် | အစား | ကြည်း ၂၆၈၇၆<br>ဗိုလ်မှူး ရဲအောင်စော |
| (၇) | ကြည်း ၃၃၅၀၉<br>ဗိုလ်မှူး ရဲဝင့်စိုး | အစား | အင်န် ၉၂၈<br>ဗိုလ်ကြီး ဒေါ်သဇင်လှိုင် |
| (၈) | ကြည်း ၃၃၅၁၀<br>ဗိုလ်မှူး ရဲမင်းထွေး | အစား | ကြည်း ၁၉၀၂၇<br>ဗိုလ်မှူးကြီး ကောင်းကျော် |
| (၉) | ကြည်း ၃၃၅၁၈<br>ဗိုလ်မှူး မျိုးမောင်သိန်း | အစား | အင်န် ၈၅၀<br>ဗိုလ်ကြီး ဒေါ်သန်းသန်းဝင်း |
| (၁၀) | ရေ ၄၁၄၆<br>ဗိုလ်မှူး အောင်ဖြိုးကျော် | အစား | ရေ ၃၇၇၉<br>ဒုတိယဗိုလ်မှူးကြီး စိုးနိုင် |

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၀/၂၀၁၇)**
**၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်**
**(၂၀၁၇ ခုနှစ်၊ မေ လ ၁၆ ရက်)**
**တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်**
**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၂) ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၆) နှင့် ၁၄. ၁၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၈/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ကချင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၆၉၁၄<br>ဗိုလ်မှူး ဝင်းမျိုးအောင် | (အစား) | ကြည်း ၂၈၆၅၆<br>ဗိုလ်ကြီး ရန်နောင်မြင့် |

**ကယားပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၂) | ကြည်း ၂၂၅၈၂<br>ဗိုလ်မှူးကြီး ဇော်မျိုးတင် | (အစား) | ကြည်း ၂၈၅၇၀<br>ဗိုလ်ကြီး ရွှေတိုး |

**ကရင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၃) | ကြည်း ၃၀၇၄၅<br>ဗိုလ်ကြီး/ဗိုလ်မှူး ဦးကျော်အေး | (အစား) | ကြည်း ၂၇၃၈၄<br>ဗိုလ်ကြီး အောင်မြင့်ထွန်း |

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၄) | ကြည်း ၂၅၁၇၄<br>ဗိုလ်မှူး စောစိန်ကျော် | (အစား) | ကြည်း ၂၄၉၃၅<br>ဗိုလ်မှူးမျိုးဟိန်း |

**မကွေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၅) | ကြည်း ၃၂၅၇၁<br>ဗိုလ်မှူး မြင့်နိုင် | (အစား) | ကြည်း ၂၈၅၇၆<br>ဗိုလ်ကြီး ထွန်းမြင့်လတ် |

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၆) | ကြည်း ၂၉၅၁၈<br>ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်အောင် | (အစား) | ကြည်း ၂၈၈၀၇<br>ဗိုလ်ကြီး တိုးအောင်မြင့် |
| (၇) | ကြည်း ၃၁၁၆၆<br>ဒုတိယဗိုလ်မှူးကြီး အောင်စည်မျိုး | (အစား) | ကြည်း ၂၉၀၃၇<br>ဗိုလ်ကြီး စိုးနိုင် |

**ရခိုင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၈) | ရေ ၄၀၆၂<br>ဗိုလ်မှူး ကောင်းမြတ်စိုး | (အစား) | ကြည်း ၂၈၆၉၈<br>ဗိုလ်ကြီး သိန်းဆွေမြင့် |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၉) | ရေ ၄၀၁၂<br>ဒုတိယဗိုလ်မှူးကြီး သန်းနိုင် | (အစား) | ကြည်း ၃၀၆၈၁<br>ဗိုလ်ကြီး ရဲအောင် |

**ရှမ်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁၀) | ကြည်း ၂၉၆၉၉<br>ဒုတိယဗိုလ်မှူးကြီး တင်မျိုးနောင် | (အစား) | ကြည်း ၁၉၀၃၅<br>ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကို |
| (၁၁) | ကြည်း ၃၀၅၄၅<br>ဒုတိယဗိုလ်မှူးကြီး ညီညီတင် | (အစား) | ကြည်း ၂၃၈၁၄<br>ဒုတိယဗိုလ်မှူးကြီး ကျော်သူရ |
| (၁၂) | အင်န် ၅၆၄<br>ဗိုလ်မှူး ဒေါ်နှင်းယုကျော် | (အစား) | ကြည်း ၂၃၈၂၁<br>ဒုတိယဗိုလ်မှူးကြီး လှိုင်းထွန်းအောင် |

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ကြေးမုံ

# ရွှေတိဂုံစေတီတော်မြတ်နှင့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်

မြန်မာနိုင်ငံ၌ နိုင်ငံတကာက အလွန်စိတ်ဝင်စားကြသော အမွေအနှစ် မျိုးစုံရှိနေသည်။ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အမွေအနှစ်များ၊ လူသားမျိုးနွယ်ဆက် အဦးအစထိ ခြေရာကောက်နိုင်သော သမိုင်းဆိုင်ရာ အမွေအနှစ်များ၊ ပြီးလျှင် မြို့ကြီးများရှိ မြို့ပြအမွေအနှစ်များ၊ ကျေးလက်တောရွာများမှ ရိုးရာဓလေ့အမွေအနှစ်များ။

သည်လို အမွေအနှစ်အမျိုးမျိုးက အရှေ့၊ အနောက်၊ တောင်၊ မြောက် ဝဲ၊ ယာ မြန်မာနိုင်ငံတစ်ဝန်းမှာ ရှိနေသည်။ မြောက်ဘက်ဖျားမှသည် တောင်ဘက်ဖျားထိ၊ အရှေ့စွန်းမှသည် အနောက်စွန်းထိ။ မြန်မာနိုင်ငံ နေရာအနှံ့မှာရှိနေသော သဘာဝအမွေအနှစ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သမိုင်းအမွေအနှစ်များ. . .။

ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်၊ မြို့ရိုးနန်းတော်၊ မြေခင်းအိမ်ရာ အစရှိသော အဆောက်အအုံများမှစ၍ သစ်ပင်တောအုပ်ကြီးများ၊ ရေကန်ကျယ်ကြီးများ၊ ညို့မှိုင်းတောင်တန်းများ၊ ရောင်စုံလွင်ပြင်များစသည့် ရုပ်ဒြပ်ပစ္စည်းအမျိုးမျိုးရှိသလို၊ ကိုးကွယ်ယုံကြည်မှုအဖုံဖုံကို အခြေပြုသည့်ထုံးတမ်းစဉ်လာဓလေ့အစုံစုံ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဒေသအသီးသီးတို့၏ ဆယ့်နှစ်ရာသီပွဲအစရှိသည့် ရိုးရာယဉ်ကျေးမှုအလေ့အထအမျိုးမျိုးစသည့် ဒြပ်မဲ့အမွေအနှစ်တို့ကလည်း ကြွယ်ကြွယ်ဝဝရှိနေသည်။

မြန်မာနိုင်ငံတွင်းမှာ ဤကဲ့သို့သော ထိန်းသိမ်းစရာ အမွေအနှစ်တို့ အများအပြားရှိနေသည်နှင့်တစ်ပြိုင်နက်တည်းတွင် သည့်ထက်တိုးတက်ဖွံ့ဖြိုးမှုအတွက် ချဲ့ထွင်တည်ဆောက်စရာတို့ကလည်း အများအပြားရှိနေပြန်သည်။ ထိန်းသိမ်းစရာနှင့် တိုးချဲ့တည်ဆောက်စရာတို့၏ အချိန်အဆက စီမံကိန်းရေးဆွဲသူများအတွက် အရေးကြီးသော စိန်ခေါ်မှုများဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေါင်းဆောင်တာဝန်ယူဆောင်ရွက်နေကြသူများအားလုံးတွင် ရေရှည်အကျိုးစီးပွားကို ကြည့်တတ်သည့် ဉာဏ်ကြီးကြီး အမြော်အမြင်ကြီးကြီးရှိကြဖို့လိုပါလိမ့်မည်။

ဧပြီ ၁၄ ရက်က ရွှေတိဂုံစေတီတော် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရေးအတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကိုက ခေါင်းဆောင်ပြီး ယူနက်စကိုအပါအဝင် ပြည်တွင်းပြည်ပမှ ပညာရှင်များနှင့်အတူ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တို့ စုရုံးစည်းဝေးဆွေးနွေးခဲ့ကြသည်။ ရွှေတိဂုံစေတီတော်ကြီးကို ကမ္ဘာသူကမ္ဘာသားတို့ကပါ မြတ်နိုးတန်ဖိုးထားကြသည့်အားလျော်စွာ မည်သို့မည်ပုံ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ရန် လုပ်ကြမည်နည်းဆိုသည်ကို အဓိကထားစဉ်းစားဆွေးနွေးခဲ့ကြသည်။

ရွှေတိဂုံစေတီတော်ကြီးက ဗုဒ္ဓဘာသာဝင်တို့အတွက်သာမက မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးအတွက် လွန်စွာတန်ဖိုးကြီး မြင့်မြတ်ခမ်းနားလှသော အမွေအနှစ်ဖြစ်ပါ၏။ သာသနာ့အမွေအနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်၊ သမိုင်းအမွေအနှစ်တို့အဖြစ် ကြီးကျယ်ခမ်းနားလှသော မြန်မာနိုင်ငံ၏ ရှင်သန်နေသော အမွေအနှစ်ဖြစ်ပါ၏။

အရုဏ်တက်ချိန်မှစ၍ ညဉ့်နက်သည်ထိ ဘုရားဖူးများနှင့် နေ့စဉ် စည်ကားနေသည့် စေတီတော်ကြီး ဖြစ်ပါ၏။ ပြည်တွင်း နယ်ပယ်အသီးသီးနှင့် နိုင်ငံတကာမှ ဧည့်သည်များ နေ့ညမပြတ်စည်ကားနေသည့် စေတီတော်ကြီး ဖြစ်ပါ၏။

ရန်ကုန်မြို့ဟုဆိုလျှင်၊ မြန်မာနိုင်ငံဟုဆိုလျှင် တစ်ကမ္ဘာလုံးက ရွှေတိဂုံစေတီတော်ကြီးနှင့် ယှဉ်တွဲကာသိမှတ်တန်ဖိုးထားနေကြခြင်း ဖြစ်ပါ၏။ ရန်ကုန်မြို့သို့ ဝင်ပြီဆိုသည်နှင့် ရွှေတိဂုံစေတီတော်ကြီးကို ဦးခိုက်ဖူးမြင်နေရသည်ကပင် ခမ်းနားလှသော ကျက်သရေရှိမှုဖြစ်နေပါပြီ။

အယုတ်အလတ်အမြတ်မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ရာထူးဂုဏ်သိန် မြင့်မားနိမ့်ကျမရွေး မည်သူမဆို ရန်ကုန်မြို့၏ နေရာအနှံ့လိုလိုက လှမ်းမြင်ဖူးမြင်ခွင့်ရခြင်းကပင် မြန်မာပြည်သူလူထုအတွက် မြင့်မြတ်လှသော ဆုလာဘ်ကြီးတစ်ခုပါပင်။

သည်လို မြင့်မြတ်ခမ်းနားလှသော စေတီတော်ကြီးကို ရေရှည်တည်တံ့ ကြည်ညိုလေးမြတ်ဖွယ်ဖြစ်အောင် နိုင်ငံသူ နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်လိုကြ၏။ စေတီတော်ကြီးအနေဖြင့်သာမက စေတီတော်ကြီး၏ဝန်းကျင်၊ မြို့တော်နှင့် ယှဉ်တွဲပန်းရ တင့်တယ်ကျက်သရေရှိမှုကိုပါ ထိန်းသိမ်းစောင့်ရှောက်ကြရန် ဖြစ်ပါသည်။ ဤသို့သော ထိန်းသိမ်းစောင့်ရှောက်မှုသည် ဉာဏ်အမြော်အမြင်နှင့်ယှဉ်သော ထိန်းသိမ်းစောင့်ရှောက်မှုဖြစ်ရန်လိုပါမည်။

ထို့အတူ ရန်ကုန်မြို့ဖွံ့ဖြိုးတိုးတက်လာသည့်အခါ မြို့၏ဂုဏ်အင်္ဂါနှင့်အညီ အဆောက်အအုံလူနေတိုက်တာများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ဖြစ်ပါ၏။ သို့သော်လည်း ယင်းဖွံ့ဖြိုးတိုးတက်မှုများသည် ဉာဏ်အမြော်အမြင်နှင့်ယှဉ်သော ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ရန်လိုပါမည်။

ယခုအခါ အထပ်မြင့်ကွန်ဒိုအဆောက်အအုံကြီးများ ကြော်ငြာရာတွင် ရေကူးကန်ထဲတွင် ရေစိမ်နေရင်း ရွှေတိဂုံစေတီတော်ကြီးကို ခပ်လှမ်းလှမ်း၌ ဖူးမြင်နိုင်ပုံနှင့် ဆွဲဆောင်ကြ၏။

သည်လိုစေတီတော်ကြီးတစ်ဆူသည် လူကုံထံတို့ ရေကူးရင်း၊ ယမကာမှီဝဲရင်း စည်းစိမ်ခံမှုတစ်ခုအနေဖြင့် ခံစားနိုင်ရန်အတွက် အသုံးပြုဖို့ကြိုးစားသော တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းမျိုးကတော့ မသင့်လျော်ဟု ထင်ပါသည်။

ငွေကြေးတတ်နိုင်သူတို့၏ အိမ်ခန်းထဲမှ ဖူးမြင်နိုင်သည့် အထပ်မြင့် အဆောက်အအုံများကြောင့် မြို့မြင်ကွင်း နေရာအနှံ့မှ ဝပ်တွားဖူးမြင်နိုင်သော သာမန်ပြည်သူတို့၏ မြင်ကွင်းများ ပိတ်ဆို့ကွယ်ပျောက်စပြုနေသည်ကို အလေးထားသင့်ပါပြီ။

ရွှေတိဂုံစေတီတော်၏ ဂုဏ်တော်ကြီးမြင့်မှုသည် ဆင်းရဲချမ်းသာမရွေး ပြည်သူအားလုံးတို့နှင့် သက်ဆိုင်သော အမွေအနှစ် ဖြစ်ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ရန် အလေးပေးဦးဆောင်မှုကို ကျေးဇူးတင်ရပါသည်။

ထို့အတူ ရွှေတိဂုံစေတီတော်ကြီးကို နိုင်ငံတကာမှ ပြည်သူတို့က ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိမှတ်ပြုကြခြင်းသည်လည်း မြန်မာတို့အတွက် ဂုဏ်တက်စရာဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးကို မြန်မာ့အမွေအနှစ်အဖြစ် တန်ဖိုးထားမြတ်နိုးကာ ဉာဏ်အမြော်အမြင်ရှိရှိဖြင့် မှန်မှန်ကန်ကန် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ခြင်းမှာမူ ပို၍ အရေးကြီးဆုံး ဖြစ်ပါလိမ့်မည်။ ။




## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် မေ ၁၆**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (14th ACDFIM) တက်ရောက်ရန်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်ပုံနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ ယာယီတာဝန်ခံ Ms. Stephnie Alexis A.Cruz နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ည ၇ နာရီတွင် ဖိလစ်ပိုင်နိုင်ငံ Ninoy Aquino လေဆိပ်သို့ ရောက်ရှိကြရာ ဖိလစ်ပိုင်တပ်မတော်မှ Brigadier General Pedro A Sumayo၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံစစ်သံမှူး Colonel Vincete Mark P.Blanco III နှင့် ဖိလစ်ပိုင်တပ်မတော်မှ အရာရှိကြီးများ၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းနိုင်၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီးဝင်းမြတ်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ (၁၄)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (14th ACDFIM) ကို မေ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးကာလအတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များသည် သီးခြားစီတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


## ပထမဦးဆုံး မြန်မာကျပ်ငွေများထုတ်ဝေခဲ့သည့် အဆောက်အအုံတွင် အပြာရောင်ကမ္ပည်းပြားတပ်ဆင်

**ရန်ကုန် မေ ၁၆**

ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့၏(၁၈)ခုမြောက် ရန်ကုန်မြို့ပြအမွေအနှစ် အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ ရန်ကုန်စတော့အိတ်ချိန်း(ယခင် ပြည်ထောင်စုဘဏ်)အဆောက်အအုံတွင် တပ်ဆင်ကြောင်း သိရသည်။

အဆိုပါအဆောက်အအုံကို မူလက အိန္ဒိယရီဇတ်ဖ်ဘဏ်အဖြစ် အသုံးပြုရန် ဒီဇိုင်းရေးဆွဲခဲ့ပြီး ၁၉၃၉ခုနှစ် မတ်လတွင် တည်ဆောက်ပြီးစီးခဲ့သည်။ ရီဇတ်ဖ်ဘဏ် မတည်ဆောက်မီက ယင်းမြေနေရာတွင် ရီကော်ဒါတရားရုံး တည်ရှိခဲ့ကြောင်း၊ အိန္ဒိယရီဇတ်ဖ်ဘဏ်ကို ၁၉၃၅ ခုနှစ် တွင် တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ အိန္ဒိယမှ ခွဲထွက်သည့် ၁၉၃၇ ခုနှစ်တွင် ရန်ကုန်ဘဏ်ခွဲကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဂျပန်ခေတ်သို့ရောက်ရှိသည့်အခါ ယင်းအဆောက်အအုံကို ဗမာနိုင်ငံတော်ဘဏ် (People's Bank of Burma)အဖြစ် အသုံးပြုပြီး ဂျပန်ခေတ်ငွေစက္ကူများကို ထုတ်ဝေခဲ့ကြောင်း၊ လွတ်လပ်ရေးရအပြီး ၁၉၄၈ ခုနှစ်တွင် အဆိုပါအဆောက်အအုံ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်ကို တည်ဆောက်ခဲ့ပြီး ၁၉၅၂ ခုနှစ် ဇူလိုင် ၁ ရက်တွင် ပထမဦးဆုံး မြန်မာကျပ်ငွေကို ယင်းအဆောက်အအုံ၌ပင် ထုတ်ဝေခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဖြစ် ပြန်လည်ဖွဲ့စည်း၍ ရန်ကင်းမြို့သို့ ပြောင်းရွှေ့ခဲ့ကြောင်း၊ ထို့နောက် အဆောက်အအုံကို မြဝတီဘဏ်မှ နှစ်အတန်ကြာအသုံးပြုခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ရန်ကုန်စတော့အိတ်ချိန်းကို ငှားရမ်းဖွင့်လှစ်အသုံးပြုစေခဲ့ကြောင်း သိရသည်။




ယနေ့တပ်ဆင်သည့် အပြာရောင်ကမ္ပည်းပြားတွင် "အိန္ဒိယရီဇတ်ဖ်ဘဏ်အဖြစ် ၁၉၃၉ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ အသုံးပြုခဲ့ရာမှ လွတ်လပ်ရေးရပြီးနောက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်အဖြစ် ပြောင်းလဲခေါ်ဆိုခဲ့သည်။ ပထမဆုံးမြန်မာကျပ်ငွေကို ဤဘဏ်မှ ၁၉၅၂ ခုနှစ် ဇူလိုင် ၁ ရက်တွင် စတင်ထုတ်ဝေခဲ့သည်" ဟု ရေးထိုးထားသည်။ အဆိုပါကမ္ပည်းပြားတပ်ဆင်ခြင်း အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ဖွင့်လှစ်ပေးသည်။

**(ဇာနည်မောင်)**

# စာဖတ်ခြင်း၌ မွေ့လျော်စေချင်

မသဇင်

**(ယမန်နေ့မှအဆက်)**

ကလေးများသည် အလွန်မြန်ဆန်သော၊ ကြီးမားသော အတုယူသမားများလည်း ဖြစ်ကြပါသည်။ ထို့ကြောင့် မိဘများက စံပြအဖြစ် နေပြရပါမည်။ ကလေးများက မိမိမိခင်သည်လည်းကောင်း၊ ဖခင်သည်လည်းကောင်း တကယ့်စာဖတ်သမားများဖြစ်ကြပြီး စာအုပ်မှာ မွေ့လျော်ကြကြောင်းကို ထင်မြင်စေရန် နေပြရပါမည်။ မိမိနှင့် စာအတူတကွ လိုက်ဖတ်ရန်လည်း တိုက်တွန်းနှိုးဆော်ပေးရပါမည်။ အသံနေအသံထားဖြင့် ရွတ်ရသော ကဗျာများ၊ သီချင်း စသည်တို့ကို အတူတကွရွတ်ဆိုကြခြင်း၊ သီဆိုကြခြင်း ဖြစ်ပါသည်။ ကြားဖန်များလာသောအခါ အလွတ်ရလာပြီး ပျော်ရွှင်စွာ ရွတ်တတ်ဖတ်တတ်လာပါမည်။

ကြိုးစားကြည့်ရန်တစ်ခုမှာ ကလေး၏ ကျောင်းတွင်စားမည့် နေ့လယ်စာ ထမင်းဘူးတွင် ထိထိမိမိ ချစ်စဖွယ်စာတိုလေးများ ရေးပေးလိုက်ခြင်း ဖြစ်ပါသည်။ "သမီးကြိုက်တဲ့ မုန့်လေးစားပြီးမှ ဆော့နော်-မှ-မေမေ" စသည်ဖြင့် လည်းကောင်း၊ "ကုန်အောင်စားပြီးမှ ကစားနော် သားလေး- မှ - ဖေဖေ"ဟု လည်းကောင်း၊ "နီတာရဲ့ ခဲတံပြန်ပေးလိုက်ဦးနော်-မှ-ဘိုးဘိုး" ဟု လည်းကောင်းစသည်ဖြင့် ကလေးများ ဆာဆာနှင့် နေ့လယ်စာ စားရင်း သောက်ရင်းဖြင့် စာဖတ်ချင်အောင် မလွတ်တမ်း မသိမသာ နှိုးဆော်ပေးရာ ရောက်ပါသည်။

ထို့ပြင် ကလေးများကို စာဖတ်စေပြီး မိမိကအခုမှ သိရကြားရဖူးသည့်နှယ် စိတ်ဝင်တစား နားထောင်ကြခြင်းသည်လည်း စာဖတ်ရှိန်တက်၍ စိတ်အားသန်စေပါသည်။ ကြိုးစားပမ်းစားဖတ်ပြသည်ကို ကျောလေးပွတ်သပ်၍ အားပေးခြင်း၊ ရိုးရိုးလေးချီးမွမ်းခြင်း၊ ဥပမာ "ကလေးက ကြိုးစားလိုက်တာ"၊ "ဒီလိုလေးတွေးတာ ကောင်းတာပေါ့"၊ "ငါ့သားကတော့ တကယ့်စာသမားပဲဟေ့"၊ "ဒီအတိုင်းသာဆို ငါ့သမီးလေးကို စာစီစာကုံးပြိုင်ပွဲသွင်းရမယ်ဟေ့" စသည်ဖြင့် မိဘများ၏ချီးမွမ်းသံသည် ကလေးတို့ကို တက်ကြွသော စာဖတ်သမားကောင်းတစ်ယောက်ဖြစ်ရန် တိုက်တွန်းစေ့ဆော်ရာ ရောက်ပါသည်။

**နေရင်းထိုင်ရင်း စာဖတ်နိုင်စေသည့်၊ စာကြွယ်ဝစေသည့် နည်းသွယ် ၁၀ ချက်**

မိနှင့်ဖတို့သည် မိမိအိမ်ထောင်၏ စီးပွားရေး၊ စားရေးသောက်ရေး၊ ဝတ်ရေး နေရေး၊ ကျန်းမာရေး၊ လူမှုရေးအဖြာဖြာတို့အတွက် လှုပ်ရှားရုန်းကန်နေရသည့်အထဲ ကလေးနှင့်ထိုင်ပြီး အချိန်ပေးစာဖတ်ရန် ဘယ်လိုလုပ်ရပါ့မလဲဟု ကျောင်းထားတာတောင်တော်လှ၊ ကုန်ဈေးနှုန်းကတက်ရတဲ့အထဲ၊ လူဆယ်ကိုယ်ခွဲရှာတောင် မလောက်ရတဲ့အထဲဟု တွေးကောင်းတွေးမိကြပါမည်။ ပူစရာ မရှိပါ။ နေ့စဉ်ကိစ္စရပ်များကို လည်ပတ်လှုပ်ရှားရင်းနှင့်ပင် မိမိကလေးကို စာဖတ်ရှိန်တွန်းအားပေးသော လွယ်ကူသည့်နည်းလမ်းများစွာ ရှိနေပါသည်။

**အစာလည်းဦးနှောက်**

နေ့စဉ်သုံးစွဲနေသော အစာထုပ်များ၊ ဘူးများ၊ အချိုအချဉ်ထုပ်များ၊ အအေးပုလင်းများပေါ်ရှိ စက္ကူပြတ်များ၊ တံဆိပ်များ၏ စကားလုံးအားလုံးသည် စားရင်းသောက်ရင်း ကလေးကို ဖတ်ပြခြင်း၊ ဖတ်စေခြင်းလုပ်၍ ရပါသည်။ "အမေ့ကို ဖတ်ပြပါဦး သားရဲ့၊ အမေမဖတ်တတ်လို့" စသည်ဖြင့် ကလေးကို ဆရာတင်ခြင်းသည်လည်း တွန်းအားပေးမှုတစ်မျိုးပါ။

**စာလုံးများ၏ ကမ္ဘာ**

ကြော်ငြာဆိုင်းဘုတ်ကြီးများ၊ လမ်းပေါ်မှ လမ်းသင်္ကေတများ၊ လမ်းအမည်များ၊ ဘူတာရုံရှိ စာလုံးကြီးများ၊ ဈေးဝယ်ရာဌာနကြီးများရှိ လမ်းညွှန်သင်္ကေတများသည် ကလေးများကို စာဖတ်တိုးတက်ရန် ပြထားသော ကမ္ဘာ့စာလုံးများဖြစ်ပါသည်။ အချိန်နှင့်အမျှ လှုပ်ရှားရုန်းကန်နေရသော မိဘများသည် မိမိရင်သွေးကို သွားလာရင်းပင် ပတ်ဝန်းကျင်ရှိ စာလုံးများကို အကူအညီပေးဖတ်စေနိုင်၊ နားထောင်နိုင်သော နည်းဖြစ်ပါသည်။ ထိုလမ်းညွှန်စာများသည် မည်မျှ အသုံးဝင်ကြောင်း ကိုယ်တိုင်သဘောပေါက်စေပါသည်။ ဥပမာ ကျား၊ မ အိမ်သာရှာခြင်း၊ ဗိုက်ဆာ၍ စားသောက်ဆိုင်ရှာခြင်းစသည်တို့သည် အလွန်ကောင်းသော လူမှုရေးဆိုင်ရာ အလေ့အကျင့်ဖြစ်ပါသည်။

**သူငယ်ချင်းများထံစာရေးပါစေ**

မိခင်က ထမင်းဟင်းချက် (သို့မဟုတ်) မီးပူတိုက်နေစဉ်အချိန်တွင် ကလေးကို သူငယ်ချင်းထံ စာရေးခိုင်းခြင်း (သို့မဟုတ်) တစ်ယောက်ယောက်မှ ရလာသောစာကို ဖတ်စေခြင်းစသည့် အလုပ်များကို မိဘက မသိမသာ ကလေးအတွက် စာဖတ်လေ့ကျင့်ကောင်းကို ကူညီပံ့ပိုးနိုင်ပါသည်။

**မိမိနှင့်အတူ ချက်နည်းစာအုပ်ဖတ်ပါစေ**

မိခင်ကသော်လည်းကောင်း၊ ဖခင်ကသော်လည်းကောင်း မိသားစုအတွက် ချက်ပြုတ်ပြင်ဆင်နေစဉ် မိမိနှင့်အတူ ကလေးကို ချက်နည်းပြုတ်နည်း အညွှန်းများ ဖတ်ကြည့်ပါစေ။ ကလေးကိုလည်း ဖတ်ပြခိုင်း၍ နားထောင်ပြီး "မေမေ ဆီဘယ်နှဇွန်းသုံးရမလဲ၊ ကြက်သွန်နီက ဘယ်နှခုလဲ" စသည်ဖြင့် ထပ်ခါထပ်ခါ ဖတ်ပါစေ။ "ကြက်သားအစား မေမေက ဝက်သားဝယ်လာမိလို့ ဖြစ်တယ်တဲ့လား။ နံနံပင်ကို ဖြူးရမှာလား၊ သေသေချာချာ ဖတ်ပြပါဦး သားလေးရဲ့။ သမီးလေးရဲ့" စသည်ဖြင့် မလွတ်တမ်း လေ့ကျင့်ပေးနိုင်ပါသည်။

**အထူးမှတ်တမ်းစာအုပ်လေးများထားခြင်း**

သတင်းစာ၊ ဂျာနယ်တို့မှ အထူးစိတ်ဝင်စားဖွယ်ရာများကို စုဆောင်း၍ ဖြတ်၊ ညှပ်၊ ကပ်ခြင်းတို့ကို အလေ့အကျင့် ပေးပါ။ အတူတူ သူ့အကြိုက်၊ ကိုယ့်အကြိုက် ရွေးပါ။ ဖြတ်၊ ညှပ်၊ ကပ်လုပ်ပါ။ စာအုပ်ကြမ်း (သို့မဟုတ်) ဘုတ်ပြားပေါ်တွင် ကပ်ပါစေ။ ထို့အပြင် နွေရာသီဘုရားဖူး ခရီးထွက်ခြင်း အတွေ့အကြုံ၊ ကြည့်ပြီးသော ရုပ်ရှင်ကားနှင့် ဖတ်ပြီးသော စာအုပ်များကို စာရင်းပြုစုရေးမှတ်ခြင်း စသည်တို့သည် စာရေးဝါသနာပါပြီး မှတ်တမ်းမှတ်ရာလုပ်တတ်သော အလေ့အထကို ရစေပါသည်။

**အဖြူအမည်း စာပေကိုပါဖတ်စေခြင်း**

အဖြူအမည်း စာပေဟုခေါ်သော သတင်းစာများကို ဖခင်နှင့်အတူလည်းကောင်း၊ မိခင်နှင့်အတူလည်းကောင်း ဖတ်ပါစေ။ အထူးသဖြင့် ကလေးကဏ္ဍနှင့် ကာတွန်းရုပ်ပြောင်များကို စိတ်ဝင်စားတတ်ပါသည်။ ကလေးကြိုက်သော ကာတွန်းများကို သတင်းစာမှ ဖြတ်၍ စာအုပ်တစ်ခုတွင် ကော်ကပ်စေခြင်းဖြင့် စုဆောင်းပါ။ ၎င်းဖြတ်ညှပ်ကပ်စာအုပ်ကို အခြားသော သူငယ်ချင်းများကို ပေးဖတ်၊ ပေးကြည့်ပြီး ဂုဏ်ယူဝင့်ကြွားတတ်ပါစေ။

**ဆုမွန်တောင်းကတ်ပြားများကို ကိုယ်တိုင်လုပ်ပါစေ**

မိသားစုဝင်များအတွက်လည်းကောင်း၊ သူငယ်ချင်းများအတွက်လည်းကောင်း၊ မွေးနေ့ဆုတောင်းကတ်များ၊ နှစ်သစ်နှင့် ရာသီအခါသမယအလိုက် ဆုတောင်းကတ်လေးများကိုလည်းကောင်း၊ ပုံလေးများဆွဲခြင်း၊ ပန်းခြောက်လေးများကပ်ခြင်း၊ ဆုမွန်တောင်းစာလေးများရေးသားခြင်း စသည်ဖြင့် အားလပ်ချိန်ခါများတွင် မိခင်၊ ဖခင်၊ အစ်ကို၊ အစ်မ၊အဘိုးအဘွားများက ကူညီ၍ ကိုယ်တိုင်လုပ်ခြင်း၊ ရေးခြင်းကို ဂုဏ်ယူတတ်ရန် လေ့ကျင့်ပေးနိုင်ပါသည်။

**မှတ်တမ်းမှတ်ရာရှိပါစေ**

ကလေးတို့၏ ကိုယ်အလေးချိန်မှတ်တမ်း၊ ကာကွယ်ဆေးထိုးမှတ်တမ်း၊ စာမေးပွဲမှတ်တမ်း၊ ဖွံ့ဖြိုးရေးနှင့် အားကစားတွင် ဆုရမှတ်တမ်းများကို ထားပေးခြင်းဖြင့် ကလေးက ဆက်လက်၍ မှတ်တမ်းတင်သွားနိုင်ပြီး ကောင်းသော အလေ့ကို ရသွားနိုင်ပါသည်။ မိဘက အစပြုပေးပြီး နောင်တွင် ကလေး ကိုယ်တိုင်မှတ်တမ်းတင်အလေ့အကျင့်၊ ပြန်လည်ကြည့်ရှု၍ ပီတိခံစားစေခြင်းများကို လုပ်နိုင်ပါသည်။

**စာတိုက်မှစာပို့ခြင်းကို လုပ်ပါစေ**

ကလေးတို့သည် သူတို့ဖတ်သော၊ ကြိုက်သော ပုံပြင်ဝတ္ထု၊ ကာတွန်း၊ ကဗျာစသည်တို့ကို ပြုစုရေးသားသော စာရေးဆရာ၊ ပန်းချီဆရာ၊ ကဗျာဆရာကြီးတို့ကို ကြည်ညိုတတ်ကြပါသည်။ ထိုဆရာကြီးတို့ထံ စာရေး၍ မိတ်ဆက်ရ၊ ချီးမွမ်းရ၊ ဝေဖန်ရသည်ကို ပျော်ရွှင်နှစ်သက်တတ်ပါသည်။ ရေးခွင့် ပေးစေလိုပါသည်။ ရေးပြီးသော စာကိုလည်း မိခင်၊ ဖခင်က ကူညီ၍ စာအိတ် ဝယ်ပေး၊ တံဆိပ်ခေါင်းဝယ်ပေး၊ စာတိုက်သို့ပို့ပေး၍ ထည့်စေခြင်းတို့ကို ကူညီပံ့ပိုးပါ။ ထိုနေ့လောက်ပျော်ရွှင်စွာဖြင့် စိတ်လှုပ်ရှားနေမည့် သင့်ကလေးကို သင့်တစ်သက်တာတွင် မေ့နိုင်တော့မည် မဟုတ်ပါ။

**သူတို့၏ ဆန္ဒကို ရေးသားတင်ပြစေခြင်း**

သားသားမည်သူ၏ မွေးနေ့ကို သွားပါရစေ၊ သမီး ဘာအရုပ်လိုချင်တယ်၊ သားသားဘယ်ရုပ်ရှင်ကြည့်ချင်တယ်၊ သားသားဘယ်ကို သွားချင်တယ်၊ သမီး ရုပ်ပြစာအုပ်ဝယ်ချင်တယ် စသည်ဖြင့် သူတို့လေးတွေ၏ အလိုဆန္ဒများကို မိခင်နှင့် ဖခင်ထံ စာရေးသား စာရင်းပြုစု၍ ဆန္ဒမွန်များတင်ပြခြင်း စားပွဲ (သို့မဟုတ်) ဗီရို(သို့မဟုတ်) ခြင်းထဲတွင် ထည့်ထားစေပြီး ကိုယ့်ဆန္ဒကို တင်ပြတတ်လာစေပါသည်။

စာဖတ်ခြင်းတည်းဟူသော အရသာကို ကလေးငယ်များ ခံစားဖမ်းယူ မွေ့လျော်တတ်ရန် မိဘများအနေဖြင့် လုပ်ရင်းကိုင်ရင်း၊ နေရင်း ထိုင်ရင်း အထက်ပါအတိုင်း ကူညီပံ့ပိုးသွားနိုင်သလို အားလပ်ရက်များတွင် ဗီဒီယိုကြည့်၊ ရုပ်ရှင်ကြည့် စသည်ဖြင့် နေကြမည့်အစား အစားအသောက်များ ထုပ်ပိုး၍ မိသားစု ပျော်ပွဲစားထွက်လည်ပါ။ ကစားရန် ပစ္စည်းပစ္စယများ ဥပမာ ဂိမ်းများ၊ ဖဲထုပ်ကဲ့သို့ ကစားစရာများ၊ အခြားကစားစရာပစ္စည်းများ ယူသွားသကဲ့သို့ ဖတ်စရာကိုယ်စီကိုယ်ငသယ်၍ စားပြီးသောက်ပြီးသောအခါ အရိပ်ရပင်ကြီးအောက်တွင် သက်သောင့်သက်သာလှဲချပြီး မဂ္ဂဇင်း၊ ဂျာနယ်၊ ဝတ္ထုများ၊ ကြိုက်နှစ်သက်ရာ စာအုပ်များဖြင့် စာပေအရသာခံကြည့်နိုင်ပါသည်။ မိဘကလုပ်လျှင် မိခင်၊ ဖခင်ကို ကြည့်၍ အတုခိုးတတ်သော ကလေးတို့သည်လည်း ၎င်းတို့ဆိုင်ရာ စာအုပ်ပုံပြင်၊ ကာတွန်းတို့ကို ဖတ်ဖြစ်ပါလိမ့်မည်။

ထို့ပြင် မိမိ၏ ကလေးများကို ပြည်သူ့စာကြည့်တိုက်ကြီးများ၊ ရပ်ကွက်စာကြည့်တိုက်များသို့ ခေါ်ဆောင်သွားပြီး အားလပ်ချိန်ကို အကျိုးရှိစွာဖြင့် စာပေ၌ မွေ့လျော်ခြင်းတည်းဟူသော အမွေအနှစ်ကို စွဲမြဲသွားစေရန် လုပ်ပေးနိုင်ပါသည်။ ယခုအခါ ရွေ့လျားစာကြည့်တိုက်များလည်း ပေါ်ပေါက်လာပြီဖြစ်ရာ ကိုယ်တိုင်လက်ဆွဲ၍ မိမိကလေးကို ပို့ပေးခြင်း၊ ငှားစေခြင်း၊ ပြန်အပ်စေခြင်း၊ ဖတ်မှတ်စေခြင်းလုပ်နိုင်ပါသည်။

ခေတ်အခါသမယကိုက ရှုပ်ထွေးသော စက်မှုကမ္ဘာကြီးဖြစ်နေ၍ ပွတ်သိပ်နေသော မွန်းကျပ်သည့် လောကကြီးထဲတွင် စာအုပ်သည်သာ သာယာသော၊ ညီညာပြေပြစ်သော၊ တိတ်ဆိတ်၍ စိတ်ချမ်းသာယာစေသော ပံ့ပိုးနိုင်သည့် အရာအဖြစ် ရှိနေ၊ ကျန်နေပါသည်။ ရင်သွေးငယ်လေးများ စာဖတ်ခြင်းဖြင့်၊ တည်တည်ငြိမ်ငြိမ် အတွေးအခေါ်မှန်မှန်ဖြင့် ရင့်ကျက်မွေ့လျော်တတ်စေရန် ဤဆောင်းပါးပါ အချက်အလက်များကို အဘိုးအဘွား၊ မိဘ၊ အစ်ကိုအစ်မ၊ ကြီးဒေါ်၊ ဘကြီး၊ ဦးလေးများက ကူညီလိုက်နာကျင့်သုံး၍ ကလေးကို ပံ့ပိုးကြစေလိုပါသည်။

ကမ္ဘာတွင် မြန်မာဟူသော ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်စကား၊ ကိုယ်ပိုင်ယဉ်ကျေးမှုများ မပျောက်မပျက်တည်တံ့နေနိုင်ရန် မိမိရင်သွေးလေးများကို လက်ဆင့်ကမ်း အမွေပေးခဲ့ရပါမည်။ ၎င်းအပြင် နိုင်ငံတော်အတွင်း လှည်းနေလှေအောင်း မြင်းဇောင်းမကျန် စာတတ်မှ စကားပြောလည်းကျွမ်း၊ အရေးအသားလည်း ကျွမ်းဝင်၍ တိုင်းရင်းသားအချင်းချင်း ဆက်သွယ်ရာ၌ နားလည်မှုအပြည့်ဖြင့် နိုင်ငံရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့တွင် ဆက်သွယ်လုပ်ဆောင်နိုင်မည်။

ကမ္ဘာတွင် မြန်မာဟူသော ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်စကား၊ ကိုယ်ပိုင်ယဉ်ကျေးမှုများ မပျောက်မပျက်တည်တံ့နေနိုင်ရန် မိမိရင်သွေးလေးများကို လက်ဆင့်ကမ်း အမွေပေးခဲ့ရပါမည်။ ၎င်းအပြင် နိုင်ငံတော်အတွင်း လှည်းနေလှေအောင်း မြင်းဇောင်းမကျန် စာတတ်မှ စကားပြောလည်းကျွမ်း၊ အရေးအသားလည်း ကျွမ်းဝင်၍ တိုင်းရင်းသား အချင်းချင်း ဆက်သွယ်ရာ၌ နားလည်မှုအပြည့်ဖြင့် နိုင်ငံရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့တွင် ဆက်သွယ်လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ ထိုနည်းတူစွာပင် ကမ္ဘာမှာ မြန်မာတို့ ရင်ပေါင်တန်းနိုင်ရန် နိုင်ငံတကာစာပေဟု ယခုအခါတွင် သတ်မှတ်ထားသော အင်္ဂလိပ်စာပေ၊ အင်္ဂလိပ်စကားတို့ကိုလည်း မိမိရင်သွေးငယ်လေးများကို သင်ကြားစေ၊ တတ်မြောက် စေရမည်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာ့ရင်သွေးလေးများအနေဖြင့် မိမိပိုင်စာပေ၊ ဆက်သွယ်ရာ စာပေ၊ မိမိပိုင်စကား၊ ဆက်သွယ်ရာ စကား၊ နိုင်ငံတကာစကားတို့ ကျွမ်းဝင်တတ်မြောက်စေရန်မှာ စာအုပ်စာပေသည်သာ "တစ်" နံပါတ်ဖြစ်သဖြင့် ကလေးတို့အားလုံးစာဖတ်ခြင်း၌ မွေ့လျော်စေရန် ကူညီပံ့ပိုးကြပါဟု အကြံဉာဏ်ကောင်းများ ဝေမျှလိုက်ရပါသည်။ ။

**ဝန်ခံချက်**

**နိုင်ငံခြားတိုင်းပြည်များ၏ စာပေထုတ်ဝေသူများထံမှ မိဘများထံပေးပို့သော အကြံပြုချက်စာတမ်းများအား မှီငြမ်းကိုးကားပါသည်။**



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဧရာဝတီတိုင်းဒေသကြီး သဘာဝဘေးနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကူးတို့ဆိပ်ကျေးရွာ မြစ်ရေတိုက်စားပြီး ကမ်းပါးပြိုမှုကြောင့် နေအိမ်များပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်စဉ်။ (သတင်းစဉ်)

❑ ကျောဖုံးမှ

အခမ်းအနားတွင် ဒုတိယသမ္မတအား မအူပင်ခရိုင်၊ ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်တို့မှ ခရိုင်အုပ်ချုပ်ရေးမှူးများက ဒေသတွင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက မြန်မာနိုင်ငံသည် ယခင်က သဘာဝဘေးဒဏ် ဖြစ်ပွားမှုနည်းပါးခဲ့သော်လည်း ယခုနောက်ပိုင်း မကြာခဏကြုံတွေ့နေရသောကြောင့် ပြည်သူအားလုံးသတိပြုရန် လိုအပ်ပါကြောင်း၊ သဘာဝဘေးနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်ခြင်းများ ထိထိရောက်ရောက်လုပ်မှသာလျှင် သဘာဝဘေးကျရောက်လာပါက ထိခိုက်ဆုံးရှုံးမှုနည်းပါးသက်သာမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာထားပြီး ပြည်သူနှင့်အတူ လက်တွဲကာ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံကိန်းချမှတ်ဆောင်ရွက်ရာတွင် စာရင်းအင်းအချက်အလက်များ မှန်ကန်တိကျရန် အရေးကြီးပါကြောင်း၊ ယင်းအပေါ်အခြေခံပြီး လုပ်ဆောင်မှသာ လုပ်ငန်းများအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍအတွက်သာမက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက်ပါ ကောင်းမွန်သည့်အခြေခံအရင်းအမြစ်များရှိသဖြင့် နိုင်ငံစီးပွားတိုးတက်စည်ပင်ရေးတွင် အဓိကစွမ်းဆောင်ပေးနိုင်မည့်ဒေသဖြစ်လာမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများသည် မအူပင်မြို့မှ ညောင်တုန်းမြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး ညောင်တုန်းမြို့ (၂၁)လမ်းထိပ်မှ (၂၇)လမ်းထိပ်ထိ မြစ်ရေတိုက်စားပြီး ကမ်းပါးပြိုမှုကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ညောင်တုန်းမြို့သည် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာအနီးတွင် တည်ရှိပြီး မြစ်ကမ်းပါးနှင့် မြေသားတာတို့မှာ ကပ်လျက်တည်ရှိနေခြင်း၊ ပန်းလှိုင်မြစ်နှင့် ဧရာဝတီမြစ်ဆုံရာတွင်ရှိ၍ မိုးရာသီရေများချိန် ရေစီးဆင်းနှုန်းများပြားခြင်း၊ ရေနည်းရာသီမြစ်ရေကျဆင်းချိန်တွင် မြေတွင်းအောင်းရေစိမ့်ထွက်မှုများပြားခြင်း စသည်တို့ကြောင့် ကမ်းပါးမြေသားများ နှစ်စဉ်နီးပါးအိကျမှုများ ဖြစ်ပေါ်လျက်ရှိရာ ယခုနှစ်တွင် ညောင်တုန်းမြို့ (၂၁)လမ်းထိပ်မြစ်ကမ်း ကမ်းထိန်းလုပ်ငန်းကို ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ အလျား ပေ ၂၅၀၊ မျောတိုင်တန်း အခြေထိန်းရေကာ အလျား ပေ ၂၅၀၊ (၂၄)လမ်းတွင် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ အလျား ၁၁၅ ပေနှင့် (၂၅)လမ်းမှ (၂၇)လမ်းအထိ ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ အလျား ၂၁၅ ပေ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။


ဆက်လက်၍ ဗိုလ်မြတ်ထွန်းတံတား ကမ်းထိန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူက သောင်တူးခြင်းလုပ်ငန်း၊ ရေကာတာများ တည်ဆောက်ခြင်းလုပ်ငန်း၊ ကျောက်စီကမ်းထိန်းတမံတည်ဆောက်ခြင်း၊ ကျောက်စီနံရံ တည်ဆောက်ခြင်းနှင့် သဲအိတ်ခံကျောက်စီ ရေကာတာတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတသည် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ဗိုလ်မြတ်ထွန်းတံတား၏ ကြိမ်ပင်ဆယ်ရွာဘက်ကမ်းပါးများမှာ ရေနက်စီးကြောင်းကြောင့်လည်းကောင်း၊ ဝဲပြန်ရေစီးကြောင်းကြောင့်လည်းကောင်း ကမ်းပါးအိကျမှုများရှိ၍ ရေလမ်းကြောင်းကောင်းမွန်ရေးလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုသီးသန့် ရန်ပုံငွေမှ ငွေကျပ် ၃၀၃၆ သန်း ကျခံဆောင်ရွက်လျက်ရှိရာ ၉၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

ယင်းနောက် ဗိုလ်မြတ်ထွန်းတံတားမှ ဓနုဖြူမြို့ မရမ်းချောင်းကျေးရွာရှိ မရမ်းချောင်းတာ တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မရမ်းချောင်းတာကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုသီးသန့်ရန်ပုံငွေမှ ငွေကျပ် ၉၈၆ သန်းဖြင့် ကျခံဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် ဘိုးပိုင်အခြေပြု ကျောက်စီနံရံ၊ အခြေထိန်းမျောကျောက်ဖြည့်ရေကာတည်ဆောက်ခြင်း၊ ရေထဲပိုင်း ကျောက်ချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ **စာမျက်နှာ ၁၀ သို့** ❑

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးတို့ တရုတ်နိုင်ငံ ကုမ္ပဏီများမှတာဝန်ရှိသူများနှင့် သီးခြားတွေ့ဆုံဆွေးနွေး



**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် State Power Investment Corporation(SPIC) ဥက္ကဋ္ဌ Mr. WANG Binghua တို့ တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)



**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် First Myanmar Construction Company ဥက္ကဋ္ဌ Dr. Sone Han တို့ တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)

**ပေကျင်း မေ ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်တွင် အတူလိုက်ပါသွားသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးတို့သည် ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံကြသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် State Power Investment Corporation(SPIC) ဥက္ကဋ္ဌ Mr. WANG Binghua ဦးဆောင်သည့်အဖွဲ့နှင့် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင်လည်းကောင်း၊ ZTE Corporation Founder Mr. Hou Weigui ဦးဆောင်သည့်အဖွဲ့နှင့် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် China Communication Construction Corporation (CCCC) ဒုတိယဥက္ကဋ္ဌ Mr. Sun Ziyu ဦးဆောင်သည့်အဖွဲ့နှင့် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ First Myanmar Construction Company ဥက္ကဋ္ဌ Dr. Sone Han ဦးဆောင်သည့်အဖွဲ့နှင့် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် Anhui Easy Business Digital Technology ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင်လည်းကောင်း ကျောက်ယုထိုင်နိုင်ငံတော်ဧည့်ဂေဟာ၌ သီးခြားစီတွေ့ဆုံဆွေးနွေးကြသည်။

**(သတင်းစဉ်)**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းနေထိုင်ခဲ့သော နေအိမ်ကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဗီယက်နမ်ဝန်ကြီးချုပ် H.E. Mr. Nguyen Xuan Phuc တို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ သီးခြားစီတွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၁၆**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့သည် မေ ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်း၏ ဂူဗိမာန်ကို သွားရောက်ပန်းခွေချ အလေးပြုကြသည်။

ဆက်လက်၍ ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်း နေထိုင်ခဲ့သော နေအိမ်ကို လှည့်လည်ကြည့်ရှုလေ့လာကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ဗီယက်နမ်အမျိုးသားလွှတ်တော်သို့သွားရောက်၍ ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Madam Nguyen Thi Kim Ngan နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်ကိစ္စရပ်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး စသည့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မြဲရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအောင်မြင်စေရေးတို့ကို ဆွေးနွေးကြသည်။

ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ဗီယက်နမ်ဝန်ကြီးချုပ် H.E. Mr. Nguyen Xuan Phuc နှင့် အစိုးရအဖွဲ့ရုံးတွင် လည်းကောင်း၊ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး H.E. Mr. Nguyen Phu Trong နှင့် ကွန်မြူနစ်ပါတီရုံးတွင် လည်းကောင်း နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဗီယက်နမ် အမျိုးသားလွှတ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့အား ဗီယက်နမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Madam Nguyen Thi Kim Ngan က ဗီယက်နမ်အမျိုးသားလွှတ်တော်တွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## မိုးသက်လေပြင်းတိုက်ခတ်၍ ၂၃၀ ကေဗွီ ဘဲလင်း-သပြေဝ နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင်လေးတိုင် ပျက်စီးပြိုလဲမှု ပြုပြင်ပြီးစီး

**နေပြည်တော် မေ ၁၆**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည့် ဓာတ်အားလိုင်းများအနက်မှ မိုးသက်လေပြင်းတိုက်ခတ်သဖြင့် ဧပြီ ၂၉ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ၂၃၀ ကေဗွီ ဘဲလင်း-သပြေဝ နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၉၆၊ ၉၇၊ ၉၈၊ ၉၉)တာဝါတိုင် လေးတိုင်မှာ ကွေးကောက် ပျက်စီးပြိုလဲမှုများ ဖြစ်ပေါ်ခဲ့သဖြင့် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး(လိုင်း) ဦးဆောင်သော ဝန်ထမ်းအင်အား ၁၄၀ ဖြင့် ပြိုလဲပျက်စီးသွားသော တာဝါတိုင်များ အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ မေ ၈ ရက် ည ၁၁ နာရီ ၅၃ မိနစ်တွင် ၂၃၀ ကေဗွီ ဘဲလင်း-သပြေဝ နှစ်ထပ်ဓာတ်အားလိုင်းကို ပုံမှန်အတိုင်း ဓာတ်အားပြန်လည်ပို့လွှတ်ထားကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**





## သံချေးတက်နေသော ဂျိုးဖြူရေပိုက်လိုင်းများ အစားထိုးလဲလှယ်

**ရန်ကုန် မေ ၁၆**

ဂျိုးဖြူရေပိုက်လိုင်းတစ်လျှောက်ရှိ ဟောင်းနွမ်း၊ သံချေးတက်၊ ဆွေးမြည့်နေသော ၅၆ လက်မ ပင်မရေပိုက်လိုင်းသုံးလုံးအား ဝန်ချီစက်ယန္တရားများဖြင့် အစားထိုးအသစ်လဲခြင်း လုပ်ငန်းကို မေ ၁၄ ရက် နံနက် ၆ နာရီတွင် တိုက်ကြီးမြို့နယ် လိမ္မော်ခြံအနီး၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)တာဝန်ရှိသူများ၊ ဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ရာ သတ်မှတ်ချိန်အတွင်းပြီးစီး၍ ရေဖြန့်မှုလုပ်ငန်း ပုံမှန်ပေးဝေလျက်ရှိကြောင်း ဂျိုးဖြူရေလှောင်ကန်တာဝန်ခံ ဦးမိုးဇော်ဝင်းက ပြောသည်။

ဂျိုးဖြူရေပိုက်လိုင်းများကို ၁၉၃၇ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နှစ်သက်တမ်း ၈၀ ကျော်လာပြီဖြစ်သည့်အတွက် ပထဝီအနေအထားပြောင်းလဲ၍ မြေအောက်ရောက်ရှိပြီး ပျက်စီးနိုင်သလို စွန့်ပစ်အမှိုက်ပုံ ဖုံးလွှမ်းပြီး အောက်ဆီဂျင်မရဘဲ သံချေးတက်၍ ပျက်စီးနိုင်ကြောင်း၊ ပိုက်သုံးလုံးက ခုံးကျော်တံတားအောက်ဖြတ်သန်းရာ ပိုက်များကို လဲလှယ်ပေးခြင်းဖြစ်ကြောင်း၊ ပိုက်လိုင်း အစားထိုးလဲလှယ်မှုလုပ်ငန်းဆောင်ရွက်နေချိန်တွင် မြို့ရေပေးမှုလုပ်ငန်းများ မထိခိုက်စေရန် ဖူးကြီးနှင့် ဂျိုးဖြူကြားရှိ ကျေးရွာ၊ ဌာနဆိုင်ရာနှင့် တပ်အဖွဲ့အစည်းများကို ကြိုတင်အသိပေးပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပုံမှန်ရေဖြန့်ဝေခြင်းကို ဖူးကြီးရေလှောင်ကန်မှတစ်ဆင့် ရေများ ပုံမှန်ဖြန့်ဝေပေးခဲ့ကြောင်း၊ လွန်ခဲ့သည့်နှစ်များက တိုက်ကြီးလျှင်ကြောင့် ပျက်စီးမှုရှိသည့် ရေပိုက်လိုင်းများကို ဆက်လက်လဲလှယ်ရန် အစီအစဉ်ရှိကြောင်း ဦးမိုးဇော်ဝင်းက ပြောသည်။

**(စောသိန်းဝင်း)**

## ပြည်သူ့အကျိုးပြုအဖြစ် သွေးလှူဒါန်း

**ကျောက်တံခါး မေ ၁၆**

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံတွင် အရေးပေါ် သွေးလိုအပ်နေသော လူနာများ အဆင်ပြေစေရန် သွေးလှူဒါန်းခြင်းကို မေ ၁၅ ရက် ညနေ ၅ နာရီခွဲတွင် မြို့နယ်သွေးအလှူရှင်အသင်းက လှူဒါန်းခဲ့သည်။

အဆိုပါ သွေးလှူဒါန်းရာတွင် မြို့မရဲစခန်းမှ တပ်ကြပ်ကြီးသန့်ဇင်နှင့် စာတိုက်ရပ်ကွက်မှ ကိုဖြိုးအာကာကျော်တို့က အရေးပေါ်သွေးလိုအပ်သည့် လူနာများအတွက် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အမျိုးသားသွေးလှူဘဏ်၌ သွေးလှူဒါန်းနိုင်

**ရန်ကုန် မေ ၁၆**

စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ်သော (၇)ကြိမ်မြောက် ဒါနဥပပါရမီစုပေါင်း သွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်)၌ မေ ၂၈ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ပြုလုပ်မည်ဖြစ်ရာ သွေးလှူဒါန်းလိုပါက စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း ဖုန်း-၀၉-၅၁ ၃၅၅၁၅၊ ၀၉-၇၈ ၆၆၇၇ ၂၉၂ တို့သို့ မေ ၂၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

❒ စာမျက်နှာ ၈ မှ
ထို့နောက် ဓနုဖြူမြို့မှ ဇလွန်မြို့သို့ သွားရောက်ပြီး ဒေါင့်ကြီးကျေးရွာဆိမ်ကမ်းမှ ကူးတို့ဆိပ်ကျေးရွာသို့ စက်လှေများဖြင့် သွားရောက်ကာ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှုကို သွားရောက်ကြည့်ရှုသည်။

ဒုတိယသမ္မတသည် ကူးတို့ဆိပ်ကျေးရွာတွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသခံပြည်သူများက တင်ပြလာသည့်အခက်အခဲများကို တိုင်းဒေသကြီးအစိုးရနှင့် ဌာနဆိုင်ရာများက ပူးပေါင်းကူညီဖြေရှင်းပေးရန် မှာကြားပြီး မြစ်ရေတိုက်စားပြီး ကမ်းပါးပြိုမှုကြောင့် နေအိမ်များ ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စု ၅၀ အား တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၅၀ ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ထောက်ပံ့သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း Cyclone Shelterများ၊ School Cum Shelter များ တည်ဆောက်ရန်၊ သောက်သုံးရေရရှိရေးနှင့် ရေတွင်းရေကန်များ တူးဖော်ရန်တို့အတွက် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်နှင့် ယခုနှစ် မေလအထိ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ငွေကျပ် ၉၃၅၁ သိန်းအား ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ဘီလီယက်နှင့်စနူကာအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် မေ ၁၆**
တိုင်းဒေသကြီးနှင့်ပြည်နယ် ဘီလီယက်နှင့်စနူကာအားကစားပြိုင်ပွဲ ဗိုလ်လုပွဲကို ယမန်နေ့ နံနက် ၉ နာရီမှ စတင်၍ ကျင်းပခဲ့သည်။

စနူကာနှစ်ယောက်တွဲ ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းကလည်းကောင်း၊ ဘီလီယက်နှစ်ယောက်တွဲပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းကလည်းကောင်း၊ စနူကာတစ်ဦးချင်းပွဲစဉ်တွင် သက်မင်းလင်း(မွန်)ကလည်းကောင်း၊ ဘီလီယက်တစ်ဦးချင်းပွဲစဉ်တွင် ပြည့်ဖြိုးဝင်း(မန္တလေး)ကလည်းကောင်း အနိုင်ရရှိသွားသည်။

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိုးခင်မောင်အေးက ဘီလီယက်တစ်ဦးချင်းပြိုင်ပွဲကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်က စနူကာတစ်ဦးချင်းပြိုင်ပွဲကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်က ဘီလီယက်နှစ်ယောက်တွဲပြိုင်ပွဲကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါက်တာမင်းနိုင်က စနူကာနှစ်ယောက်တွဲပြိုင်ပွဲကိုလည်းကောင်း အနိုင်ရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ရွှေတစ်ခု၊ ငွေတစ်ခုဖြင့် ဘီလီယက်တံခွန်စိုက် ဆုဖလားရရှိသွားသော မန္တလေးတိုင်းဒေသကြီးအသင်းနှင့်ရွှေနှစ်ခုဖြင့် စနူကာတံခွန်စိုက် ဆုဖလားရရှိသွားသော မွန်ပြည်နယ်အသင်းအား တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

# စည်းကမ်းဖောက်ဖျက်သော YBS ယာဉ်လိုင်းများအား အရေးယူပြီး အသစ်ရောက်ရှိလာသည့်ယာဉ်များဖြင့် အစားထိုးပြေးဆွဲမည်

**ရန်ကုန် မေ ၁၆**
ရန်ကုန်မြို့တွင် ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများတွင် စည်းကမ်းချိုးဖောက်ကာ ခရီးသွားပြည်သူများအပေါ် ရိုင်းပြစွာဆက်ဆံနေသည့် ယာဉ်လိုင်းများအား ယာဉ်လိုင်းအလိုက် အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး အစိုးရက တင်သွင်းလာသော ယာဉ်အသစ်များဖြင့် အဆိုပါ ယာဉ်လိုင်းများနေရာတွင် အစားထိုး ပြေးဆွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တရုတ်နိုင်ငံအစိုးရနှင့်ချိတ်ဆက်ကာ ဘတ်စ်ကားအသစ် အစီး ၁၀၀၀ ကို ဝယ်ယူထားပြီး အဆိုပါဘတ်စ်ကားသစ်များ ရောက်ရှိလာမှုနှင့်အတူ မြို့ပြပို့ဆောင်ရေး၏ လိုအပ်ချက်ရှိသော နေရာများတွင် ထည့်သွင်းပြေးဆွဲသွားမည်ဖြစ်သည့်အပြင် စည်းကမ်းချိုးဖောက်နေသော ယာဉ်လိုင်းများ၊ အများပြည်သူအပေါ် ရိုင်းပြစွာဆက်ဆံနေသော ယာဉ်လိုင်းများအား မှတ်တမ်းပြုစုအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ယာဉ်အသစ်များဖြင့် အစားထိုး ပြေးဆွဲသွားမည်ဟု သိရသည်။

ယခင် မထသ စနစ်မှ YBS စနစ် ယာဉ်လိုင်းပြေးဆွဲမှုပုံစံသို့ ပြောင်းလဲခြင်းမှာ ခရီးသွားပြည်သူများ အဆင်ပြေစေချင်၍ဖြစ်ပြီး ခရီးသွားပြည်သူများအပေါ် ရိုင်းပြစွာဆက်ဆံနေသောလုပ်ရပ်များအား နောက်ဆုံးသတိပေးခြင်းဖြစ်ကာ ယင်းအပေါ် လိုက်နာခြင်းမရှိပါက အသစ်ရောက်ရှိလာမည့် ယာဉ်များဖြင့် အဆိုပါယာဉ်လိုင်းများနေရာတွင် အစားထိုးပြေးဆွဲသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် YBS ယာဉ်လိုင်းများမှ တာဝန်ရှိသူများ အစည်းအဝေးတွင် ဝန်ကြီးက သတိပေးပြောကြားခဲ့ကြောင်း ယာဉ်လိုင်းတာဝန်ရှိသူများထံမှ သိရသည်။

လက်ရှိအနေအထားအရ YBS ယာဉ်လိုင်းများတွင် ခရီးသည်တင်ယာဉ်များ လိုအပ်ချက်ရှိနေရာ ယာဉ်အိုယာဉ်ဟောင်းအပ်နှံမည့် ခရီးသည်တင်ယာဉ်များအား ခေတ္တဆက်လက်ပြေးဆွဲခွင့်ပြုထားခြင်းဖြစ်ပြီး အချို့ယာဉ်များမှာ ယာဉ်စည်းကမ်း ချိုးဖောက်လျက်ရှိကြောင်း သိရသည်။ အပ်နှံယာဉ်များကို အတိုင်းအတာ တစ်ခုအထိသာ ပြေးဆွဲခွင့်ပြုထားခြင်းဖြစ်ပြီး ယာဉ်အသစ်များ ရောက်ရှိလာပါက အဆိုပါယာဉ်များအား ပြေးဆွဲခွင့် ပြုမည်မဟုတ်ကြောင်း သိရသည်။ အဆိုပါ စည်းကမ်း ဖောက်နေသည့် ယာဉ်များကို စီအင်န်ဂျီပိတ်သိမ်းခြင်း၊ ယာဉ်လိုင်းပြေးဆွဲခွင့် ရပ်ဆိုင်းခြင်းတို့အပြင် တိုင်ကြားမှုများသော ဘတ်စ်ကားလိုင်းများအား မှတ်တမ်းပြုစုထားကာ လိုင်းပိတ်သိမ်းခြင်း၊ ပြည်သူ့ဝန်ဆောင်မှုကို အမှတ်ပေးစနစ်ဖြင့် အမှတ်ပေးကာ ဝန်ဆောင်မှုတိုးမြှင့်ခိုင်းခြင်း၊ အရေးယူသည့် ပုံစံဖြင့် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အစိုးရချင်း ချိတ်ဆက်မှုစနစ်ဖြင့် တရုတ်နိုင်ငံ Yutong ကုမ္ပဏီနှင့် Ankai ကားကုမ္ပဏီတို့မှ ဘတ်စ်ကားသစ်အစီး ၁၀၀၀ ဝယ်ယူထားရာတွင် Ankai ကုမ္ပဏီမှ အစီး ၅၀၀ ကို ကုမ္ပဏီမှ စတင်အပ်နှံမှုများ ပြုလုပ်နေပြီဖြစ်ပြီး သင်္ဘောတင်လုပ်ငန်းများ ဆောင်ရွက်နေကာ ယခုလအတွင်း လက်ခံရရှိမည်ဖြစ်ကြောင်း သိရသည်။ ကျန်ယာဉ်များကိုလည်း ဆက်တိုက် လက်ခံရရှိမည်ဟု သိရသည်။ ယင်းအပြင် ပုဂ္ဂလိက ကုမ္ပဏီမှတင်သွင်းလာသည့်ဘတ်စ်ကားအစီး ၁၀၀ လည်း ရန်ကုန်မြို့သို့ ရောက်ရှိနေပြီဖြစ်ကာ YBS ယာဉ်လိုင်းများတွင် ပြေးဆွဲသွားမည်ဟု သိရသည်။

**သတင်း-ဆုနှင်းလှဲ၊**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



# ငြိမ်းချမ်းရေးဂီတပွဲတော် ကျင်းပမည်

**နေပြည်တော် မေ ၁၆**
ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သော သီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ရမည့် ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival)ကို မကြာမီကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။




"ကျွန်တော်တို့အနေနဲ့ ဒီသီချင်းဆိုပြိုင်ပွဲကို အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ နိုင်ငံတစ်ဝန်းမှာ ကျင်းပဖို့စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်" ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အဆင့်သုံးဆင့်နဲ့ ယှဉ်ပြိုင်သွားမှာပါ။ မြို့ကြီး ၁၀ မြို့မှာ ကျင်းပဖို့ လျာထားပါတယ်။ တစ်မြို့နယ် သုံးဦးနှုန်းကျန်မယ်။ နောက်ဒိုင်တွေကြိုက်နှစ်သက်တဲ့သူ ငါးဦး စုစုပေါင်း ၃၅ ဦးကို ရွေးချယ်မယ်။ အဲဒီကမှ နောက်ဆုံး ၁၀ ဦးကျန်မယ်။ ၁၀ ဦးမှာ ခုနစ်ဦးကတော့ နှစ်သိမ့်ဆုရပြီး ကျန်တဲ့သုံးဦးကတော့ ပထမ၊ ဒုတိယ၊ တတိယ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ငြိမ်းချမ်းရေးဂီတပွဲတော်ကို ပထမအဆင့်အနေဖြင့် ဇွန်လမှ ဩဂုတ်လအထိ ရက်သတ္တပတ်တစ်ပတ်လျှင် တစ်မြို့နှုန်းဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ကြီး၊ လားရှိုး၊ မြစ်ကြီးနား၊ စစ်တွေနှင့် ကလေးစသည့် မြို့ကြီး ၁၀ မြို့တွင် ကျင်းပရန် လျာထားကြောင်း သိရသည်။

ဒုတိယအဆင့် ယှဉ်ပြိုင်မှုတွင် အသံစစ်ဆေးအောင်မြင်သည့် တစ်မြို့လျှင် ပျမ်းမျှ သုံးဦးနှုန်းဖြင့် မြို့ကြီး ၁၀ မြို့မှ ၃၀ နှင့် အသံစစ်အဖွဲ့များက အထူးရွေးချယ်သူ ငါးဦး စုစုပေါင်း ၃၅ ဦးကို ယှဉ်ပြိုင်စေမည် ဖြစ်သည်။

နောက်ဆုံးအဆင့်ယှဉ်ပြိုင်မှုအနေဖြင့် ၁၀ ဦး သီဆိုနိုင်စေရန် နာမည်ကြီး တေးသီချင်းရေးသားသူများထံမှ တေးသီချင်းအသစ်များကို ရေးသားထားစေပြီး ငြိမ်းချမ်းရေးဂီတပွဲတော် Music Live Show ပွဲအဖြစ် နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ နောက်ဆုံးအဆင့် စာရင်းဝင်သုံးဦးမှ တစ်ဦးချင်း၊ စုံတွဲနှင့်အဖွဲ့လိုက် သီဆိုတင်ဆက်မှုများ၊ နောက်ဆုံးအဆင့် နှစ်ဦး၏ ယှဉ်ပြိုင်မှုများနှင့် ဆုချီးမြှင့်မှုများ ဆောင်ရွက်သွားမည်ဟု သိရသည်။

ဆုရပြိုင်ပွဲဝင်များအတွက် ဆုကြေးများကို ပထမဆု ငွေကျပ်သိန်း ၃၀၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀၀၊ တတိယဆု ငွေကျပ်သိန်း ၁၀၀၊ နှစ်သိမ့်ဆု တစ်ဦးလျှင် ငွေကျပ်သိန်း ၃၀ နှင့် နှစ်သိမ့်ဆု ခုနစ်ဆု ပေးအပ်မည်ဟု လျာထားကြောင်း သိရသည်။

နောက်ဆုံး ဆုရွေးချယ်ပွဲကို ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲအဆင့်ဆင့် ကျင်းပမှုများကို တိုက်ရိုက်ထုတ်လွှင့်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**◆ဂျပန်နိုင်ငံမှ**
အဆိုပါနင်ဂျာပြပွဲကို မေ ၂၃ ရက်တွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည့် Japan Expo Mandalay 2017 ပြပွဲကြီး၌ နံနက် ၁၀ နာရီတွင် တစ်ကြိမ်၊ ညနေ ၂ နာရီတွင် တစ်ကြိမ် ဖျော်ဖြေသွားမည်ဖြစ်သည်။

ဂျပန်မှ ဖိတ်ခေါ်ထားသည့် နင်ဂျာအဖွဲ့ Raifujin ၏ နင်ဂျာသရုပ်ပြမှုအစီအစဉ်တွင် နင်ဂျာသုံးဦးက Stage Performance တွေအပြင် နင်ဂျာလက်နက်ပုန်းပစ်နည်း၊ အိုရိဂမိဖြင့် လက်နက်ပုန်းခေါက်နည်းတို့ကိုပါ သင်ပေးမည် ဖြစ်သည်။

ထို့ပြင် ဂျပန်နိုင်ငံမှ Professional Ninja အမျိုးသား အမျိုးသမီးများက လက်နက်အသုံးပြုပုံ၊ တိုက်ခိုက်ပုံ၊ နင်ဂျာအသုံးအဆောင် ပစ္စည်းအစစ်များ၊ နင်ဂျာအတတ်ပညာများကို စိတ်ဝင်စားဖွယ် မိတ်ဆက်ပြသသွားမည်ဖြစ်ပြီး အမှတ်တရဓာတ်ပုံများကိုလည်း ရိုက်ကူးနိုင်မည်ဖြစ်သည်။

အဆိုပါ နင်ဂျာသရုပ်ပြဖျော်ဖြေမှုအစီအစဉ်ကို Japan Culture House, Japan Foundation, MAJA နှင့် Myanmar Promotional Services (MPS) Co.,Ltd. တို့၏ စီစဉ်မှုဖြင့် အခမဲ့ သရုပ်ပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၀၂)**

# မြန်မာ ယူ-၁၅ အမျိုးသမီးအသင်း ဆီမီးဖိုင်နယ် တက်ရောက်

**လာအို မေ ၁၆**
၂၀၁၇ အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးနေ့ကို လာအိုနိုင်ငံ၌ ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၅ အမျိုးသမီးအသင်းက မလေးရှားအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူပြီး ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

မြန်မာအသင်းသည် တစ်မှတ်ရရုံဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည်ဖြစ်သော်လည်း မလေးရှားအသင်းကို ဂိုးပြတ်အနိုင်ယူကာ ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မလေးရှားအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးမရှိတော့သော်လည်း အကောင်းဆုံးကြိုးစားကစားခဲ့ပြီး မြန်မာအသင်းအား ရှုံးနိမ့်ခဲ့သော်လည်း နှစ်ဂိုးပြန်သွင်းနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို မြတ်နိုးခင်က ၃၊ ၃၄၊ ၅၇ မိနစ်တွင် တစ်ဦးတည်း ဟက်ထရစ်သွင်းယူခဲ့ပြီး ကျန်တစ်ဂိုးကို ၂၄ မိနစ်တွင် သီရိကျော်က သွင်းယူခဲ့ခြင်းဖြစ်သည်။ မလေးရှားအတွက် ချေပဂိုးများကို ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က) ၌ ထိုင်းအသင်းက ၁၂ မှတ်ဖြင့် ပထမ၊ မြန်မာအသင်းက ကိုးမှတ်ဖြင့် ဒုတိယ၊ အုပ်စု (ခ) ၌ ဖိလစ်ပိုင်အသင်းက ကိုးမှတ်ဖြင့် ပထမ၊ ကမ္ဘောဒီးယားအသင်းက ၄ မှတ်ဖြင့် ဒုတိယနေရာရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ဖိလစ်ပိုင်၊ ထိုင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **(ရဲရင့်ရှိုင်း)**



## ရွှေဘိုဒေသ၌ သကြၤန်ကာလပြီးနောက် ပေါ်ဆန်းမွှေးစပါးဈေး ကျပ်နှစ်သိန်းကျော်ထိ မြင့်တက်လာ

**ရွှေဘို မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ဒေသ၌ သကြၤန်ကာလပြီးနောက် တစ်လအကြာ ဆန်စပါးဈေးကွက်တွင် မိုးစပါးပေါ်ဆန်းမွှေး(ဆန်နု) ဈေးနှုန်း ငွေကျပ်နှစ်သိန်းကျော်အထိ မြင့်တက်လာနေကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

အဆိုပါ ရွှေဘိုဒေသ၌ သကြၤန်ကာလမတိုင်မီ ဆန်စပါးဈေးကွက်တွင် မိုးစပါးဈေးနှုန်းမှာ စပါးတင်း ၁၀၀ လျှင် ကျပ် ၁၀ သိန်းကျော်ရှိခဲ့နေရာမှ မေလဒုတိယပတ် သကြၤန်ကာလပြီးနောက် တစ်လအကြာအချိန်ထိ စပါးဈေးနှုန်း တဖြည်းဖြည်း မြင့်တက်လာခဲ့ရာ ယနေ့အချိန်တွင် ကျပ် ၁၂ သိန်းကျော်အထိ မြင့်တက်လာမှုကြောင့် ကျပ်နှစ်သိန်းကျော် ပိုမိုမြင့်တက်လာသည်ဟု သိရသည်။

ထို့အတူ ဆန်ကြမ်းဖြစ်သော မိုးစပါးနှင့် နွေလက်ကျန်ဖြစ်သည့် ဒေသအခေါ် ရွှေဆည်ရင်၊ ရွှေဝါထွန်း စသည့်သက်ငယ်၊ သက်လတ်စပါးမျိုးများ၏ ဈေးနှုန်းသည် ငွေကျပ်ခြောက်သိန်းကျော်ရှိခဲ့နေရာမှ ငွေကျပ်ခုနစ်သိန်းကျော်အထိ ဈေးနှုန်းမြင့်တက်လာသည်။

ဧပြီ ၁၀ ရက် ဘုရင့်နောင်ကုန်စည်ဒိုင်၌ ရွှေဘိုပေါ်ဆန်းဆန်အသစ် တစ်အိတ်လက်ကားဈေးနှုန်း ငွေကျပ် ၃၉၅၀၀ ရှိခဲ့ရာမှ မေ ၁၁ ရက် တစ်လအကြာတွင် ကျပ် ၄၅၀၀၀ အထိ ဖြစ်ခဲ့၍ ကျပ် ၅၀၀၀ ကျော် ဈေးနှုန်း မြင့်တက်လာကြောင်း ကုန်စည်ဈေးကွက်များမှ သိရသည်။

"စပါးဈေး မြင့်တက်လာတာ ဟုတ်ပါတယ်။ ကျွန်မတောင်လွန်ခဲ့တဲ့ တစ်လကျော်လောက်က ကျပ်ဆယ်သိန်း နှစ်သောင်းနဲ့ ရောင်းခဲ့ပါတယ်။ ယခုတော့ ကျပ်ဆယ့်နှစ်သိန်းကျော်နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ တစ်လအတွင်း ရွှေဘိုပေါ်ဆန်းမွှေးစပါး ကျပ်နှစ်သိန်းကျော် ဈေးတက်ပေမယ့် စပါးအရည်အသွေးပေါ် မူတည်ပါတယ်" ဟု ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာရှိ စပါးစိုက်တောင်သူ ဒေါ်မြကြီးက ပြောသည်။

**(ရောင်နီတင်ဝင်း)**

## စာရေးဆရာ၊ သတင်းစာဆရာ၊ ရုပ်ရှင်ဇာတ်ညွှန်းနှင့် ဒါရိုက်တာတင့်တယ်၏ နှစ် (၁၀၀)ပြည့်အထိမ်းအမှတ်ကျင်းပမည်

**ရန်ကုန် မေ ၁၆**

စာရေးဆရာ၊ သတင်းဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာတင့်တယ်၏ အသက် (၁၀၀)ပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲနှင့် အမှတ်တရစာအုပ်ထုတ်ဝေပွဲကို ဇွန်လတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စာတမ်းဖတ်ပွဲတွင် ဆရာမောင်ခင်မင်(ဓနုဖြူ)၊ ဆရာမောင်ခေတ်ထွန်း၊ ဆရာဟိန်းလတ်နှင့် ဆရာသူရဇော်တို့က ဆရာတင့်တယ်နှင့်ပတ်သက်၍ ရေးသားပြုစုထားသော စာပေဘဝဆက်နွယ်ပုံစာတမ်း၊ ကလောင်ခွဲများစာတမ်း၊ စာပေရေးသားမှု ဝေဖန်သုံးသပ်ချက်စာတမ်းနှင့် ဘာသာပြန်ဆိုမှုအတတ်ပညာပိုင်းဆိုင်ရာ စာတမ်းများနှင့် ဦးအေးချို (မဟာဝိဇ္ဇာ)က နိုင်ငံရေးစာပေရေးသားခဲ့သော ဆရာတင့်တယ်စာတမ်းကို ဖတ်ကြားသွားမည်ဖြစ်သည်။

"ဖေဖေ့ကိုဂုဏ်ပြုတဲ့အနေနဲ့ လုပ်မှာပါ။ ရန်ကုန်မြို့မှာပဲလုပ်သွားမှာပါ။ ဖေဖေကစာပေနဲ့ပတ်သက်ပြီး စာရေးနိုင်လွန်းအားကြီးလို့ စက်နဲ့လှည့်ထုတ်သလိုပဲဆိုပြီး ပြောစမှတ်ဖြစ်ခဲ့တဲ့ စာရေးဆရာတစ်ဦးပါ။ ဒါကြောင့် ဖေဖေဖြတ်သန်းခဲ့တဲ့ စာပေအနုပညာခရီးနဲ့ပတ်သက်ပြီး အမှတ်တရဖြစ်အောင် ဒီပွဲလေးလုပ်မှာပါ။ သူရဲ့စာတွေက အရင်ခေတ်က နှုတ်ခမ်းနီမလေးတွေ အသည်းစွဲဖြစ်ခဲ့ရတယ်လို့လည်း ပြောစမှတ်ပြုရလောက်အောင် အောင်မြင်ခဲ့ပါတယ်။ ပွဲလုပ်ရမယ့်နေရာကတော့ ထပ်မံအသိပေးသွားမှာပါ" ဟု စာရေးဆရာကြီးတင့်တယ်၏ သမီးဖြစ်သူ ဒေါ်ခင်မျိုးဝင်း(သမီးတင့်တယ်)က ပြောသည်။

ဆရာတင့်တယ်သည် ဆယ်ကျော်သက်အရွယ်မှစတင်၍ စာပေများရေးသားခဲ့ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးကြေညာစာတမ်းရေးသားရာတွင်လည်း ပါဝင်ခဲ့သူတစ်ဦးဖြစ်ကာ ၎င်းကွယ်လွန်သည့်နေ့သည်လည်း လွတ်လပ်ရေးနေ့ဖြစ်နေ၍ ထူးခြားသည့်တိုက်ဆိုင်မှုဟု ဆိုရပေမည်။

ဆရာကြီးတင့်တယ်မှာ ကလောင်အမည်ခွဲ ၂၉ ခုခန့်ဖြင့် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ဘာသာပြန်စာမူပေါင်း ၁၀၀၀ ခန့်ရေးသားခဲ့သူဖြစ်သည့်အပြင် ဘီဘီစီ အသံလွှင့်ဌာန (အင်္ဂလန်) ၌လည်း ငါးနှစ်ခန့် တာဝန်



ထမ်းဆောင်ခဲ့ကာ ရုပ်ရှင်ဇာတ်ညွှန်းများရေးသားမှုနှင့် ဒါရိုက်တာအဖြစ်ပါ လုပ်ကိုင်ခဲ့သူဖြစ်သည်။

ဆရာတင့်တယ်သည် စာပေဗိမာန်ဆုကိုရရှိခဲ့ပြီး ၎င်း၏ထင်ရှားသောစာအုပ်အချို့မှာ ကမ္ဘဖလ၊ ရွှေချစ်ငွေချစ်၊ ပျိုတို့အချစ်တော်၊ လိုက်တော်မူသင့်ပါငဲ့၊ လာလုလုငေး၊ သားမောင်မောင်၊ မိုဘီဒစ်နှင့် လစန္ဒာနှင့် ခြူးပိုက်ဆံစာအုပ်များဖြစ်ပြီး ဒါရိုက်တာအဖြစ် လာလုလုငေး၊ မကြင်သာသည်၊ ကျွန်မအနုပညာသည်၊ မမထားရုပ်ရှင်များကို ရိုက်ကူးကာ ဝတ္ထုဇာတ်ညွှန်းဆရာအဖြစ် ပန်သစ္စာ၊ အကျော်အမော်၊ ဖိုးပြုံးချို၊ ချစ်သည်းမြွှာ၊ ဖြေလျှော့ခွေနှင့် ဤဘဝဝယ် ရုပ်ရှင်ဇာတ်ကားများတွင် ဝတ္ထုဇာတ်ညွှန်းများရေးသားခဲ့ရာ အလွန်အောင်မြင်ကျော်ကြားခဲ့သည်။

ဆရာတင့်တယ်သည် အသက် (၆၃) နှစ်အရွယ် ၁၉၈၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာသစ်ခန်းမဆောင်တည်ဆောက်

**နေပြည်တော် မေ ၁၆**

ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)၏ ကူညီထောက်ပံ့မှုဖြင့် ကျေးလက်နေပြည်သူများအား လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဝင်ငွေတိုးပွားရရှိရေးစသည့် လုပ်ငန်းသုံးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ၌ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာသစ်ခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းမှစတင်၍ ဆောင်ရွက်လျက်ရှိသည်။



လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ညောင်ကုန်းကျေးရွာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း ကော်မတီဒု-ဥက္ကဋ္ဌ ဦးမြင့်စိုးက လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရပ်မိရပ်ဖများနှင့် ကျေးရွာနေပြည်သူများအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှင်းလင်းချပြပြီး ကျေးရွာပြည်သူများ၏ သဘောတူညီမှုဖြင့် လုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ငွေကြေးသုံးစွဲမှုများကိုလည်း ပွင့်လင်းမြင်သာစွာချပြဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ကျေးရွာသစ်ခန်းမဆောင်ကို ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း ရန်ပုံငွေဖြင့် အလျားပေ ၅၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ တစ်ထပ်ခန်းမဆောင်အဖြစ် ငွေကျပ် ၁၂၄ သိန်းကျော်အကုန်ကျခံ တည်ဆောက်ရာတွင် ကျေးရွာဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကော်မတီ ဥက္ကဋ္ဌနှင့် ကျေးရွာပြည်သူများက စုပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

## စဉ့်ကိုင်မြို့နယ်၌ ပထမနှစ်ဝက်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်

**စဉ့်ကိုင် မေ ၁၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ပထမနှစ်ဝက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို မေ ၁၅ ရက် မွန်းလွဲ ၃ နာရီခွဲက အဆိုပါအစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက ယခုစာသင်နှစ်တွင် ပညာသင်ကြားမည့် ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ရခြင်းရည်ရွယ်ချက်နှင့် ထူးချွန်ထက်မြက်သောကျောင်းသား ကျောင်းသူများဖြစ်လာစေရန် ပညာကို အထူးကြိုးစားကြစေလိုကြောင်း ပြောကြားခဲ့ပြီး ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ဗလာစာအုပ် တစ်ဒါဇင်နှင့် ငွေကျပ် ၁၀၀၀၀ နှုန်း၊ အလယ်တန်းအဆင့်တွင် ဗလာစာအုပ်တစ်ဒါဇင်နှင့် ငွေကျပ် ၇၀၀၀ နှုန်း၊ မူလတန်းအဆင့်တွင် ဗလာစာအုပ်တစ်ဒါဇင်နှင့် ငွေကျပ် ၅၀၀၀နှုန်း KG တန်းအဆင့်တွင် ကျောပိုးအိတ်တစ်လုံးစီတို့ဖြင့် ကျောင်းသားကျောင်းသူစုစုပေါင်း ၃၉ ဦးတို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မိတ္ထီလာမြို့ သုတဘဏ်စာကြည့်တိုက်တွင် ဆေးရောင်ခြယ် ကလေးပန်းချီပြိုင်ပွဲကျင်းပ

**မိတ္ထီလာ မေ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ဆေးရောင်ခြယ် ကလေးပန်းချီပြိုင်ပွဲကို မေ ၁၆ ရက် နံနက် ၉ နာရီက ကျီတော်ကုန်းရပ်ကွက်ရှိ သုတဘဏ်စာကြည့်တိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးရောင်ခြယ် ကလေးပန်းချီပြိုင်ပွဲတွင် မူလတန်းကျောင်းသား ကျောင်းသူ ၂၃ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်သန်းနှင့် ကျီတော်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးတို့က ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ပြိုင်ပွဲဝင်သည့် ကျန်ကလေးငယ်များအားလုံးကို ကျောင်းသုံးဗလာစာအုပ်များ အမှတ်တရပေးအပ်ခဲ့သည်။ ကလေးငယ်များအနုပညာကို ချစ်မြတ်နိုးပြီး တီထွင်စိတ်ကူးဉာဏ်များ ရှင်သန်စေရန်နှင့် စာကြည့်တိုက်တွင် စာပေလာရောက်ဖတ်ရှုလိုစိတ်များ ဖြစ်ပေါ်စေရန် ရည်ရွယ်ပြီး ယင်းဆေးရောင်ခြယ် ကလေးပန်းချီပြိုင်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

○

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်မှ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂၅ စီး၊ သွင်းကုန် ၄၅၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၆၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁ ဒသမ ၁၄၆ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၆၆၄ သန်းခန့်) စုစုပေါင်းတားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆ ဒသမ ၈၁၀ သန်းခန့်)အား သိမ်းဆည်းရမိကြောင်း သိရသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၃ ရက်တွင် ရန်ကုန် Asia World ဆိပ်ကမ်း၌ AWE Co.,Ltd. မှ တင်ပို့မည့် Frozen Sea Water Fish များကို တာဝန်ကျအကောက်ခွန်အဖွဲ့က X-Ray ဖြတ်သန်းစဉ် သံသယဖြစ်ဖွယ်ပုံရိပ်တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ထုတ်ကုန်ကြေညာလွှာတွင်ကြေညာထားခြင်းမရှိသည့် ငါးခွေးလျှာ (Tongue Sole Fish ) (26000) kg စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၀၀၁ သန်းခန့်)အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# အမ်းမြို့နယ်တွင် တရားမဝင်လိုက်ပါသူနှင့် ပို့ဆောင်ပေးသူတို့ကို ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၆**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ပဲပဒို ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယမန်နေ့ နံနက်ပိုင်းက တရားမဝင်လိုက်ပါလာသူတစ်ဦးနှင့် ပို့ဆောင်ပေးသူတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အမ်းမြို့နယ် ပဲပဒို ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မေ ၁၅ ရက် ညနေ ၄ နာရီ မိနစ် ၂၀ က သီဟဖုန်းမြင့် စစ်တွေမြို့နေသူ မောင်းနှင်လာသော ဆိုင်ကယ်ကို စစ်ဆေးခဲ့ရာ စစ်တွေမြို့နယ် သဲချောင်းကျေးရွာနေ မဘူတူကို ရန်ကုန်မြို့သို့ ပို့ဆောင်ပေးရန် ခေါ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူ သီဟဖုန်းမြင့်နှင့် တရားမဝင်လိုက်ပါလာသူ မဘူတူကို လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# တစ်ဖက်နိုင်ငံမှခိုးဝင်လာသူ ခြောက်ဦး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရေတွင်းကျွန်းချောင်းဝ ကင်းစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မေ ၁၂ ရက် နံနက်ပိုင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင်လှေဖြင့် ဝင်ရောက်လာသူ ခြောက်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူများကို စစ်ဆေးရာ လှေပေါ်တွင် ရှစ်ဦးပါရှိလာပြီး အမျိုးသားနှစ်ဦးမှာ လှေပေါ်မှခုန်ချထွက်ပြေးသွားကြောင်း၊ ထွက်ပြေးသူ နှစ်ဦးမှာ ဦးရှည်ကျကျေးရွာတွင် နေထိုင်သော ဆာဒက်နှင့် ရော်ဖီးတို့ဖြစ်ကြောင်း၊ ၎င်းတို့နှစ်ဦးသည် ဦးရှည်ကျကျေးရွာမှ တောင်ပြိုလက်ဝဲဘက်သို့ မော်တော်ယာဉ်ဖြင့်သွားရောက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခြေကျင်ဝင်ရောက်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံဘက်သို့ လူတစ်ဦးလျှင် တာကာငွေ ၂၀၀၀ နှုန်းရယူပြီး လှေငှား၍ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူ ခြောက်ဦးအား သက်ဆိုင်ရာက အရေးယူဆောင်ရွက်နိုင်ရေး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မုံရွာမှ ဟုမ္မလင်းသို့ထွက်ခွာလာသော အမြန်ရေယာဉ်တစ်စင်း ကနီမြို့နယ် တအုံကျေးရွာအနီး၌ အင်ဂျင်ခန်းအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား



**ကနီ မေ ၁၆**

ချင်းတွင်းမြစ်အတွင်း မုံရွာမှ ဟုမ္မလင်းသို့ မေ ၁၆ ရက် နံနက် ၄ နာရီမှ ဆန်တက်လာသော ဇွဲထက်နိုင်အသင်းမှ ဇေယျာသောင်း အမြန်ရေယာဉ်မှာ ယနေ့နံနက် ၉ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ဘုမ္မဇင်းကျေးရွာအုပ်စု တအုံကျေးရွာအနီး၌ အင်ဂျင်စက်ခန်းအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရေယာဉ်အင်ဂျင်စက်ခန်း အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်စဉ် တအုံကျေးရွာအနီး မြစ်ကမ်းဘေးတွင်ကပ်၍ ရေယာဉ်ပေါ်ပါ ခရီးသည်များနှင့် ကျေးရွာပြည်သူများ ဝိုင်းဝန်း ငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ ရေယာဉ်ပေါ်တွင် ခရီးသည် ၈၀ ကျော်ခန့် လိုက်ပါလာပြီး ခရီးသည်များအားလုံး ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း ရေယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည်တစ်ဦးထံမှ သိရသည်။

**သန်းဌေးအောင်(ကနီ)**

# မောင်တောမြို့နယ်တွင် ငါးဖမ်းလှေတစ်စင်းနှင့် မသင်္ကာသူ လေးဦး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေ(၅)တွင် ယမန်နေ့နံနက်ပိုင်းက ငါးဖမ်းလှေတစ်စင်းနှင့် မသင်္ကာသူ လေးဦး ဖမ်းဆီးရမိကြောင်းသိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် နယ်မြေ(၅) ရေတွင်းကျွန်းရွက်ညိုတောင်ချောင်းဝကင်းစခန်းနှင့် ရေတွင်းကျွန်းချောင်းဝ ကင်းစခန်းအကြား နယ်စပ်ခြံစည်းရိုးအနီးတွင် မေ ၁၅ ရက် နံနက် ၁ နာရီခွဲခန့်က ငါးဖမ်းလှေတစ်စင်းနှင့် လှေပေါ်တွင် မောင်တောမြို့နယ် အောက်ပြူးမကျေးရွာနေ မိုဟာမတ်ဖေရုပ်ပါ မသင်္ကာသူ လေးဦးအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား သက်ဆိုင်ရာက ပုဒ်မ ၁၄၄ ဖောက်ဖျက်မှုဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ တရားမဝင် ဝင်ရောက်လာသူ ငါးဦးအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၆**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး နေပြည်တော် (စီလမ်းဆုံ)၌ ယနေ့ နံနက်ပိုင်းက တရားမဝင် ဝင်ရောက်လာသူ ငါးဦးအား ဖမ်းဆီးရမိကြောင်း သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၂၃၀/၃) နေပြည်တော် (စီလမ်းဆုံ)တိုးဂိတ်၌ ယနေ့နံနက် ၁၁ နာရီတွင် ပလွေးအမြန်လမ်းရဲတပ်ဖွဲ့မှ စခန်းမှူးနှင့်အဖွဲ့သည် အမြန်လမ်းမကြီးပေါ်၌ ကုန်တင်ယာဉ်များ ဖြတ်သန်းမောင်းနှင်မှု ရှိ/မရှိ စစ်ဆေးနေစဉ် မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ငြိမ်းချမ်း မောင်းနှင်လာသော CALDINA ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင်ဝင်ရောက်လာသူ မာမတ်ဂျာကဲရ်၊ မာမွတ်ဆလီ၊ ဖော်ဇော်ကော်ရိမ်း၊ မာနူးနှင့် ရော်ဟိမ်းပုလား တို့ ငါးဦးအား စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါကိစ္စကို စစ်ဆေးရာ ယာဉ်မောင်း ငြိမ်းချမ်းနှင့် စည်သူတို့က လူတစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းဖြင့် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပဒါန်းကျေးရွာမှ ခေါ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့အား ရန်ကုန်မြို့သို့ ပို့ဆောင်ပေးရန်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်၍ မသင်္ကာသူ ငါးဦးကို တရားမဝင် သယ်ယူပို့ဆောင်ပေးသူ ငြိမ်းချမ်းနှင့် စည်သူတို့အား ပလွေးအမြန်လမ်းမကြီး ရဲစခန်းမှ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အမှုဖွင့်အရေးယူထားကြောင်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ သိရသည်။

**(သတင်းစဉ်)**

**ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**




# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် မေ ၁၆**

**ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ (ကြေးမုံ)**

# ယခုနှစ် မန်စီးတီး၏ဖလားလက်မဲ့အဖြစ်မျိုး ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်တို့တွင် ကြုံတွေ့ရမည်ဆိုပါက သေချာပေါက်ထုတ်ပယ်ခံရမည်ဟု ဂွါဒီယိုလာ ဝန်ခံ



ဘိုင်ယန်မြူးနစ်နှင့် ဘာစီလိုနာတို့တွင် ယခုနှစ် မန်စီးတီးကဲ့သို့ ဖလားလက်မဲ့ အနေအထားကြုံခဲ့ရပါက သူ့အနေဖြင့် သေချာပေါက်ထုတ်ပယ်ခံရမှာဖြစ်ကြောင်း မန်စီးတီးနည်းပြ ဂွါဒီယိုလာက ဝန်ခံပြောကြားလိုက်သည်။ ဂွါဒီယိုလာလက်အောက်တွင် မန်စီးတီးအသင်းဖလားလက်မဲ့ဖြစ်ရန် သေချာနေပြီး ထိပ်ဆုံးလေးသင်းစာရင်းဝင်ရန်ပင် မရေမရာ အနေအထားကြုံနေရသည်။

ဂွါဒီယိုလာ၏ မန်စီးတီးအသင်းမှာ ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ရှုံးထွက်အဆင့်၊ အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲနှင့် လိဂ်ဖလားစတုတ္ထအဆင့်တို့မှ ထွက်ခွာခဲ့ရပြီးဖြစ်သည်။ ထို့ကြောင့် ဂွါဒီယိုလာက ယင်းသို့သော အခြေအနေသာ သူ့ရဲ့အသင်းဟောင်းများဖြစ်တဲ့ ဘာစီလိုနာနှင့် ဘိုင်ယန်တို့တွင် ကြုံတွေ့ရပါက "ဘာစီလိုနာနဲ့ ဘိုင်ယန်မှာသာ ဖလားမရရင် ကျွန်တော်ထုတ်ပယ်ခံရပါပြီ။ ကျွန်တော် ထွက်ရပြီပဲ"ဟု ဝန်ခံခဲ့ခြင်းဖြစ်သည်။

ဂွါဒီယိုလာမှာ ဘာစီလိုနာတွင် လေးရာသီအတွင်း လာလီဂါဖလား သုံးကြိမ်၊ ချန်ပီယံလိဂ်ဖလားနှစ်ကြိမ်အပါအဝင် စုစုပေါင်း ဖလား ၁၄ လုံးအထိ ရယူနိုင်ခဲ့သလို ဘိုင်ယန်မြူးနစ်အသင်းတွင် ဘွန်ဒက်စ်လီဂါဖလားသုံးကြိမ်နှင့် အခြားလိဂ်ဖလားများစွာကို ဆွတ်ခူးနိုင်ခဲ့သူသည်။ ထို့ကြောင့် ပြီးခဲ့သည့်နွေရာသီ ပယ်လီဂရီနီနေရာကို ဂွါဒီယိုလာ ဆက်ခံခဲ့ချိန်က ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့တွင် ဂွါဒီယိုလာ ရရှိခဲ့သည့် အောင်မြင်မှုတွေကြောင့် အများစုက မန်စီးတီးအသင်းအပေါ် မျှော်လင့်ခဲ့ကြသော်လည်း တကယ်တမ်းတွင် ထင်သလိုဖြစ်မလာခဲ့ပေ။ မန်စီးတီးအသင်းသည် လက်ကျန်ပွဲစဉ်နှစ်ပွဲလုံး အနိုင်ရပါက လီဗာပူးနှင့် အာဆင်နယ်တို့အထက် တတိယနေရာဖြင့် ရာသီသိမ်းနိုင်မည်ဖြစ်သည်။



# ပြင်သစ်အိုးပင်းကို ဖက်ဒဲရာ ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်

ဂရင်းစလင်းစံချိန်ရှင် ဖက်ဒဲရာက နှစ်တစ်နှစ်ရဲ့ ဂရင်းစလင်း ပြိုင်ပွဲလေးပွဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပြင်သစ်အိုးပင်းကို ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဟု အတည်ပြုပြောကြားလိုက်ပြီဖြစ်သည်။ လက်ရှိကမ္ဘာ့အဆင့်(၅) ဖက်ဒဲရာက တင်းနစ်လောကတွင် ရေရှည်ဆက်ကစားနိုင်ရေးအတွက် မြေစေးကွင်းပွဲစဉ်များကို မယှဉ်ပြိုင်ဘဲ မြက်ခင်းကွင်းနှင့် မြေမာကွင်းအမျိုးအစားတို့ကိုသာ ရွေးချယ်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဖက်ဒဲရာက ဇွန်လအတွင်း ကျင်းပရန်ရှိသော မြက်ခင်းကွင်းနှင့် မြေမာကွင်းပြိုင်ပွဲအမျိုးအစားများအတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ၎င်းသည် ပြီးခဲ့သည့်နှစ်အတွင်း ဒူးဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရသော်လည်း ပြန်လည်ယှဉ်ပြိုင်တဲ့ ဩစတြေးလျ အိုးပင်းမှာပင် ချန်ပီယံဖြစ်ခဲ့သည်။ ဖက်ဒဲရာမှာ ပြီးခဲ့သည့်နှစ် ပြင်သစ်အိုးပင်းတွင်လည်း ဒဏ်ရာကြောင့် လွဲချော်ခဲ့ရသလို ယခုနှစ်တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့ရာ ပြင်သစ်ပရိသတ်များ ဖက်ဒဲရာ၏ ယှဉ်ပြိုင်မှုကို နှစ်နှစ်ဆက်တိုက် ကြည့်ရှုခွင့်လွဲချော်ခြင်းလည်းဖြစ်သည်။

ဖက်ဒဲရာသည် ၁၉၉၉ ခုနှစ်မှစတင်ပြီး ပြင်သစ်အိုးပင်းကို နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၀၉ ခုနှစ် တစ်နှစ်တွင်သာ ချန်ပီယံဖြစ်ခဲ့သည်။ ၎င်းမှာ လက်ရှိတွင် အသက်(၃၅)နှစ်ကျော်လွန်နေပြီဖြစ်၍ ကြံ့ခိုင်မှုအနေအထားကြောင့် ပြိုင်ပွဲတိုင်းကို ဝင်ရောက်မယှဉ်ပြိုင်ဘဲ ၎င်းအားသန်ရာ မြက်ခင်းကွင်းနှင့် ကွင်းမာအမျိုးအစားပြိုင်ပွဲများကိုသာ အာရုံစိုက်ကစားမည်ဖြစ်သည်။ ဖက်ဒဲရာမှာ ၂၀၁၇ ခုနှစ်အတွင်း ဩစတြေးလျအိုးပင်း၊ အင်ဒီယန်ဝဲလ်နှင့် မိုင်ယာမီအိုးပင်းတို့တွင် ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့ပြီးနောက် ပြင်သစ်အိုးပင်းကို လက်လွှတ်ခံမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။ ဖက်ဒဲရာကအစောပိုင်းတွင် ပြင်သစ်အိုးပင်းမှလွဲ၍ ကျန်မြေစေးကွင်း ပြိုင်ပွဲများကိုယှဉ်ပြိုင်ခြင်းပြုမည်မဟုတ်ကြောင်း ကြေညာခဲ့သော်လည်း ယခုမူ ပြင်သစ်အိုးပင်းကိုပါ ယှဉ်ပြိုင်တော့မည်မဟုတ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

■

# ယခုနှစ် ရာသီအကုန်မှာပင် ကစားသမားဘဝမှ အနားယူဖွယ်ရှိဟု ဂျွန်တယ်ရီ ပြောကြား



ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီက လာမယ့်နွေရာသီအတွင်း ချယ်လ်ဆီးမှ ထွက်ခွာချိန် သင့်လျော်သည့် ကမ်းလှမ်းမှုများ မရရှိပါက ကစားသမားဘဝမှ အနားယူမည်ဟု ဝက်ဖို့ဒ်အသင်းကို အနိုင်ရသော ပွဲစဉ်အပြီးတွင် ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်သည်။

တနင်္ဂနွေနေ့ ဆန်းဒါးလန်းအသင်းနှင့် ယှဉ်ပြိုင်မည့် ပွဲစဉ်မှာ တယ်ရီ၏ ချယ်လ်ဆီး ကစားသမားဘဝနောက်ဆုံး ပွဲစဉ်ဖြစ်လာမည်ဖြစ်သည်။ တယ်ရီမှာ ဝက်ဖို့ဒ်အသင်းကို အနိုင်ရရှိသည့်ပွဲစဉ်အတွင်း အဖွင့်ဂိုးကို သွင်းယူနိုင်ခဲ့သော်လည်း နောက်နှစ်မိနစ်အကြာမှာပင် သူ၏ အမှားမှတစ်ဆင့် ဝက်ဖို့ဒ်အသင်းက ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူသွားခဲ့ရာ တယ်ရီကို "သူရဲကောင်းဘဝမှ သူညဘဝ"သို့ ချက်ချင်းရောက်သွားသူဟု မီဒီယာများက ဝေဖန်ခဲ့ကြသည်။

တယ်ရီက အနာဂတ်ရေးနှင့် ပတ်သက်ပြီး "ဆန်းဒါးလန်းနဲ့ပွဲစဉ်ဟာ ကျွန်တော့်ရဲ့ နောက်ဆုံးပွဲဖြစ်တာကြောင့် အဲဒီပွဲကို သေချာပေါက် ဝင်ရောက်ကစားမှာဖြစ်ပါတယ်။ ပြီးရင် ကျွန်တော်ဘောလုံးကစားခြင်းကနေ အနားယူပါမယ်။ ဒါပေမယ့် သင့်တော်တဲ့ ကမ်းလှမ်းမှုရရင်တော့ ကျွန်တော့်မိသားစုနဲ့ တိုင်ပင်ပြီး ဒီမှာ (အင်္ဂလန်)မှာပဲလား နိုင်ငံရပ်ခြားမှာလားဆိုတာကို ဆုံးဖြတ်သွားပါမယ်။ ခုချိန်မှာတော့ ကျွန်တော်ဒီကိစ္စကို မစဉ်းစားသေးပါဘူး"ဟု စကိုင်းစပို့သို့ ဖြေကြားခဲ့သည်။

ဂျွန်တယ်ရီမှာပြီးခဲ့တဲ့ ဧပြီလအတွင်းကပင် ဆယ်စုနှစ်နှစ်ခုကြာ ကျင်လည်ခဲ့သည့် ချယ်လ်ဆီးမှ ရာသီကုန်တွင် ထွက်ခွာမည်ဆိုသည်ကို ကြေညာခဲ့ပြီးဖြစ်သည်။ တယ်ရီမှာ ချယ်လ်ဆီးအသင်း သမိုင်းတွင် အရေးပါဆုံး ကစားသမားဖြစ်ခဲ့ပြီး ယခုနှစ် ပရီမီယာလိဂ်ဖလားအပါအဝင်ဆိုလျှင် ပရီမီယာလိဂ်ဖလား ငါးကြိမ်ရယူထားနိုင်သည့် ကစားသမားဖြစ်သည်။ လာမည့်ရက်သတ္တပတ်အတွင်း ဆန်းဒါးလန်းနှင့် ပွဲစဉ်တွင် တယ်ရီမှာ အသင်းခေါင်းဆောင်အနေဖြင့် ပရီမီယာလိဂ်ဖလားကို ကိုင်မြှောက်အောင်ပွဲခံလိမ့်မည်ဟု နည်းပြ ကွန်တီက အတည်ပြုပြောကြားခဲ့သည်။ ကွန်တီက တယ်ရီမှာ သူ၏ချယ်လ်ဆီးနည်းပြ ပထမရာသီအတွင်း များစွာကူညီပေးခဲ့သူဖြစ်ပြီး ကစားသမားဘဝ အကောင်းဆုံးအချိန်များ ဆက်လက်ရရှိနိုင်ပါစေကြောင်း ဆုတောင်းစကား ပြောကြားခဲ့သည်။

# ဂျူဗင်တပ်ကို ရင်ဆိုင်မည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ရီးယဲလ်အတွက် ဂါရတ်ဘေးလ် ပြန်လည်ပါဝင်လာမည်

ရီးယဲလ်အသင်း တောင်ပံတိုက်စစ်မှူး ဂါရတ်ဘေးလ်မှာ ယခုအချိန်အထိ လေ့ကျင့်ရေးပင် ပြန်မဆင်းနိုင်သေးသော်လည်း ဇွန် ၃ ရက် ဂျူဗင်တပ်နှင့် ယှဉ်ပြိုင်မည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ပြန်လည်ပါဝင်လာရန် ရှိနေကြောင်း သိရသည်။ ဧပြီ ၂၃ ရက် ဘာစီလိုနာအသင်းနှင့် ပွဲစဉ်အတွင်း ခြေသလုံးဒဏ်ရာကြောင့် ပွဲချိန် ၃၅ မိနစ်မှာပင် ကွင်းထဲမှ ဘေးလ် ထွက်ခွာသွားခဲ့ရသည်။

ဘေးလ်က ဒဏ်ရာအမြန်ဆုံးသက်သာရန် အစားအသောက် အနေအထိုင်မှ၍ ဂရုတစိုက် ဆောင်ရွက်လျက်ရှိသည်။ ရီးယဲလ်နည်းပြ ဇီဒန်းက ဘေးလ် မည်သည့်အချိန်တွင် ပြန်ကစားနိုင်မည်ကို အတိအကျပြောရန် ခဲယဉ်းသော်လည်း ဇွန် ၃ ရက်တွင်ကစားမည့် ချန်ပီယံလိဂ် ဗိုလ်လုပွဲတွင်မူ ပါဝင်နိုင်လိမ့်မည်ဟု ပြောကြားခဲ့သည်။ ယင်းပွဲစဉ်နောက်ပိုင်း ဘေးလ် ပါဝင်နိုင်ခြင်းမရှိသော်လည်း ရီးယဲလ်၏ ရလဒ်ပိုင်းဆိုးရွားခြင်းမရှိခဲ့ဘဲ ချန်ပီယံလိဂ်ဗိုလ်လုပွဲနှင့် လာလီဂါပြိုင်ပွဲတို့တွင်လည်း ဘာစီလိုနာအောက် တစ်ပွဲလျော့ကစားပြီး ရမှတ်တူ အနေအထားဖြင့် အမှတ်ပေးဇယားထိပ်တွင် ရပ်တည်နေသည်။

မေ လွဲ့ သင်း - စု စည်း ရေး သား သည်

# ကော်စတာကို ခေါ်ယူလိုတဲ့ အသင်းများတွင် ရှန်ဟိုင်းရှန်ဟွာ ပါဝင်လာ


ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာကို တရုတ်စူပါလိဂ်အသင်းများစွာက ကမ်းလှမ်းထားပြီး အဆိုပါအသင်းများတွင် မူလက ကော်စတာကို ခေါ်ယူရန် စိတ်ဝင်စားခြင်းမရှိခဲ့သည့် ရှန်ဟိုင်းရှန်ဟွာအသင်းပါ ပါဝင်လာခဲ့ပြီဖြစ်သည်။ ကော်စတာကို တီယန်ကျင်းကွမ်းကျင်း၊ ဟာဘေးဖော်ကျွန်း၊ ဂွမ်ဇူးအဲဗာဂရန်ဒီနှင့် ဂျင်ဆုဆန်းနင်းတို့မှ ခေါ်ယူရန် ချိတ်ဆက်နေသည်ဟု မူလက သတင်းထွက်နေခဲ့သော်လည်း ယခုမူ ရှန်ဟွာအသင်းနည်းပြ ပိုယက်ကလည်း ကော်စတာကို ခေါ်ယူရန် စိတ်ဝင်စားနေပြီး နိုင်ငံခြားကစားသမားများနှင့် ပတ်သက်သည့် စည်းမျဉ်းသစ်များကို ထပ်မံပြဋ္ဌာန်းပေးရန် လိုလားကြောင်း ဆိုခဲ့သည်။ ပိုယက်က အသင်းရှိတရုတ်ကစားသမားများ အရည်အသွေးနည်းပါးခြင်းကြောင့် ကော်စတာကို ရှန်ဟိုင်းရှန်ဟွာသို့ ခေါ်ယူလိုခြင်းဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

ပြီးခဲ့သည့်လအတွင်း ကော်စတာ၊ သူ၏ အေးဂျင့် ဂျော့ဂ်ျမန်းဒက်ဇ်နှင့် တီယန်ကျင်းအသင်းတာဝန်ရှိသူများသည် ကန်ဆင်တန် စားသောက်ဆိုင်တွင် တွေ့ဆုံခဲ့ကြသည်ကို The Sun အားကစားသတင်းဌာနက ဓာတ်ပုံများနှင့်တကွ ဖော်ပြခဲ့ပြီးဖြစ်သည်။ The Sun ၏ ဖော်ပြချက်အရ ကော်စတာနှင့် တီယန်ကျင်းတို့ကြား တစ်နှစ်လုပ်ခ ပေါင် ၂၅ သန်းဖြင့် သဘောတူညီချက်ရရှိခဲ့ကြောင်း သိရသည်။



# ပထမဦးဆုံး ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင်ဖြစ်လာမည့် ခါကာဘိုရာဇီ

မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)




မြန်မာနိုင်ငံသည် တောတောင်ရေမြေ သဘာဝရှုခင်းများဖြင့် သာယာလှပနေသော အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ် ဒေသများသာ ပေါများကြွယ်ဝသည်မဟုတ်ဘဲ သဘာဝအမွေအနှစ်ဒေသများလည်း ပေါများကြွယ်ဝကြသည်ကို မြန်မာမြေဖွားတိုင်းရင်းသားများအသိပင်ဖြစ်သည်။

မြန်မာ့အမွေအနှစ်ကို ကမ္ဘာ့နိုင်ငံများမှ အသိနောက်ကျခဲ့ရသည်။ ယခုအခါတွင်တော့ မြန်မာမြေပေါ်တွင် ကမ္ဘာသိထင်ရှားသော ယဉ်ကျေးမှုအမွေအနှစ်နေရာသုံးခုအား ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်သည်။ ထိုယဉ်ကျေးမှုအမွေအနှစ်နေရာသုံးခုမှာ သရေခေတ္တရာပျူမြို့ဟောင်း၊ ဗိဿနိုးပျူမြို့ဟောင်းနှင့် ဟန်လင်းပျူမြို့ဟောင်းများပင်ဖြစ်သည်။ ယူနက်စကိုစာရင်းဝင်ရောက်နိုင်ခဲ့သောရှေးပျူမြို့တော်များရှိခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် သဘာဝအမွေအနှစ် စာရင်းဝင်နေရာများ မရရှိနိုင်ခဲ့သေးပေ။ မြန်မာနိုင်ငံတွင် သဘာဝအမွေအနှစ်စာရင်းဝင်နိုင်ရန် နေရာဒေသများစွာ ကျန်ရှိနေပေသေးသည်။ ယခုအခါတွင်တော့ မြန်မာ့သဘာဝဘေးမဲ့တော ခုနစ်နေရာအား ယူနက်စကိုသို့ သစ်တောဦးစီးဌာနမှ အဆိုပြုလွှာတင်သွင်းခဲ့ကြပေသည်။

ထိုမြန်မာ့သဘာဝဘေးမဲ့တော ခုနစ်ခုအနက် ပထမဦးစွာ ယူနက်စကိုစာရင်းဝင်ဖြစ်လာမည့်ဒေသ မှာ ခါကာဘိုရာဇီပင်ဖြစ်ပေသည်။ ထိုဒေသအား ယူနက်စကိုစာရင်းဝင်ဖြစ်နိုင်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်နေသည့်အဖွဲ့မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ သစ်တောဦးစီးဌာနပင်ဖြစ်ပေသည်။

ကမ္ဘာ့သဘာဝအမွေအနှစ် စာရင်းဝင်ရန်လျာထားသည့် မြန်မာ့သဘာဝဘေးမဲ့တောခုနစ်ခုမှာ ခါကာဘိုရာဇီ ဒေသ၊ ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ချင်းပြည်နယ် နတ်မတောင် အမျိုးသားဥယျာဉ်၊ တနင်္သာရီတိုင်းဒေသကြီး ဆက်စပ်သစ်တောဒေသ၊ ဧရာဝတီမြစ်ဝှမ်းစကြံနှင့် မြိတ်ကျွန်းစုဒေသများပါဝင်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံရှိ သဘာဝဘေးမဲ့တော ခုနစ်ခုကို ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင်နိုင်ရေး အသိအမှတ်ပြုပေးရန်ယူနက်စကိုအဖွဲ့အစည်းအား အဆိုပြုထားရာ ၎င်းအဖွဲ့အစည်းမှ လက်ခံခဲ့ပြီးနောက် ပထမဦးဆုံးစာရင်းဝင်ဖြစ်ရေးအတွက် ခါကာဘိုရာဇီဒေသကို ပြည်တွင်းနှင့်နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များအဖွဲ့က ကုလသမဂ္ဂ၏စံနှုန်းများနှင့် ကိုက်ညီမှု ရှိ-မရှိကို ၂၀၁၄ ခုနှစ်ကပင်ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ပေသည်။

ခါကာဘိုရာဇီဒေသတွင် ခါကာဘိုရာဇီတောင်၊ ဖုန်ကန်ရာဇီ အမျိုးသားဥယျာဉ်၊ ခါကာဘိုရာဇီတောင်ပိုင်းတိုးချဲ့ အမျိုးသားဥယျာဉ်များပါဝင်ပြီး ၎င်းတို့သည် ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းတည်ရှိပြီး ထိုခါကာဘိုရာဇီဒေသကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO)၏ Natural World Heritage စာရင်းဝင်နိုင်ရန် ယခု ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း Nomination Dossier အတွက် အပြီးသတ်ဆောင်ရွက်သွားကြမည်ဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရယူပြီးပါက ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလနောက်ဆုံးထား၍ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) သို့ တင်သွင်းသွားမည် ဖြစ်ပေသည်။ ၂၀၁၈ ခုနှစ် (UNESCO) ညီလာခံတွင် စာရင်းဝင်နေရာတစ်ခုဖြစ်နိုင်မည်၊ မဖြစ်နိုင်မည်ကို သိရှိရမည်လည်းဖြစ်သည်။

ခါကာဘိုရာဇီတောင်သည် ၁၉၂၃ ခုနှစ်တွင် အိန္ဒိယမြေတိုင်းအဖွဲ့တစ်ဖွဲ့သည် မျက်နှာဖြူမြေတိုင်းအရာရှိ မစ္စတာပက်တာ ခေါင်းဆောင်၍ ခန္တီးလောင်းနယ်မြေ ဧရာဝတီမြစ်ဖျားပိုင်းသို့ ရောက်ရှိတိုင်းတာခဲ့ကြသည်။ ထိုကဲ့သို့ သာမန်လုပ်ရိုးလုပ်စဉ် ထူးထူးခြားခြား ပေါ်ထွက်နေသော ခါကာဘိုရာဇီတောင်ထွတ်ကြီးကို တွေ့ရှိသွားပြီး တောင်အမြင့်ကို တိုင်းထွာနိုင်ခဲ့လေသည်။ ထိုအချိန်က ပက်တာ၏အဖွဲ့သည် တောင်ထွတ်ကြီးအနားသို့ ရောက်ရှိခဲ့ခြင်း မရှိခဲ့ပေ။ ထိုတောင်အား ရာသီဥတုကောင်းလျှင် ကောင်းစွာမြင်နိုင်သည့်အတွက် တောင်ထိပ်ပိုင်းကို တောင်ဘက်၊ အရှေ့ဘက်နှင့် အနောက်ဘက်ရှိနေရာပေါင်းများစွာမှ မြင်နိုင်သောကြောင့် အဝေးမှနေ၍ပင် တိုင်းထွာနိုင်ပေသည်။



အိန္ဒိယမြေတိုင်းအရာရှိ ပက်တာဦးဆောင်သောအဖွဲ့မှ ခါကာဘိုရာဇီတောင်ကြီးကို ပထမဦးဆုံးတွေ့ရှိတိုင်းတာခဲ့ပုံ၊ မြေပုံတွင် အတိအလင်း အမည်တပ်ဖော်ပြခဲ့ပုံကို ကမ္ဘာကျော်နယ်လှည့် ရုက္ခဗေဒပညာရှင်မစ္စတာကင်းဒမ်းဝေါ့ဒ်က ၎င်း၏ ကိုယ်တွေ့ခရီးသွားအတွေ့အကြုံကို ရေးသားထားသော "မြန်မာ့ရေခဲတောင်များ"( Myanmar's Ice Mountains ) စာအုပ်စာမျက်နှာ ၁၅၅ တွင် အသေအချာဖော်ပြခဲ့ပေသည်။ ထို့နောက် တရုတ်-မြန်မာ နယ်စပ်တစ်ခွင် လေ့လာရေးအတွက် နိုင်ငံတော်အစိုးရမှ တရားဝင်စေလွှတ်သည့် ဗိုလ်မှူးကြီးစောမြင့် ခေါင်းဆောင်သော ယိမ်းနွဲ့ပါး စစ်တံခွန်အဖွဲ့သည် ၁၉၅၅ ခုနှစ် ခရီးရှည် လှည့်လည်စဉ် ပန်နန်းဒင်ရွာ၌ မြန်မာနိုင်ငံ၏ အမြင့်ဆုံး ခါကာဘိုရာဇီတောင်ကြီးအကြောင်း ဒေသခံမုဆိုးများ၊ လမ်းပြများအား တွေ့ဆုံမေးမြန်းလေ့လာရာ ခါကာဘိုရာဇီဆိုသည့် ဒေသအခေါ် အထန်းဘွမ်တောင်ထွတ်ရှိရာဒေသနှင့် ခရီးလမ်းကြောင်းကို တိတိကျကျသိရှိရသည်။

၁၉၅၆ ခုနှစ် မြစ်ဖျားရေခဲဖုံး ဒေသခရီးစဉ်အတွက် အချိန်ယူပြင်ဆင်ပြီးနောက် ဒေသခံလမ်းပြမုဆိုးများ အကူအညီဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အမြင့်ဆုံးတောင်ကြီးသို့ ခက်ခက်ခဲခဲခရီးပြင်းနှင်ကာ ပထမဆုံး ပြည်ထောင်စုနိုင်ငံသားများအဖြစ် ယိမ်းနွဲ့ပါးက တွေ့ရှိခဲ့သည်။ ပေနှစ်သောင်းနီးပါးအမြင့် ဆောင်သော ၁၂ လရာသီလုံး ဆီးနှင်းရေခဲဖုံးပြီး မည်သည့်လူသားမျှ တက်ရောက်နိုင်ခြင်းမရှိသေးသည့် မတ်စောက်သော ကျောက်တောင်ကြီးပေါ်သို့ ကြိုးစားတက်ရောက်ခဲ့ရာ အမြင့်ပေ ၁၂၀၀၀ ထိ ရောက်ခဲ့သည်။ လွပ်လပ်ရေးရပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံသားထဲမှ ယိမ်းနွဲ့ပါးအဖွဲ့သည် တရားဝင် ပထမဆုံးတွေ့ရှိ၊ ရောက်ရှိ တက်ရောက်ကာ ဖော်ထုတ်ပေးခဲ့သောအဖွဲ့ဖြစ်ပေသည်။

နှစ်ပေါင်းလေးဆယ်ကျော်မျှ ကြာမြင့်ပြီးနောက် ၁၉၉၆ ခုနှစ် သြဂုတ်လတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့မှ ကြိုးမှူးပြီး ကမ္ဘာအနှံ့တောင်တက်လာခဲ့သူ ဂျပန်အမျိုးသား မစ္စတာအိုဇာကီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံသား တဟောင်ဒမ်းရွာသားနမားဂျွန်ဆိန်တို့က တောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြပေသည်။

ခါကာဘိုရာဇီတောင်သည် အရှေ့တောင်အာရှ၏ အမြင့်ဆုံးတောင်ဖြစ်ပြီး မြန်မာနိုင်ငံအနောက်မြောက်ပိုင်း တိဗက်-မြန်မာ နယ်စပ်အနီးတွင်ရှိသည်။ ဟိမဝန္တာတောင်တန်းနှင့် ဆက်သွယ်လျက်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၅၈၈၁ မီတာ အမြင့်ပေ ၁၉၂၉၆ ရှိပြီး အချို့သောမှတ်တမ်းများတွင် ၁၉၃၁၄ ပေ မြင့်သည်ဟု ဆိုကြသည်။ မြောက်လတ္တီတွဒ် ၂၈ ဒီဂရီ ၁၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၂ မိနစ် အကြားတွင်တည်ရှိပြီး တစ်နှစ်ပတ်လုံး ဆီးနှင်းများဖုံးလွှမ်းလျက်ရှိကြောင်း တိဗက်နှင့်မြန်မာနိုင်ငံနယ်နိမိတ် အဖြစ်လည်းပိုင်းခြားထားကာ တိဗက်နယ်စပ်နှင့် နှစ်မိုင်ခန့်သာဝေးပြီး မချမ်းဘောမြို့၏ အနောက်မြောက်ဘက်မိုင် ၈၀ ကျော်တွင်ရှိကြောင်း သိရှိရပေသည်။

ထိုသို့ ခါကာဘိုရာဇီဒေသသည် မြန်မာ့သဘာဝဘေးမဲ့တော ခုနစ်ခုအနက် ပထမဦးဆုံး ယူနက်စကိုစာရင်းဝင်ခဲ့လျှင် မြန်မာနိုင်ငံရှိ မြန်မာနိုင်ငံသားတို့သာမက နိုင်ငံတကာမှ စိတ်ဝင်စားသော ဧည့်သည်များလာရောက်လေ့လာမှုများပြားလာမည်။ မိမိတို့နိုင်ငံ၏ သဘာဝအမွေအနှစ်များကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်။ ဒေသခံများအနေဖြင့် ခရီးသွားလာရေးဆိုင်ရာလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် စားသောက်ရေးဆိုင်ရာ ရောင်းဝယ်ဖောက်ကားမှုများ ဖွံ့ဖြိုးတိုးတက်လာမည်။ ဒေသထွက်လက်မှုလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာမည်။ တည်းခိုနေထိုင်ရေးဆိုင်ရာအခွင့်အလမ်းများနှင့်အတူ ဒေသတွင်းသွားလာရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခံစားကြရမည်။ ဒေသခံများသည် နိုင်ငံတကာနှင့်ယှဉ်၍ အသိဉာဏ်ပွင့်လင်းလာမှုနှင့်အတူ ဗဟုသုတများဖွံ့ဖြိုးတိုးတက်လာမည်။ မိမိတို့၏ သဘာဝအမွေအနှစ်များကို လေးစားမြတ်နိုး တန်ဖိုးထား ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ရာရောက်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါတော့သည်။

***ကိုးကားချက်***

***ခါကာဘိုခရီးသည်- ယိမ်းနွဲ့ပါး၊ ရန်ကုန်၊ ကံ့ကော်မြိုင်စာပေ၊ ၂၀၀၈***

***ပြည်မြန်မာသတင်းဂျာနယ်- မေငယ်***

## ချင်းပြည်နယ်၏ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များ ပိုမိုပွင့်လင်းမြင်သာပြီး တိုးတက်မှုလမ်းစများကို တွေ့မြင်နေရပြီဟု ပြည်နယ်ဝန်ကြီးချုပ်ပြောကြား

**ဟားခါး မေ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (တတိယမူကြမ်း) အပေါ် ချင်းပြည်နယ်ရှိ ပြည်သူများ၏ သဘောထားအမြင်နှင့် အကြံဉာဏ်ရယူရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၅ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ကာဆင်ခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ဦးတည်၍ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်များချမှတ်နိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာကိုရေးဆွဲပြီး ချင်းပြည်နယ်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး၌ ပြည်သူ့သဘောထားအမြင် ဆွေးနွေးရယူမှုလုပ်ငန်းများလုပ်ဆောင်လာခြင်းဖြင့် မိမိတို့ ချင်းပြည်နယ်၏ ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များ ပိုမိုပွင့်လင်းမြင်သာပြီး တိုးတက်မှုလမ်းစများကို တွေ့ရှိဖော်ဆောင်လာနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ရီရီလှိုင်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ဆွေးနွေးပွဲအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးဒေါ်ရီရီလှိုင်က မြန်မာ့လယ်ယာ၊ သားငါးကဏ္ဍ (၂၀၁၆ခုနှစ်) ၏ အနာဂတ်လားရာအမြင်နှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင်ကိုလည်းကောင်း၊ ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးသိန်းဇော်က ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ လယ်ယာ၊ သားငါး၊ ကျေးလက်ကဏ္ဍ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတို့အား ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း၊ ချင်းပြည်နယ်အလုပ်ရုံဆွေးနွေးပွဲပံ့ပိုးကူညီသူ ချင်းပြည်နယ်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေးအဖွဲ့မှ ဦးကျော်ထင်က စိုက်ပျိုးရေးဖွံ့ဖြိုးမှု အဓိကလိုအပ်ချက်များအလိုက် ဆွေးနွေးရန် အစီအစဉ်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်များ၊ တောင်သူလယ်သမားများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အစုအဖွဲ့ (၁၁)စုခွဲကာ စားပွဲဝိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**





## အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းစတင်ဆောင်ရွက်နေမှုတင်ပြခြင်း အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်တက်ရောက်အမှာစကားပြောကြား

**တောင်ကြီး မေ ၁၆**

အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း(၂၀၁၆-၂၀၂၁) ပြုစုခဲ့ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပူးပေါင်းပါဝင်ဆွေးနွေး အကြံပြုခဲ့ကြသူများအား အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း စတင်ဆောင်ရွက်နေမှု တင်ပြခြင်းအခမ်းအနားကို မေ ၁၆ ရက် နံနက် ၈ နာရီခွဲက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ (National Education Stratemic Plan) အဓိကရည်မှန်းချက်ပန်းတိုင်မှာ ကျောင်းများနှင့် ပညာသင်ယူမှုဌာနအားလုံးမှာ ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုကို သိသာထင်ရှားစွာတိုးတက်လာရေးကို ဦးတည်၍ ပိုမိုတိုးတက်ကောင်းမွန်သော သင်ကြားသင်ယူမှု ဖြစ်ထွန်းရေး၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ ဖြစ်ထွန်းရေးတို့ဖြစ်ပါကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က ပြောကြားသည်။

ဆက်လက်၍ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည်များကို ကြီးကြပ်ကူညီ ပံ့ပိုးပေးနိုင်ရန် စီမံကိန်းစာအုပ်အား ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်စင်က ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်သို့လည်းကောင်း၊ စီမံကိန်းစာအုပ်အား ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးမြင့်အောင်က ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သို့လည်းကောင်း၊ အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းအဖွဲ့ဝင် ဒေါ်သင်းသင်းခိုင်က ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးမြင့်အောင်သို့လည်းကောင်း အသီးသီးပေးအပ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ အင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ အခြားဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောသူများနှင့် အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း စတင်ဆောင်ရွက်နေမှုကို ရှင်းလင်းကြသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ပြည်သူ့အငှားအိမ်ရာ နေထိုင်ခွင့်ရရှိရေး တိုက်ခန်းနေရာများမဲနှိုက်ရွေးချယ်

**ရွှေဘို မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် အငြိမ်းစားဝန်ထမ်းများ၊ လက်ရှိတာဝန် ထမ်းဆောင်နေသော လုပ်သက်(၂၅)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းများနှင့် ဝင်ငွေနည်းပြည်သူများ နေထိုင်နိုင်ရန် ရွှေဘိုမြို့ မြတောင်ရပ်တွင် ဆောက်လုပ်ပြီးစီးခဲ့သော ပြည်သူ့အငှားအိမ်ရာများ နေထိုင်ခွင့်ရရှိရေး တိုက်ခန်းနေရာများ မဲနှိုက်ရွေးချယ်ခြင်းကို မေ ၁၄ ရက် မွန်းလွဲ ၁ နာရီက ရန်ကြီးအောင်အားကစားကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး လျှပ်စစ်စက်မှု နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်လင်းက စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၂ ခန်းတွဲ ငါးထပ်အဆောက်အအုံ ပြည်သူ့အငှားအိမ်ရာများကို မုံရွာတွင်နှစ်လုံး၊ ရွှေဘိုတွင်နှစ်လုံး တိုက်ခန်းများ နေရာချထားပေးလျက်ရှိကြောင်း၊ ထပ်မံ၍ ၁၂ ခန်းတွဲ လေးထပ်အဆောက်အအုံကို စစ်ကိုင်းတွင်နှစ်လုံး၊ ကသာတွင် နှစ်လုံးနှင့် မုံရွာတွင် တစ်လုံး ဆောက်လုပ်လျက်ရှိကြောင်း၊ မေလတွင် မဲပေါက်သူများကို စိစစ်ပြီး ဇွန်လပိုင်းတွင် နေထိုင်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြည်သူ့အငှားအိမ်ရာများ ဆောက်လုပ်နေရာချထားခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစုမြင့်က တိုက်ခန်းများ နေရာချထားပေးမှုအတွက် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အများပြည်သူများရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာဖြင့် တစ်ဦးချင်းစီ မဲနှိုက်ရွေးချယ်ပေးပြီး မဲပေါက်သူများစာရင်းကို ကြေညာပေးခဲ့သည်။

ပြည်သူ့အငှားအိမ်ရာများ နေထိုင်ခွင့်ရရှိရေး တိုက်ခန်းနေရာများ လျှောက်ထားသူများမှာ အငြိမ်းစားဝန်ထမ်း ၇၃ ဦး၊ နိုင်ငံ့ဝန်ထမ်း ၇၇ ဦးနှင့် ဝင်ငွေနည်းပြည်သူ ၁၈၁ ဦး စုစုပေါင်း ၃၃၁ ဦးရှိကြောင်း၊ တိုက်ခန်းအရေအတွက်မှာ အငြိမ်းစားဝန်ထမ်းအတွက် ၂၅ ခန်း၊ နိုင်ငံ့ဝန်ထမ်းအတွက် ၂၅ ခန်းနှင့် ဝင်ငွေနည်းပြည်သူအတွက် အခန်း ၅၀ စုစုပေါင်း အခန်း ၁၀၀ ကို မဲနှိုက်ရွေးချယ်ပေးကြောင်း၊ မဲပေါက်သူများကိုလည်း စိစစ်၍ သတ်မှတ်ချက်နှင့် မညီညွတ်ပါက အရန်မဲပေါက်သူများကို ပေးသွားမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစုမြင့်က ပြောသည်။

**ခင်ဦးစိုးဝေ**



## ကျောက်မဲမြို့တွင် ရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်းဖွင့်

**ကျောက်မဲ မေ ၁၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကြက်ခြေနီအသင်းမှ ကြီးမှူးဖွင့်လှစ်သော ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၅ ရက် နံနက် ၁၀ နာရီက ပိန္နဲကုန်းကျေးရွာ မန်ကောင်းမူး အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းခိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အနာဂတ်တွင် မျိုးဆက်သစ်လူငယ်များအနေဖြင့် တာဝန်ကိုသိတတ်ပြီး စုပေါင်းဖွဲ့စည်းလုပ်ကိုင် ဆောင်ရွက်တတ်ခြင်း၊ အများပြည်သူအတွက် ဘေးအန္တရာယ်နှင့် အရေးကြုံလာလျှင် ရှေးဦးပြုစုခြင်းများဖြင့် ကူညီဆောင်ရွက်ပေးနိုင်ရေးနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ လူငယ်လူရွယ်များ ရှေးဦးပြုစုခြင်း အခြေခံများ သိရှိနားလည်စေရန်ရည်ရွယ်၍ ယခုလို သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါရှေးဦးပြုစုခြင်း အခြေခံသင်တန်းသို့ ကျောက်မဲမြို့နယ်အတွင်းရှိ ပိန္နဲကုန်း၊ မန်ကျောင်း၊ ကုန်းစုံကျေးရွာများမှ သင်တန်းသားသင်တန်းသူ ၃၅ ဦး တက်ရောက်သင်ကြားကြပြီး သင်တန်းကာလမှာ ငါးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျောက်မဲခရိုင်ပြန်/ဆက်**

## ယာဉ်မောင်းလိုင်စင်ဖြေဆိုမှု ကွန်ပျူတာဖြင့်စစ်ဆေး

**မန္တလေး မေ ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်း ယာဉ်မတော်တဆမှုများလျှော့ချနိုင်ရန်အတွက် ယာဉ်မောင်းလိုင်စင်ထုတ်ပေးမှု၊ ဖြေဆိုမှုများတွင် ကွန်ပျူတာစနစ်အသုံးပြု စစ်ဆေးပေးလျက်ရှိသည်။

ကွန်ပျူတာစနစ်အသုံးပြုစစ်ဆေးခြင်းများကြောင့် အောင်-ရှုံး စာရင်းကိုချက်ချင်းထုတ်ပြန်ပေးနိုင်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စာအုပ်သေချာစွာ ဖတ်မထားသူများ ကျရှုံးမှုများပြားပြီး ပြန်လည်ဖြေဆိုသူ အရေအတွက်မှာလည်း များပြားလာသည်။

ကွန်ပျူတာစနစ်အသုံးပြုခြင်းကြောင့် ငွေပေး၍ လိုင်စင်ရယူခြင်းများမရှိနိုင်တော့ကြောင်း၊ ဖြေနိုင်မှုအပေါ်မှာ အောင်၊ ရှုံးဆုံးဖြတ်တာဖြစ်၍ တိကျမှန်ကန်ကြောင်း ကညနတာဝန်ရှိသူတစ်ဦးက ပြောသည်။

ယာဉ်မောင်းလိုင်စင်၊ ဆိုင်ကယ်မောင်းလိုင်စင်ဖြေဆိုမှုများတွင် အနီးကပ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းပို့ချကာ ကွန်ပျူတာစက်များဖြင့် မောင်းနှင်ခြင်း၊ လက်တွေ့မောင်းနှင်စစ်ဆေးခြင်းများပြုလုပ်ပြီး လိုင်စင်များထုတ်ပေးကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်သင့်ကြောင်း ကရင်ပြည်နယ်ဝန်ကြီးချုပ် ပြောကြား




**ဘားအံ မေ ၁၆**

ကရင်ပြည်နယ် ဘားအံမြို့တွင် Business For Peace ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများအကြောင်း ဆွေးနွေးဟောပြောပွဲကို မေ ၁၄ ရက် နံနက် ၉ နာရီခွဲက အမှတ်(၈)ရပ်ကွက် သီရိဘားအံဟိုတယ် မင်္ဂလာဖားစည်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးဟောပြောပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် နေရာဒေသအသီးသီး၌ စီးပွားရေးတိုးတက်မှုရှိမှသာလျှင် ငြိမ်းချမ်းရေးအတွက်လည်း အထောက်အကူဖြစ်နိုင်မှာဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်နိုင်ရေးအတွက် ဆွေးနွေးဟောပြောမှုဖြစ်ကြောင်း၊ ယခင် လက်နက်ကိုင်တိုက်ပွဲများဖြင့် ရပ်တည်ခဲ့ချိန်တွင် စီးပွားရေးကို များစွာထိခိုက်ခဲ့ရကြောင်း၊ ပြည်နယ်အတွင်းဒေသငြိမ်းချမ်းရေးပိုမိုရရှိလာချိန်တွင် စီးပွားရေးလုပ်ငန်းများလာရောက်ရင်းနှီးမြှုပ်နှံမှု ပိုမိုများပြားလာကြောင်း၊ အေးချမ်းတည်ငြိမ်စွာဖြင့် စီးပွားရေးကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းသည်လည်း ငြိမ်းချမ်းရေး၏ အနှစ်သာရပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်သင့်ကြောင်းနှင့် ဂရုတစိုက်စိတ်ပါဝင်စားစွာ လေ့လာသင့်ကြောင်း အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး UMFCCI ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်က ဆွေးနွေးဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးကာ ဟသ်ာအုပ်စုဂျာနယ်အသင်း (မော်လမြိုင်) မှ ဒုဥက္ကဋ္ဌ ဦးမင်းဗညားစန်းက တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ကရင်ပြည်နယ်သူ ပြည်နယ်သားများအနေဖြင့် ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရရှိလာသည်နှင့်အညီ အတွေးအခေါ်ဆန်းသစ်မှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများအတွက် စဉ်းစားတွေးခေါ်တတ်စေရန်ကိုလည်း ရည်ရွယ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များပါဝင်လာနိုင်ရေးအတွက်ကို မျှော်လင့်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များသည် ငြိမ်းချမ်းရေး အတွက်အရေးပါကြောင်း၊ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးသည် အပြန်အလှန်ဆက်နွယ်နေကြောင်း စသည်ဖြင့် ငြိမ်းချမ်းရေးအတွက် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခဲ့ပြီး ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစောချစ်ခင်၊ ဒုတိယဥက္ကဋ္ဌဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ဒေါက်တာအောင်ထွန်းသက်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်ကုန်သည်ကြီးများအသင်းနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မြိတ်မြို့စည်ပင်သာယာလှပရေး ဝန်ကြီးချုပ်နှင့် ပြည်သူများ စုပေါင်းအမှိုက်ကောက်



**မြိတ် မေ ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မြို့တော်စည်ပင်သာယာလှပရေးအတွက် စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေးဆောင်ရွက်မှုကို မေ ၁၅ ရက် နံနက် ၅ နာရီခွဲက မြိတ်မြို့ပေါ်ရပ်ကွက် (၅)ရပ်ကွက်ရှိ လမ်းမကြီးတစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြိတ်မြို့စည်ပင်သာယာလှပရေးအတွက် စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေးဆောင်ရွက်ရာတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဒုတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစံရွှေမောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကို၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ထွန်း၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၄၀၀၀ ခန့်ဖြင့် မြိတ်မြို့စည်ပင်သာယာလှပရေးအတွက် စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေးကို မြို့သစ်၊ နောက်လယ်၊ အင်းလေးမြိုင်၊ ဆိပ်ငယ်၊ ကန်ကြီးရပ်ကွက်များရှိ လမ်းမကြီးတစ်လျှောက်စုပေါင်းသန့်ရှင်းရေး လှည့်လည်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) အသင်းခွဲဖွင့်

**ကျောက်တန်း မေ ၁၆**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ခနောင်စံပြကျေးရွာ နန္ဒာရုံကျောင်းတိုက်၌ မေ ၁၄ ရက် နံနက် ၁၀ နာရီက ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အသင်းခွဲအမှတ် (၅၂) ဖွင့်ပွဲ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ နန္ဒာရုံကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒာသီရိက ဩဝါဒစကားမိန့်ကြားတော်မူပြီး (YMBA) ဒုတိယဥက္ကဋ္ဌ ဦးကြည်မြင့် (မင်္ဂလဓမ္မဇောတိကဓဇ) က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် အသင်းခွဲအမှတ် (၅၂) ၏ ဥက္ကဋ္ဌ ဦးမြင့်ဆွေက အသင်းဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကိုပြောကြားပြီး (YMBA) အသင်းကြီး၏ အမှုဆောင်ဖြစ်သူ ဦးဝင်းညွန့် (အခမ်းအနားမှူး) က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

## မြန်မာ့အစားအစာများကို ကမ္ဘာကသိအောင်ဖော်ဆောင်မည်

**ရန်ကုန် မေ ၁၆**

မြန်မာနိုင်ငံအတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းများ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စားသောက်ဆိုင်များ ဝန်ဆောင်မှုအရည်အသွေးမြင့်မားစေရန်အတွက် နိုင်ငံ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သောအားဖြင့် မြန်မာ့အစားအစာများကို ကမ္ဘာကသိအောင် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

ထိုကဲ့သို့ မြန်မာ့အစားအစာများကို ကမ္ဘာကသိအောင်ဖော်ဆောင်ရခြင်းမှာ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းများ၏အရည်အသွေးနှင့် ဝန်ဆောင်မှုအဆင့်အတန်းများကို ကမ္ဘာ့အဆင့်မီ မြင့်မားတိုးတက်လာအောင် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာအောင် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာနေဇော်အောင်က ပြောသည်။

“နိုင်ငံတကာအဆင့်မီနည်းပညာတွေ၊ ထုတ်ကုန်တွေကို ပြည်တွင်းမှာရှိနေတဲ့ လုပ်ငန်းရှင်များနဲ့ ထိတွေ့အောင်လုပ်ဆောင်တော့မှာပါ။ အသင်းအတွက် ပညာရပ်ပိုင်းများကိုလည်း နိုင်ငံခြားက ပို့ချပေးနေပါတယ်။ ပြီးတော့ မြန်မာ့အစားအစာများကို ကမ္ဘာကသိအောင်ဖော်ဆောင်သွားမှာဖြစ်ပြီး နိုင်ငံတော်အဆင့်ဖြစ်တဲ့အတွက်ကြောင့် ဝန်ကြီးဌာနအပါအဝင် တာဝန်ရှိသူများကိုတင်ပြပြီးတော့မှ လုပ်ဆောင်သွားမှာပါ။ ဥပမာ ထိုင်းနိုင်ငံမှာဆိုရင် Tom Yam အစားအစာ၊ ဗီယက်နမ်နိုင်ငံဆိုရင် ကော်ပြန့်လိပ်အစားအစာကို ထိုးဖောက်နိုင်တော့ ကျွန်တော်တို့နိုင်ငံအတွက်လည်း နိုင်ငံခြားသားအပါအဝင် မြန်မာလူမျိုးများကြိုက်နှစ်သက်လက်ခံနိုင်မယ့် မုန့်ဟင်းခါး(သို့) အခြားအစားအစာတစ်ခုခုကို ရွေးချယ်မှာပါ။ ဒါလည်း ခရီးသွားလုပ်ငန်းကို တစ်နည်းတစ်ဖုံ မြှင့်တင်ပေးရာကျပါတယ်” ဟုဆိုသည်။

ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အသင်းသား၊ အသင်းသူများအား အသိပညာပေးလုပ်ဆောင်သည့်အနေဖြင့် ရန်ကုန်၊ မန္တလေး၊ ပုဂံနှင့် အင်းလေးမြို့တို့၌ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ကြောင်း၊ အစားအသောက်များအား ရေရှည်ထိန်းသိမ်းနည်းများ ပို့ချခဲ့ကြောင်း၊ ဂျပန်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအေဂျင်စီနှင့် ပူးပေါင်းကာ နှစ်စဉ် စားသောက်ဆိုင်ပိုင်ရှင် ၂၀ အား ဂျပန်နိုင်ငံ တိုကျိုမြို့၌ အစားအသောက်နှင့်စပ်လျဉ်းသည့် အသိပညာပေးလုပ်ငန်းများအား ပုံမှန်ပို့ချပေးလျက်ရှိကြောင်းနှင့် နိုင်ငံအတွင်း စားသောက်ဆိုင်လုပ်ငန်း လုပ်ဆောင်လိုသူများအား ဖိတ်ခေါ်လျက်ရှိကြောင်း မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းအား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏လမ်းညွှန်ချက်ဖြင့် ၂၀၁၁ ခုနှစ် မေ ၁၁ ရက်က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခုအခါ မြန်မာနိုင်ငံအနှံ့အပြားတွင် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(ဗဟို) အပါအဝင် အသင်းခွဲပေါင်း ၁၂ သင်း၊ အသင်းဝင်ပေါင်း ၅၂၀ ကျော်ဖြင့် ဖွဲ့စည်းနိုင်ခဲ့ပြီကြောင်း သိရသည်။ **စိုးဝင်း (MLA)**

## တွံတေးမြို့နယ်အတွင်း ကျေးရွာငါးရွာလျှပ်စစ်မီးရရှိ

**တွံတေး မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ကျခံဆောင်ရွက်သည့် ရန်ကုန်အနောက်ပိုင်းခရိုင် တွံတေးမြို့နယ်အတွင်းရှိ ကြည်ဆိပ်ရွာ၊ ခရမ်းဝရွာ၊ ကြည်တန်းရွာ၊ ကုလားတန်းရွာနှင့် ဘကလှဲ့ကျေးရွာ ငါးရွာတို့တွင် လျှပ်စစ်မီးထပ်မံရရှိ၍ မီးလင်းနေပြီဖြစ်ကြောင်း မေ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူထံမှ သိရသည်။

တွံတေးမြို့နယ်၌ ကျေးရွာပေါင်း ၂၃၉ ရွာတွင် မီးလင်းပြီး ၆၄ ရွာနှင့် နေရောင်ခြည်စွမ်းအင်သုံးစွဲသည့်ကျေးရွာ ၃၂ ရွာ၊ မီးလင်းရန်ကျန်ရှိကျေးရွာ ၁၇၀ အနက် ယခုအခါ ကျေးရွာငါးရွာထပ်မံ၍ လျှပ်စစ်မီးလင်းလာပြီဖြစ်သည်။ တွံတေး-ဒလ ကားလမ်းဘေး၊ လှိုင်သာယာ-တွံတေးကားလမ်းဘေးနှင့် ကံဘဲ့ ဘုရားကြီးလမ်းဘေးရှိ ကျေးရွာများအားလုံး လျှပ်စစ်မီးရရှိနေပြီး ပဒန်ရေကျော်-ခတ္တိယလမ်းဘေးရှိ ကြည်တန်၊ ကုလားတန်ကျေးရွာ ငါးရွာတို့တွင် 11/0.4KV, 200 KVA ထရန်စဖော်မာငါးလုံး တည်ဆောက်ပြီးစီးခြင်း၊ HT လိုင်း တစ်ခန်းစီခွဲထားခြင်းကို လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် တွံတေးမြို့နယ်တွင် ကျေးရွာပေါင်း ၂၃၉ ရွာရှိသည့်အနက် ရွာအငယ်ကလေးများမှအပ ကျန်ကျေးရွာများအားလုံး ၂၀၂၀ ခုနှစ်အတွင်း လျှပ်စစ်မီးလင်းရေးအတွက် သက်ဆိုင်ရာဌာန၊ ကျေးရွာမီးလင်းရေးကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရွှေတိုင်လွင်**



# တောင်ကိုရီးယားနိုင်ငံ၏ အမျိုးသားအဆင့် သစ်တောပြန်လည်တည်ထောင်ခြင်းဆိုင်ရာ အတွေ့အကြုံများ

ဒေါက်တာရာဇာမင်း(သစ်တောသုတေသနဌာန)

တောင်ကိုရီးယားနိုင်ငံသည် ၁၉ ရာစုနှောင်းပိုင်းမှ စတင်ပြီး သစ်တောပျက်စီး ပြုန်းတီးမှုများ စတင်ဖြစ်ပေါ်ခဲ့ပြီး ၁၉၁၀ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်လက်အောက်ကျရောက်ခဲ့ချိန်တွင် သစ်တောပြုန်းတီးမှု အဆိုးရွားဆုံးဖြစ်ခဲ့ပါသည်။ ဂျပန် ကိုလိုနီခေတ်တွင် သစ်တောဟတ်တာ ၉ ဒသမ ၆ သန်းကျော်မှ သစ်အလွန်အကျွံထုတ်ယူခဲ့သည်။ ထို့ပြင် ၁၉၅၀ ကိုရီးယားစစ်ပွဲအတွင်းတွင် သစ်တောအားလုံးနီးပါးသည် ပျက်စီးခဲ့ရပါသည်။ တောင်ကိုရီးယားနိုင်ငံ၏ သစ်တောပြုန်းတီးရခြင်းအကြောင်းအရင်းများတွင် တရားမဝင်သစ်ထုတ်ယူခြင်း၊ သစ်အလွန်အကျွံထုတ်ယူခြင်း၊ ထင်းလောင်စာလိုအပ်ချက် မြင့်မားခြင်း၊ ရွှေ့ပြောင်းတောင်ယာနှင့် ညံ့ဖျင်းသည့်အုပ်ချုပ်မှုစနစ်တို့ကြောင့်ဟု ဆိုပါသည်။ မည်သို့ပင်ဖြစ်စေ သစ်တောပျက်စီးပြုန်းတီးမှုကို ပြန်လည်ကုစားရန်အတွက် တောင်ကိုရီးယားနိုင်ငံသည် သစ်တောပြန်လည်တည်ထောင်ရေး စီမံကိန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၁၉၇၃ ခုနှစ်မှ ၁၉၇၈ ခုနှစ်အတွင်း ပထမဆုံး သစ်တောဖွံ့ဖြိုးရေးစီမံချက်ကို ရေးဆွဲ၍ ပြည်သူပြည်သားများ၏ ပူးပေါင်းပါဝင်မှုဖြင့် မြေ ဟတ်တာ တစ်သန်းတွင် သစ်တောပြန်လည် တည်ထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ဒုတိယသစ်တောဖွံ့ဖြိုးရေး စီမံချက် ၁၉၇၉-၁၉၈၇ ဖြင့် နောက်ထပ် ဟတ်တာ တစ်သန်းကို သစ်တောပြန်လည်တည်ထောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ တတိယ သစ်တောဖွံ့ဖြိုးရေးစီမံချက် ၁၉၈၈-၁၉၉၇ ဖြင့် သစ်တောပြန်လည်တည်ထောင်ခြင်းတွင် စီးပွားရေးတန်ဖိုးမြှင့်နိုင်ရေးနှင့် ပြည်သူများ အကျိုးအမြတ်ခံစားနိုင်ရေးများကို ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ ကိုရီးယား သစ်တောဌာနမှ ဟတ်တာ သုည ဒသမ ၃၂ သန်းကို စီးပွားဖြစ်သစ်တောဇုန်များအဖြစ် တည်ထောင်ခဲ့ပြီး ဟတ်တာ ၃ ဒသမ ဝ၃သန်းကို တောပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ တောင်ကိုရီယားနိုင်ငံအနေဖြင့် ၁၉၆၂ ခုနှစ်မှ ယခုအချိန်အထိ မြေအတန်းအစားညံ့သည့် တောပျက်မြေပေါ်တွင် စိုက်ပျိုးခဲ့သည့် သစ်ပင်ပေါင်း ၁၂ ဘီလီယံထိရှိသည်ဟု ဆိုပါသည်။

တောင်ကိုရီးယားနိုင်ငံသည် ၁၉၆၄ ခုနှစ်တွင် ပြည်ပတင်ပို့ခြင်းမှရရှိငွေ ဒေါ်လာသန်း ၁၀၀ သာရှိခဲ့ရာမှ ၂၀၁၂ ခုနှစ် ကုန်သွယ်မှုဝင်ငွေ ဒေါ်လာ ၁ ထရီလီယံထိရှိခဲ့ပြီး ကမ္ဘာ့ အဌမ စီးပွားရေး အင်အားကြီးနိုင်ငံဖြစ်လာခဲ့သည်။ ၁၉၅၀-၁၉၅၃ ခုနှစ်အတွင်း ကိုရီးယားစစ်ပွဲကြောင့် တိုင်းပြည်၏ စီးပွားရေးထိခိုက်ခဲ့ရပြီး ၁၉၅၃ ခုနှစ်တွင် GNI per capital ၆၇ ဒေါ်လာသာရှိခဲ့ပါသည်။ သို့သော်လည်း ၂၀၁၄ ခုနှစ်တွင် GNI per capital ၂၈ ၁၈၀ ဒေါ်လာအထိဖြစ်ပါသည်။ သစ်တောနှင့်ပက်သက်၍ ၁၉၅၃ ခုနှစ်တွင် သစ်တော တစ်ဟတ်တာရှိ သစ်ထုထည်ပမာဏ ၆ ကုဗမီတာသာ ရှိခဲ့ပါသည်။ သို့သော်လည်း ၂၀၁၄ ခုနှစ်တွင် သစ်တော တစ်ဟတ်တာရှိ သစ်ထုထည်ပမာဏ ၁၄၂ ကုဗမီတာထိရှိလာခဲ့ပါသည်။ ထို့ကြောင့် ဒုတိယကမ္ဘာစစ်ပြီးနောက် သစ်တောပြန်လည် တည်ထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည့် နိုင်ငံများတွင် အောင်မြင်သည့် တစ်ခုတည်းသော ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ် FAO က ၁၉၈၂ ခုနှစ်တွင် သတ်မှတ်ခဲ့ပါသည်။

### သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ အောင်မြင်ရခြင်းအကြောင်းအရင်းများ

တောင်ကိုရီးယားတက္ကသိုလ် ဆိုးလ်အမျိုးသားတက္ကသိုလ်၏ ပါမောက္ခ Don Ko Lee က သစ်တော ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ အောင်မြင်ရခြင်း အကြောင်းအရင်း အချက် ၅ ချက်ကို ထောက်ပြပါသည်။

၁။ မြစိမ်းရောင် ခေါင်းဆောင်များ
၂။ အုပ်ချုပ်မှု
၃။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်ခြင်း
၄။ Saemaul စိတ်ဓာတ်
၅။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်း

### ၁။ မြစိမ်းရောင် ခေါင်းဆောင်များ

၁၉၆၂ မှ ၁၉၇၉ ခုနှစ်အထိ သမ္မတအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည့် သမ္မတပတ်ချုံးဟီသည် ၎င်းတာဝန်ယူစဉ်ကာလအတွင်း တောပျက်မြေများပေါ်တွင် သစ်တောပြန်လည်တည်ထောင်ခြင်းကို တစိုက်မတ်မတ်အားပေးဆောင်ရွက်ခဲ့ပြီး အစိုးရမူဝါဒ အစီအစဉ်များတွင် သစ်တောပြန်လည်တည်ထောင်ခြင်းကို ဦးစားပေးလုပ်ငန်းအနေဖြင့် ထည့်သွင်းဆောင်ရွက်ခဲ့ပါသည်။ အစိုးရ၏ အခြားသော အစီအစဉ်များတွင်လည်း သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများကို ပေါင်းစပ်ထည့်သွင်း၍ ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ ၎င်း၏ ခေါင်းဆောင်မှုသည် အောင်မြင်သော သစ်တောပြန်လည် တည်ထောင်ခြင်းလုပ်ငန်းများအတွက် အဓိကနေရာမှ ပါဝင်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် စတင်ခဲ့ပြီး လေးနှစ်ကြာသည့် Yong-il Erosion Control စီမံကိန်းသည် ပြည်သူပေါင်း ၃ ဒသမ ၆ သန်းပူးပေါင်းပါဝင်ခဲ့ပြီး မြေဟတ်တာ ၄၅၃၈ ကို သစ်တော ပြန်လည် တည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်သည့် စီမံကိန်းတစ်ခုဖြစ်ခဲ့ပါသည်။

သစ်တောပြန်လည်တည်ထောင်ခြင်း လုပ်ငန်းများ အောင်မြင်ရခြင်း၏ နောက်ထပ် အကြောင်းအရင်းတစ်ခုမှာ အကြီးမြန်၍ သစ်အရည်အသွေးကောင်းသည့် စပ်မျိုးသစ်ကို စိုက်ပျိုးနိုင်ခဲ့ခြင်းလည်း ပါဝင်ပါသည်။ သစ်တောမျိုးရိုးဗီဇပညာရှင် Dr. Hyun Sin Kyu onf Lobly and pitch pine hybrid ကို မျိုးစပ်ထုတ်လုပ်ခဲ့သဖြင့် သမ္မတပတ်ချုံးဟီနှင့်အတူ ၎င်းအား Forest Hall of Fame တွင် ထည့်သွင်းဖော်ပြ ဂုဏ်ပြုခြင်းခံခဲ့ရပါသည်။

### ၂။ အုပ်ချုပ်မှု

၁၉၆၇ ခုနှစ်မတိုင်မီထိ သစ်တောနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနသည် သစ်တစ်ပင်ခုတ်တိုင်း သစ်ပင် ငါးပင်စိုက်ရန်၊ ထင်းအစား အခြားလောင်စာသုံးစွဲမှု မြှင့်တင်ရန်နှင့် တရားမဝင်သစ်ခုတ်ယူမှုမှ တားဆီးကာကွယ်ရန်စသည့် သစ်တောမူဝါဒသုံးချက်ကို အလေးထားမြှင့်တင်ဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း ဆောင်ရွက်သည့် စီမံကိန်းအများစုမှာ မအောင်မြင်ဖြစ်ခဲ့ရပါသည်။ သို့ဖြစ်၍ ၁၉၆၇ ခုနှစ်တွင် ကိုရီးယားသစ်တောဌာနကို တည်ထောင်ခဲ့ပြီး သစ်တောလုပ်ငန်းများကို စနစ်တကျ စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် သစ်တောဦးစီးဌာနကို သစ်တောနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနအောက်မှ ပြည်ထဲရေးဝန်ကြီးဌာနအောက်သို့ လွှဲပြောင်းခဲ့ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှ ဌာနများမှ သစ်တောဦးစီးဌာနအား သစ်တောကာကွယ်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

> ကိုရီးယားသစ်တောဌာနမှ သစ်တောဝန်ထမ်းများသည် သစ်တောပြန်လည်တည်ထောင်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် အများပြည်သူ ပူးပေါင်းမှုရရှိရန် အလေးထား. . .

ဒေသအစိုးရများမှ ပျိုးပင်များ ဝယ်ယူနိုင်ရေးအတွက် အစိုးရမှကျေးရွာများသို့ ပျိုးဥယျာဉ်များတည်ထောင်ရေးအတွက် အထောက်အပံ့များပေးအပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပါသည်။

အုပ်ချုပ်မှုစနစ်တွင် အခြေခံအဆောက်အအုံတည်ဆောက်ခြင်း ၁၉၇၁-၁၉၇၃၊ ဒေသခံပြည်သူစွမ်းဆောင်ရည်မြှင့်တင်ခြင်း ၁၉၇၄-၁၉၇၆ နှင့် ကိုယ့်အားကိုယ်ကိုးခြင်း ၁၉၇၇-၁၉၈၂ ကဏ္ဍသုံးရပ်ကို အကောင်ထည်ဖော်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် ကိုရီးယားသစ်တောဌာနမှ ပထမသစ်တောပြန်လည်တည်ထောင်ခြင်းစီမံကိန်း ၁၉၇၃-၁၉၇၈ ဖြင့် သစ်တောအုပ်ချုပ်မှုစနစ်ကို စတင်အသက်သွင်းနိုင်ခဲ့ပါသည်။ သစ်တောအုပ်ချုပ်မှုစနစ်တွင် ပြည်သူကိုဗဟိုပြုခဲ့ပြီး ပြည်သူမှ မောင်းနှင်သည့် သစ်တော ပြန်လည်တည်ထောင်ခြင်း စီမံကိန်းများအဖြစ် အကောင်ထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ Prompt, People and Profitable ကို အခြေပြုသည့် စနစ်ဖြစ်ပါသည်။ အစိုးရမှ မူဝါဒနှင့် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး ကျေးရွာများမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အစိုးရ၊ ရွာ ခေါင်းဆောင်လူကြီးနှင့် ရွာသားများဖြင့် လည်ပတ်သည့် စနစ်တစ်ရပ်ဖြစ်ပါသည်။

မူဝါဒအကောင်အထည်ဖော်ရာတွင် စီမံကိန်းရေးဆွဲခြင်း၊ အကောင်ထည်ဖော်ခြင်း၊ မြို့နယ်၊ ခရိုင်အဆင့် စစ်ဆေးခြင်း၊ တိုင်းဒေသကြီးအဆင့် စစ်ဆေးခြင်းနှင့် ဗဟိုအဆင့်စစ်ဆေးခြင်းနှင့် စီမံကိန်းပြီးနောက် စီမံခန့်ခွဲခြင်းတို့ ပါဝင်ပါသည်။ အစိုးရနေရာမှာ ထောက်ပံ့ကူညီသည့် Catalyst အဆင့်အဖြစ် ရပ်တည်ဆောင်ရွက်ခဲ့ပါသည်။

### ၃။ ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်ခြင်း

ကိုရီးယားသစ်တောဌာနမှ သစ်တောဝန်ထမ်းများသည် သစ်တောပြန်လည် တည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အများပြည်သူပူးပေါင်းမှုရရှိရန် အလေးထားခဲ့ကြပါသည်။ ၁၉၇၀ ခုနှစ်တွင် ကိုရီးယားလူမျိုးအားလုံး သစ်ပင်စိုက်ပျိုးမှုတွင် ပါဝင်ခဲ့ကြောင်း သိရှိရပါသည်။ သစ်တောဝန်ထမ်းများသည် သစ်တောသစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကို ရွာသားများ၊ စစ်သားများနှင့် ကျောင်းသားများနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အစိုးရအနေဖြင့် Forest kyes ဟုဆိုသည့် သစ်တောကျေးရွာ အပြန်အလှန် ထောက်ပံ့ကူညီရေးအသင်းများကို တောင်ကိုရီးယားနိုင်ငံရှိ ရွာအများစုတွင် တည်ထောင်ပေးခဲ့ပါသည်။ ပျိုးပင်များ၏ ရှင်သန်မှုရာခိုင်နှုန်းကို ရွာများကြားနှင့် ဆောင်ရွက်သူများကြား အပြန်အလှန်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ပါသည်။

### ၄။ Saemaul စိတ်ဓာတ်

Saemaul Undong (SU) ဆိုသည်မှာ ၁၉၇၁ ခုနှစ်တွင် ကိုရီးယားနိုင်ငံတွင် အစပြုခဲ့သည့် ဒေသခံပြည်သူများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သည့် အစီအစဉ်တစ်ရပ်ဖြစ်ပါသည်။ ၎င်းမှ ငါလုပ်နိုင်တယ် CAN DO Spirit ကို အုတ်မြစ်ချပေးပါသည်။ Saemaul Spirit (1.0) တွင် လုံ့လရှိခြင်း၊ ကိုယ့်အားကိုယ်ကိုးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အချက်သုံးချက်ကို မြှင့်တင်ပါသည်။ Saemaul Undong (SU) မှ အဓိက ဆောင်ရွက်သည့် ကိစ္စရပ်များမှာ

၁။ ပညာရေး(လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်းများ)
၂။ ပတ်ဝန်းကျင် (ပတ်ဝန်းကျင်တိုးတက်ကောင်းမွန်စေခြင်း)
၃။ လူမှုရေး (ဝင်ငွေတိုးတက်မြှင့်မားစေခြင်း)
၄။ လူသားတို့၏ တီထွင်ဖန်တီးမှုအား (လှုပ်ရှားတက်ကြွသည့် လူ့ဘောင်တည်ဆောက်ခြင်း )

Saemaul Spirit (2.0)တွင် ဝေမျှခြင်း၊ ဝန်ဆောင်မှုနှင့်တီထွင်ဖန်တီးမှုကို အဓိက မြှင့်တင်ပါသည်။

Saemaul စိတ်ဓာတ်ကိုအခြေခံ၍ ရွာသားများသည် ရွာအနားနီးရှိ တောင်ကုန်းများပေါ်တွင် သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောပြုစုပျိုးထောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ သစ်တောကျေးရွာ forest kyes များကို သစ်တောပြန်လည် တည်ထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး သစ်တောကျေးရွာမှ ခေါင်းဆောင်များကို SU ပညာပေးအစီအစဉ်များမှတစ်ဆင့် သစ်တောပြန်လည် တည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သင်တန်းပေးခဲ့ကြပါသည်။ အစိုးရမှ ပြည်သူများကို ပျိုးဥယျာဉ်တည်ထောင်ရန်နှင့် မြေဆီလွှာတိုက်စားခြင်းများကို ကာကွယ်မည့် သစ်ပင်စိုက်ပျိုးရန်တို့အတွက် အထောက်အပံ့များပေးအပ်၍ သစ်တောပြန်လည် တည်ထောင်ခြင်းလုပ်ငန်းများကို တက်တက်ကြွကြွဆောင်ရွက်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင်စတင်ခဲ့သည့် ပထမ ၁၀ နှစ် သစ်တောဖွံ့ဖြိုးရေးစီမံကိန်းဖြင့် မြစိမ်းရောင်တော်လှန်ရေး သည် နိုင်ငံအဝန်း သစ်တောပြန်လည်တည်ထောင်ခြင်း ဆောင်ရွက်နိုင်ရေးအတွက် အဓိကတွန်းအားဖြစ်လာခဲ့ပါသည်။

SU သည် အကောင်းကျော့သံသရာကို တည်ဆောက်ပေးခဲ့ပါသည်။ SU သည် ဝင်ငွေတိုးတက်ကောင်းမွန်စွာရရှိလာခြင်းနှင့် Mindset တိုးတက်ပြောင်းလဲလာခြင်းတို့ကိုဖြစ်စေပြီး ၎င်းတို့မှ သစ်တောပြန်လည်တည်ထောင်ခြင်းကို အားဖြည့်ပေးပါသည်။ ထို့နောက် တည်ထောင်ထားသည့် သစ်တောများမှ ဝင်ငွေတိုးတက်ရစေခြင်းနှင့်အတူ နေထိုင်မှုပတ်ဝန်းကျင်တိုးတက်ကောင်းမွန်စေခြင်းတို့ကို အထောက်အပံ့ပြုပါသည်။ ထိုမှတစ်ဖန် SU ကို ပိုမိုအားကောင်းစေခဲ့ပါသည်။

သစ်တောမူဝါဒအပေါ် SU သက်ရောက်မှုများတွင် အုပ်ချုပ်မှု၊ လျင်မြန်စွာ သစ်တောပြန်လည်တည်ထောင်မှု၊ လူမှုအရင်းအနှီး၊ ဝင်ငွေတိုးတက်ခြင်းနှင့် ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ခြင်းတို့ ပါဝင်ပါသည်။

### ၅။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်း

**စက်မှုလုပ်ငန်းများ အလျင်အမြန်တိုးတက်လာခြင်း (၁၉၆၀–၁၉၇၀)**

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ စွမ်းအင်သုံးစွဲမှုပုံစံများ ပြောင်းလဲခဲ့ပါသည်။ သစ်မှ ကျောက်မီးသွေးသို့ ပြောင်းလဲသုံးစွဲခြင်း၊ လျှပ်စစ်တိုင်များတွင် သစ်အစားစတီးလ်ကို သုံးစွဲလာခြင်းနှင့် ထင်းအစား ရုပ်ကြွင်းလောင်စာများကို ပြောင်းလဲသုံးစွဲလာခြင်းတို့သည် သစ်တောများအပေါ် ဖိအားများကို လျော့ကျစေခဲ့ပြီး သစ်တောပြန်လည် တည်ထောင်ခြင်းလုပ်ငန်းများကို အောင်မြင်စေခဲ့ပါသည်။

**မြို့ပြရဲ့ထွင်လာခြင်း**

စီးပွားရေးဖွံ့ဖြိုးလာမှုနှင့်အတူ ကျေးလက်ဒေသမှ လူများ မြို့ပြသို့ များစွာပြောင်းရွှေ့ခဲ့ကြပါသည်။

စာမျက်နှာ ၂၁ သို့

# သမီးလေးကို အိုင်ယူလို တေးသံရှင်တစ်ဦးဖြစ်စေချင်ကြောင်း ဖွင့်ဟလာတဲ့ ယူဂျင်းန်





တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ ယူဂျင်းနံက သူ့ရဲ့တစ်ဦးတည်းသော သမီးလေးကို လတ်တလောမှာ တောင်ကိုရီးယားရဲ့ အကျော်ကြားဆုံးသော အမျိုးသမီးတစ်ကိုယ်တော်တေးသံရှင်တွေထဲက တစ်ဦးဖြစ်တဲ့ အိုင်ယူကဲ့သို့ ဖြစ်စေချင်ကြောင်း မကြာသေးမီက ပြုလုပ်ခဲ့တဲ့ ရုပ်သံအင်တာဗျူးတစ်ခုမှာ ဖွင့်ဟခဲ့တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တစ်ချိန်က ကျော်ကြားတဲ့ တောင်ကိုရီးယားရဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "S.E.S" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး အောင်မြင်ခဲ့တဲ့ တေးသံရှင်တစ်ဦးလည်းဖြစ်တဲ့ ယူဂျင်းနံဟာ သူ့ရဲ့သမီးလေးဖြစ်တဲ့ ရိုဟီးကို အိုင်ယူလိုမျိုး ကျော်ကြားတဲ့ တေးရေး၊ တေးဆိုတစ်ဦးအဖြစ် အနာဂတ်မှာ ရပ်တည်လှုပ်ရှားစေလိုကြောင်း ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ အန်တာတိန်းမန့်ဝိခ်ကလီးနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်တယ်လို့ သိရပါတယ်။

ဆက်လက်ပြီး ယူဂျင်းနံက သမီးဖြစ်သူ ရိုဟီးရဲ့ တစ်နှစ်ပြည့်မွေးနေ့မှာ တောင်ကိုရီးယားရိုးရာအတိုင်း ကလေးငယ်လေးတွေရဲ့အရှေ့မှာ ပစ္စည်းလေးတွေကို ချထားကာ ရွေးချယ်စေခဲ့ကြောင်း၊ ကလေးတွေရွေးချယ် ကောက်ယူခဲ့တဲ့ ပစ္စည်းလေးတွေကိုကြည့်ကာ ကလေးငယ်တွေရဲ့အနာဂတ်ကို ကြိုတင်ခန့်မှန်းလေ့ရှိကြောင်း၊ အလားတူ ရိုဟီးလေး တစ်နှစ်ပြည့်ချိန်မှာလည်း ရွေးချယ်စေခဲ့ကြောင်း၊ ယူဂျင်းနံနဲ့ ခင်ပွန်းဖြစ်သူတို့ဟာ သမီးလေးကို အဆိုတော်ဖြစ်စေလိုတဲ့အတွက် မိုက်ခရိုဖုန်းကို ရွေးချယ်စေလိုကြပေမယ့် ရိုဟီးကတော့ ဂေါက်သီးကိုသာ ရွေးချယ်ခဲ့ကြောင်း အဆိုပါအင်တာဗျူးမှာ ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

တောင်ကိုရီးယားရိုးရာဓလေ့အရ ကလေးငယ်လေးတွေကို သူတို့ရှေ့မှာချထားတဲ့ ပစ္စည်းတွေအထဲက ကြိုက်နှစ်သက်ရာကို ရွေးချယ်ကောက်ယူစေကာ ကလေးတွေရဲ့ ရွေးချယ်မှုအပေါ် မူတည်ပြီး သူတို့ရဲ့အနာဂတ်ကို ခန့်မှန်းတဲ့အလေ့အထရှိပြီး ယင်းကို ဒေါလ်ဂျဘီးလို့ ခေါ်ကြောင်းလည်း သိရပါတယ်။

ယူဂျင်းနံနဲ့ ခင်ပွန်းဖြစ်သူတို့ဟာ သမီးဖြစ်သူရဲ့ ဂေါက်သီးလေးကို ရွေးချယ်လိုက်တဲ့အပေါ် အံ့အားသင့်ခဲ့ရပြီး ဂေါက်ရိုက်ကစားနည်းကို သင်ပေးဖို့ အတွေးဝင်ခဲ့ရကြောင်းနဲ့ ရိုဟီးကိုယ်တိုင်ကလည်း သီချင်းဆိုရတာကို အလွန်ကြိုက်နှစ်သက်သူ တစ်ဦးဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

**အေး ပြည့် - စု စည်း ရေး သား သည်**

# ဟယ်ရီစတိုင်ကို ကျော်တက်သွားခဲ့တဲ့ BTS

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ ယခုသီတင်းပတ်အတွင်း အွန်လိုင်းတေးဂီတဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ ဘေဘုတ်ပေါ်က တွစ်တာရဲ့ ထိပ်တန်းတေးသီချင်းများဇယားမှာ ထိပ်ဆုံးမှဦးဆောင်နိုင်ခဲ့ပြီး ယင်းဇယားမှာ "One Direction" တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဟယ်ရီစတိုင်ရဲ့ တေးသီချင်းသစ်လည်း ပါဝင်နေခဲ့ပေမယ့် BTS က ဟယ်ရီရဲ့တေးသီချင်းကို နောက်ချန်ခဲ့ကာ နံပါတ်(၁)နေရာကို ရယူထားနိုင်ခဲ့တာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

BTS ရဲ့ နာမည်ကျော်တေးသီချင်းနှစ်ပုဒ်ဟာ မေ ၂၀ သီတင်းပတ်အတွက် တွစ်တာရဲ့ ထိပ်တန်းတေးသီချင်းများဇယားမှာ ပါဝင်နေခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ယင်းတေးဂီတဇယားမှာ နံပါတ် (၁)နေရာကို ရယူထားနိုင်တဲ့ BTS ရဲ့ တေးသီချင်းကတော့ "Not Today" ဖြစ်ပြီး ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ ယင်းတေးသီချင်းဟာ ဇယားရဲ့ နံပါတ်(၂၄) နေရာမှာသာ ရပ်တည်နိုင်ခဲ့တာဖြစ်ကာ တစ်ပတ်အတွင်း မျှဝေကြည့်ရှုသူတက်လာခဲ့တဲ့အတွက် ယခုသီတင်းပတ်အတွင်းမှာတော့ နံပါတ်(၁)နေရာကို ပိုင်ဆိုင်ထားနိုင်ခဲ့တာဖြစ်ပါတယ်။

မကြာသေးမီကမှ ထုတ်လွှင့်ခဲ့တဲ့ ဟယ်ရီစတိုင်ရဲ့ တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Sweet Creatures" ကတော့ တေးဂီတဇယားရဲ့ နံပါတ်(၂)နေရာမှာ ရပ်တည်နေခဲ့တာ ဖြစ်ပါတယ်။ အခြားသော "One Direction" အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ နီးလ်ဟော်ရန်ကလည်း တစ်ကိုယ်တော် တေးသီချင်းသစ်တစ်ပုဒ်ကို လတ်တလောမှာ ထုတ်လွှင့်ခဲ့ပြီး နီးလ်ဟော်ရန်ရဲ့ တေးသီချင်း "Slow Hands" ကတော့ ဘေဘုတ်ရဲ့ တေးဂီတဇယားမှာ နံပါတ်(၃)နေရာမှာ ရပ်တည်ထားနိုင်ခဲ့တာဖြစ်ပါတယ်။ ယင်းတေးဂီတဇယားရဲ့ နံပါတ်(၄)နေရာမှာတော့ BTS ရဲ့ အခြားသော တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Fire" က နေရာယူထားတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

ဘေဘုတ်ပေါ်မှာရှိတဲ့ တွစ်တာရဲ့ ထိပ်တန်းတေးသီချင်းများဇယားမှာ ပါဝင်နေတဲ့ တေးသီချင်းတွေကိုတော့ လူမှုကွန်ရက်မီဒီယာစာမျက်နှာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်မှာ ကူးယူမျှဝေမှုနဲ့ ဖော်ပြခြင်းခံခဲ့ရတဲ့ အကြိမ်အရေအတွက်နဲ့ နှိုင်းယှဉ်ဖော်ပြတာဖြစ်ကြောင်းလည်း သိရပါတယ်။

ဒါ့အပြင် BTS ဟာ မကြာမီကျင်းပသွားမယ့် ယခုနှစ်အတွက် ဘေဘုတ်တေးဂီတထူးချွန်ဆုပေးပွဲကို တက်ရောက်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်မှာ ပရိသတ် ငါးသန်းခန့်ပိုင်ဆိုင်ထားတဲ့ BTS ဟာ ယခုနှစ်အတွက် ဘေဘုတ်တေးဂီတထူးချွန်ဆုပေးပွဲမှာတော့ "top social artist" ဆုအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့တာဖြစ်ပါတယ်။ BTSနဲ့အပြိုင် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတဲ့ တေးသံရှင်တွေကတော့ ဂျက်စတင်ဘီဘာ၊ အရီရန်နာဂရန်ဒီ၊ စွမ်မန်းဒပ်စ်နဲ့ ဆယ်လီနာဂိုမက်ဇ်တို့ပဲဖြစ်ပါတယ်။

"Billboard Music Awards 2017" ဆုပေးပွဲကြီးကိုတော့ လာမယ့် မေ ၂၁ ရက်မှာ အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မြို့မှာ ကျင်းပသွားမှာဖြစ်ပြီး ယင်းဆုပေးပွဲကြီးမှာ BTS သာ အနိုင်ရရှိခဲ့ပါက တောင်ကိုရီးယားကို ထူးချွန်ဆုသယ်ဆောင်လာပေးနိုင်တဲ့ ပထမဆုံးသော ကေပေ့ါပ်အဖွဲ့ဖြစ်လာမှာလည်း ဖြစ်ပါတယ်။





# ဟတ်ကာတွေရဲ့ ခြိမ်းခြောက်မှုနဲ့ ကြုံနေရတဲ့ "Pirates of the Caribbean" ရုပ်ရှင်သစ်

ယခုလကုန်ပိုင်းမှာ ရုံတင်ပြသသွားဖို့ရာစီစဉ်ထားတဲ့ ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်တဲ့ "Pirates of the Caribbean"ရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်ကို ဟတ်ကာတွေက ခိုးယူသွားခဲ့ပြီး ပြန်ရွေးငွေ ပမာဏအများကြီးကို အွန်လိုင်းကနေတစ်ဆင့် ပေးပို့ပေးဖို့ တောင်းဆိုခဲ့ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

"Pirates of the Caribbean: Dead Men Tell No Tales" ရုပ်ရှင်ကို ထုတ်လုပ်သွားမယ့် ဝေ့ါထ်ဒစ်စနေရဲ့ ဥက္ကဋ္ဌဖြစ်သူ ဘော့ဘ်အစ်ဂါကလည်း ယခုလိုဆိုက်ဘာတိုက်ခိုက်မှုခံခဲ့ရပြီး ဟတ်ကာတွေရဲ့ခိုးယူခြင်းခံခဲ့ရကာ ပြန်ရွေးငွေတောင်းဆိုခံနေရတဲ့အကြောင်းကို ပြီးခဲ့တဲ့ မေ ၁၅ ရက်က နယူးယော့ခ်မှာပြုလုပ်ခဲ့တဲ့ အစည်းအဝေးတစ်ခုမှာ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

ပင်လယ်ဓားပြတွေအကြောင်း ဇာတ်လမ်းဆင်ရိုက်ကူးထားတဲ့ "Pirates of the Caribbean: Dead Men Tell No Tales" ရုပ်ရှင်သစ်ဟာ လတ်တလောမှာတော့ အွန်လိုင်းဓားပြတွေရဲ့ ရန်နဲ့ကြုံတွေ့နေရပြီး ဟတ်ကာတွေက များပြားလွန်းတဲ့ ပြန်ရွေးငွေကိုတောင်းဆိုထားကာ အွန်လိုင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ Bitcoin မှတစ်ဆင့် ပေးပို့ပေးဖို့ တောင်းဆိုခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဘော့ဘ်အစ်ဂါကတော့ ဟတ်ကာတွေတောင်းဆိုတဲ့ ငွေကြေးကို သူ့အနေနဲ့ လတ်တလောအချိန်အထိ ပေးဖို့စိတ်ကူးမရှိသေးကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာတော့ ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးဟာ FBI နဲ့ ပူးပေါင်းကာ စုံစမ်းမှုတွေပြုနေပြီး ပြန်ရွေးငွေကို ပေးသွားမှာမဟုတ်ကြောင်းလည်း သိရပါတယ်။ ရုပ်ရှင်ကို ခိုးယူထားတဲ့ ဟတ်ကာတွေကတော့ ပြန်ရွေးငွေကို အချိန်မီမရပါက ရုပ်ရှင်ရဲ့ ပထမဆုံးဇာတ်ဝင်ခန်းကို ငါးမိနစ်ခန့် အွန်လိုင်းပေါ်မှာ ထုတ်လွှင့်သွားမှာဖြစ်ကြောင်းနဲ့ ထုတ်လွှင့်ပြီးတဲ့နောက်မှာမှ ပြန်ရွေးငွေမရသေးပါက နောက်ထပ် မိနစ်နှစ်ဆယ်ခန့်ကြာတဲ့ ဇာတ်ဝင်ခန်းတွေကို ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ခြိမ်းခြောက်ထားတယ်လို့လဲ သိရပါတယ်။

နက်ထ်ဖလစ်ဇ်ရုပ်ရှင်ထုတ်လုပ်ရေးဟာလည်း ယခင်က အလားတူပြဿနာမျိုးနဲ့ တွေ့ကြုံခဲ့ရဖူးပါတယ်။ ယင်းရုပ်ရှင် ထုတ်လုပ်ရေးရဲ့ အောင်မြင်ခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ကားဖြစ်တဲ့ "Orange is the New Black" ကိုလည်း ဟတ်ကာကခိုးယူသွားခဲ့ပြီး တောင်းဆိုခဲ့တဲ့ ပြန်ရွေးငွေကို နက်ထ်ဖလစ်ဇ်က ပေးခဲ့ခြင်းမရှိတဲ့အတွက် ယင်းရုပ်ရှင်ရဲ့ ရာသီသစ်မှာ ထုတ်လွှင့်ပြသသွားမယ့် ရုပ်ရှင်အပိုင်းပေါင်း ၁၀ ပိုင်းကို တရားဝင်ထုတ်လွှင့်ပြသခြင်းမပြုမီ အွန်လိုင်းပေါ်မှတစ်ဆင့် လွှင့်တင်ခဲ့ကြောင်းလည်း သိရပါတယ်။

လတ်တလောမှာ ခိုးယူခြင်းခံခဲ့ရတဲ့ "Pirates of the Caribbean: Dead Men Tell No Tales" ရုပ်ရှင်သစ်ဟာ ယင်းဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ ငါးကားမြောက်ရုပ်ရှင်ဖြစ်ပြီး လာမယ့် မေ ၂၆ ရက်မှာ အမေရိကန်နိုင်ငံတစ်ဝန်း စတင်ရုံတင်သွားဖို့ စီစဉ်ထားကြောင်းလည်း သိရပါတယ်။ ရုပ်ရှင်သစ်မှာတော့ ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ ရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်နေကျ မင်းသားကြီး ဂျွန်နီဒပ်ကပဲ ဂျက်စပဲရိုးအဖြစ် ပါဝင်သရုပ်ဆောင်ထားကာ မင်းသားအော်လန်ဒိုဘလွန်းကလည်း ရုပ်ရှင်သစ်မှာတော့ သူ့ရဲ့ဇာတ်ကောင်ဖြစ်တဲ့ ဝေလ်တာနာအဖြစ် ပြန်လည်ပေါ်ထွက်လာတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ရုပ်ရှင်သစ်မှာ ပြန်လည်ပါဝင်လာတဲ့ အခြားသောဇာတ်ကောင်တစ်ဦးကတော့ အယ်လီဇဘတ်ဆွမ်းန်ပဲဖြစ်ပါတယ်။ အယ်လီဇဘတ်ဆွမ်းန်အဖြစ် ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ ရုပ်ရှင်မှာပါဝင်ခဲ့ဖူးတဲ့ မင်းသမီး ကီရာနိုက်တလေကပဲ ပြန်လည်ပါဝင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ပုံပြအင်္ဂလိပ်စကားပြော




ဆရာဟိန်းလတ်ရေးသားသည့် ဤစာအုပ်တွင် စကားပြောတစ်ခုချင်းစီအတွက် ပုံများဖြင့် ဝေဝေဆာဆာ ထည့်သွင်းထားမှုကြောင့် မှတ်သားရလွယ်ကူ၊ လေ့လာရအဆင်ပြေစေကာ အစားထိုးလေ့ကျင့်မှုများ ထည့်သွင်းဖော်ပြထားခြင်းကြောင့် အင်္ဂလိပ်စာပေလေ့လာလိုသူများ ပိုမိုအဆင်ပြေစေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**မဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ (ပထပ်) ဝဲ၊ ၃၉ လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁၃၉၂၈၃၅၊၀၉၇၇၃၇၇၄၇၃၃၊ ၀၉-၂၆၃၈၀၆၆၀၀ မှ ထုတ်ဝေဖြန့်ချိထားပါသည်။**

## အဝပြဿနာအဖြေရှာနှင့် ထိရောက်ဘေးကင်းသည့် ကိုယ်အလေးချိန်ချနည်းများ




ဟိန်း (ဘူမိဗေဒ) ရေးသားသော ဤစာအုပ်တွင် အစာငတ်ခံစရာမလိုဘဲ ဗိုက်ဝအောင်စား၍ ကိုယ်အလေးချိန်လျော့စေသော ဟင်းချက်နည်းများပါပါဝင်၍ ခန္ဓာကိုယ်အညွှန်းကိန်း (BMI) အကြောင်းများပါဝင်လေရာ အရပ်အမောင်း၊ ကိုယ်အလေးချိန်အလိုက် အသင့်တွက်ပြီးဖော်ပြထား၍ ကျန်းမာရေးလိုက်စားသူတိုင်း လေ့လာဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**မဇ္ဈိမစာပေ၊ အမှတ် ၂၃၇၊ (ပ-ထပ်) ဝဲ၊ ၃၉ လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၇၇၃၇၇၄၇၃၃၊ ၀၉-၂၆၃၈၀၆၆၀၀ မှ ထုတ်ဝေဖြန့်ချိထားပါသည်။**

## မိတ္ထီလာက ထင်ရှားကျော်ကြားသည့် သာသနိကအဆောက်အအုံများ၊ အသင်းအဖွဲ့များ





လက်တွေ့ကျမ်းစူးသည့် အောင်စွာသိမ်နှင့် မိတ္ထီလာက ထင်ရှားကျော်ကြားသည့် သာသနိကအဆောက်အအုံများ၊ အသင်းအဖွဲ့များ" စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အနီးပတ်ဝန်းကျင်မြို့ရွာများမှ လာရောက်၍ ကျမ်းသစ္စာပြုကျိန်ဆိုကြသည့် မိတ္ထီလာမြို့မှ အောင်စွာသိမ်ဘုရားမှာ ထူးခြားဆန်းကျယ်လှသည်ကို ဦးစွာရှာဖွေပြုစုထားပြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ဝမ်းတော်ပြည့်ဓာတ်တော်တိုက်၊ ကမ္ဘာ့အကြီးဆုံး အလိုတော်ပြည့် ရုပ်ပွားတော်၊ သမိုင်းဝင်သိမ်ကိုးသိမ်၊ သာသနာ့ဗိမာန်တော်ကြီး၊ ရွှေစည်းခုံစေတီတော်၊ မုန်တိုင်အုတ်ကျောင်း၊ မောင်နှမခုနစ်ဖော်နတ်နန်းနှင့် ကုသိုလ်ဖြစ်ဆေးခန်းမှအစ မိတ္ထီလာမြို့နယ်အတွင်းဖွဲ့စည်းထားသည့် လူမှုရေးအသင်းအဖွဲ့များကို စုံလင်စွာရှာဖွေစုဆောင်းဖော်ပြထားသည်။ ထို့အပြင် မိတ္ထီလာမြို့သမိုင်းကြောင်းနှင့် မိတ္ထီလာမြို့နယ်အတွင်းဖြစ်တည်ခဲ့သည့် တင်ရှားကျော်ကြားသော လူပုဂ္ဂိုလ်များ၏ သမိုင်းကြောင်းနှင့် ဖြစ်စဉ်ဖြစ်ရပ်များကိုပါ ဖော်ပြပေးထားသဖြင့် မိတ္ထီလာနှင့်ပတ်သက်သည့် စိတ်ဝင်စားဖွယ်အကြောင်းအရာများစွာပါရှိသည်။


**အဆိုပါစာအုပ်ကို ရွက်စိမ်းစာပေ၊ အမှတ် ၄၃(အေ)၊ (၄)လမ်း၊ မြေညီထပ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့က တန်ဖိုးကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။**

## Constitutions and Constitutional Courts of the Nations




"ထွန်းဖောင်ဒေးရှင်း စာပေဆု သုတပဒေသာအင်္ဂလိပ်" ရွှေတံဆိပ်ဆုရ ဒေါက်တာတင်အောင်ရေးသား သော Constitutions and Constitutional Courts of the Nations စာအုပ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဤစာအုပ်တွင် အခြေခံပညာဥပဒေ လေ့လာသူများ လွယ်ကူစွာနားလည် လေ့လာနိုင်ရန် စာအုပ်၏ အင်္ဂလိပ်-မြန်မာခက်စစ်အဘိဓာန်ကိုပါ ပူးတွဲ ဖော်ပြထားပါသည်။

## ဘုရားရိပ် တရားရိပ်မှ ကျွန်တော့်စာများ




စာရေးဆရာ၊ သတင်းစာဆရာ ဆရာတက္ကသိုလ်မြတ်သူ ရေးသား ပြုစုထားသည့် "ဘုရားရိပ် တရားရိပ်မှ ကျွန်တော့်စာများ" စာအုပ် ထွက်ရှိလာသည်။

ဆရာသည် ခေတ်အဆက်ဆက်ကို ဖြတ်သန်းလာခဲ့သော စာရေးဆရာ၊ သတင်းစာဆရာ တစ်ဦးဖြစ်ပြီး သတင်းစာပညာနှင့် ပတ်သက်သည့် အကြောင်းအရာများစွာကို ရေးသားပြုစုထုတ်ဝေခဲ့သည့်အပြင် ဆရာဖြတ်သန်းခဲ့သော ခရီးလမ်းမှ ဘဝအတွေ့အကြုံများအနက် ဘုရား၊ တရားနှင့် ပတ်သက်သည်များကို ယခုရှားရှားပါးပါး ရေးသားလာသည်ကိုတွေ့ရသည်။ ဆရာသည် စစ်အတွင်းကာလ ငယ်ရွယ်စဉ်ကတည်းကပင် တရားဘာဝနာများ စီးဖြန်းခဲ့ဖူးပြီး စစ်ပြီးကာလ စာပေလောက၊ သတင်းစာလောကသို့ ပြန်လည်ဝင်ရောက်လာသောအခါတွင်လည်း ဘာသာရေးသတင်းများနှင့်မကင်းခဲ့ချေ။ သင်္ခါရသဘောကိုဖွင့်ဆိုပြသော ကဗျာများကို ရေးသားခဲ့ပြီး တေးဘုံမှာသီချင်းကို တရားစိတ်ဖြင့် အာရုံစိုက်နားထောင်လျှင် သောတာပန်ပင်တည်နိုင်သည်ဟု စာသင်ကြားရင်း မြန်မာစာဆရာ၏မိန့်မှာချက်ကို သတိတရဖြစ်မိသည်။ ယခု ဆရာအသက် ၈၅ နှစ်ပြည့်ပြီး ၈၆ နှစ်သို့ ချင်းနင်းဝင်ရောက်လာချိန်တွင် အမျိုးဘာသာ၊ သာသနာတည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်သည့် ဘာသာစာပေများကိုလည်း ရေးသားဖြစ်ခဲ့သည်။ ယခုစာအုပ်တွင် ဆရာရေးသားခဲ့သည့် ဘာသာရေးဆိုင်ရာစာပေများအား စုစည်းကာ ဘဝနေဝင်ချိန်တွင် ဘုရားရိပ် တရားရိပ်သည်သာ အကောင်းဆုံးဖြစ်ကြောင်း စေတနာသဒ္ဓါတရားဖြင့် ဖွင့်ဟပြထားသည်။

**အဆိုပါစာအုပ်ကို အမေ့သားစာပေ၊ အခန်း(၀၂)၊ မြေညီထပ်၊ တိုက်(၆/၁)၊ ရန်အောင်လမ်းသွယ်-(၃)၊ အမှတ်(၂)ရပ်ကွက်၊ ရန်ကင်း မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၈၀၈၄ က တန်ဖိုးကျပ် ၃၅၀၀ ဖြင့်ဖြန့်ချိထားသည်။**

# မန္တလေးတိုင်းဒေသကြီး Third Party (QC)အဖွဲ့ ဆောက်လုပ်ရေးလုပ်ငန်းစဉ်များအကြောင်း ဆွေးနွေး

**ကျောက်ပန်းတောင်း မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား မန္တလေးတိုင်းဒေသကြီး Third Party (QC)အဖွဲ့မှ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအကြောင်း ပညာပေးဆွေးနွေးပွဲကို မေ ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အားကစားခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုနှင့် ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကိုတို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားကြပြီး မန္တလေးတိုင်းဒေသကြီး Third Party (QC) အဖွဲ့ခေါင်းဆောင် အင်ဂျင်နီယာ ဦးပွက အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ မြို့ပြအင်ဂျင်နီယာဌာနမှူး ပါမောက္ခအင်ဂျင်နီယာ ဒေါက်တာလှမျိုးအောင်က ငလျင်နှင့် အဆောက်အအုံ ဆောက်လုပ်မှုဆိုင်ရာ နည်းပညာများအကြောင်းကိုလည်းကောင်း၊ မန္တလေးနည်းပညာတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဌာနမှ ပါမောက္ခ ဒေါက်တာအေးမြချိုက သဘာဝဘေးအန္တရာယ်နှင့် လုံခြုံဘေးကင်းရေးဆိုင်ရာ နည်းပညာများအကြောင်းကိုလည်းကောင်း၊ Third Party (QC) အဖွဲ့ခွဲ(၄) မှ အဖွဲ့ခေါင်းဆောင် ဦးတင်အုန်းက ပညာရေးဝန်ကြီးဌာန တင်ဒါအောင်ကုမ္ပဏီများ ဆောက်လုပ်ပြီးစီးခဲ့သော အခြေခံပညာကျောင်းအဆောက်အအုံများအား စစ်ဆေးတွေ့ရှိချက်များကိုလည်းကောင်း တင်ပြကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး Third Party (QC) အဖွဲ့မှ အင်ဂျင်နီယာဒေါ်မြင့်သန်းက အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ (QC) အဖွဲ့ (၃) မှ အဖွဲ့ခေါင်းဆောင် ဦးသောင်းစိုးက အဆောက်အအုံဆောက်လုပ်ရေးပိုင်းဆိုင်ရာ သိသင့်သိထိုက်သည်များကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး Thard Party (QC) အဖွဲ့ခေါင်းဆောင် ဦးပွနှင့် အဖွဲ့ဝင်များ၊ ကျောက်ပန်းတောင်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကို၊ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုနှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းများမှ စိတ်ဝင်စားသူလူငယ်များ စုစုပေါင်းအင်အား ၇၀၀ ကျော်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



# အများပြည်သူယုံကြည်အားကိုးလေးစားသော ဥပဒေအရာရှိများဖြစ်အောင် ကျင့်ကြံကြိုးစား

**မြစ်ကြီးနား မေ ၁၆**

ပြည်ထောင်စု ရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် မေ ၁၃ ရက် မွန်းလွဲ ၂ နာရီက ကချင်ပြည်နယ် ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများအား တွေ့ဆုံပွဲ အခမ်းအနားကျင်းပခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲတွင် ဒုတိယရှေ့နေချုပ်က ဥပဒေအရာရှိများအနေဖြင့် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများအား ဆောင်ရွက်နေကြသူများဖြစ်ရာ မိမိလုပ်ငန်းတာဝန်၏ အရေးပါမှုကို တန်ဖိုးထား လေးစားကြရန် လိုအပ်ကြောင်း၊ မိမိကိုယ်မိမိ လုပ်ပိုင်ခွင့် အာဏာအပ်နှင်းခံရသည်ဟု ခံယူခြင်းမပြုဘဲ နိုင်ငံတော်ကိုယ်စား လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြသည်ဟု ခံယူကြရန်နှင့် လုပ်ငန်းဆောင်ရွက်ကြရာတွင် မိမိ၏ ကိုယ်ကျိုးစီးပွားကို ရှေ့တန်းမတင်မိစေရန်လိုကြောင်း၊ လုပ်ငန်းတာဝန်ကို အဂတိတရားကင်းရှင်းစွာဖြင့် ဥပဒေနှင့်အညီ သမာသမတ်ကျကျဆောင်ရွက်ကြပြီး အများပြည်သူယုံကြည် အားကိုးလေးစားသော ဥပဒေအရာရှိများဖြစ်အောင် ကျင့်ကြံကြိုးစားကြစေလိုကြောင်း၊ ဥပဒေများကို စဉ်ဆက်မပြတ်လေ့လာမှတ်သားကြရန်နှင့် ရုံးဥပဓိရုပ်ကောင်းမွန်ရေးအပါအဝင် စီမံခန့်ခွဲရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရန်စသည်ဖြင့် အကျယ်တဝင့် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲ၌ ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်၊ ပြည်နယ်ဥပဒေအရာရှိနှင့် ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိ ၄၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မိုဃ်းကျ(မြစ်ကြီးနား)**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

မေ ၁၅ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ပါ မြို့နယ်ချင်းဆက်လမ်းနှင့် ကားလမ်းကူးတံတားဖွင့်ပွဲ သတင်းခေါင်းစဉ်တွင် ချင်းပြည်နယ်ဝန်ကြီးချုပ်အစား ကချင်ပြည်နယ်ဝန်ကြီးချုပ်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(စာတည်း)

## ဆောင်းပါး၊ ပြည်တွင်းရေးရာ

# လူငယ်များနှင့်ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိပါကြောင်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ပြောကြား

**စစ်တွေ မေ ၁၆**

ရခိုင်လူငယ်ညီလာခံ ဖြစ်မြောက်ရန်အတွက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ရခိုင်လူငယ်ညီလာခံ ဖြစ်မြောက်ရေး ဦးဆောင်ကော်မတီများ တွေ့ဆုံဆွေးနွေးခြင်းကို မေ ၁၅ ရက် နံနက် ၁၁ နာရီက ပြည်နယ်ဝန်ကြီးချုပ်ဧည့်ခန်းမ၌ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ရခိုင်လူငယ်ညီလာခံကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် တောင်ကုတ်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း၊ လူငယ်ညီလာခံ၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များ၊ ရခိုင်လူငယ်ညီလာခံ ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်ခဲ့မှုများနှင့်လည်းကောင်း၊ ပြည်နယ်အစိုးရ အနေဖြင့်လည်း ညီလာခံဖြစ်မြောက်ရေး အတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း ဦးဆောင်ကော်မတီက ဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လူငယ်များကိုအမြဲတမ်း ဖိတ်ခေါ်ပါကြောင်း၊ လူငယ်များနှင့်ပူးပေါင်း



ဆောင်ရွက်ရန် အဆင်သင့်ရှိပါကြောင်း၊ ရည်ရွယ်ချက်များ ကောင်းမွန်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းမှ ပြန့်ကျဲနေသည့် လူငယ်များကိုလည်းစုစည်းပြီး ညီညီညွတ်ညွတ်လုပ်ဆောင်ကြရန်တိုက်တွန်းလိုကြောင်း၊ ညီလာခံအတွက်လိုအပ်ချက်များကို တင်ပြလာသည့်အပေါ် ပြည်နယ်အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်သည့် အခန်းကဏ္ဍများကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်းပြောကြားသည်။

အဆိုပါ ရခိုင်လူငယ်ညီလာခံကို လွတ်လပ်၍အားကောင်းသော ရခိုင်လူငယ်အဖွဲ့အစည်းတစ်ရပ် ခိုင်မာစွာပေါ်ပေါက်လာစေရန်၊ ရခိုင်လူငယ်များ စွမ်းရည်မြင့်မားလာပြီး ကဏ္ဍအသီးသီးတွင် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်လာနိုင်စေရန်၊ အခြားသော တိုင်းရင်းသားများနှင့် ချိတ်ဆက်ဆောင်ရွက်လာနိုင်ရန်အတွက် ရခိုင်လူငယ်ညီလာခံကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မြစ်ကြီးနားပညာရေးကောလိပ် အိပ်ဆောင်ဖွင့် ရေရှည်အသုံးပြုနိုင်ရန် တည်ဆောက်ထား

**မြစ်ကြီးနား မေ ၁၆**

မြစ်ကြီးနားမြို့ မြစ်ကြီးနားပညာရေးကောလိပ်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ထူးမေတ္တာဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်ပြီးစီးသွားသည့် သင်တန်းသားအိပ်ဆောင်ဖွင့်လှစ်ခြင်းအခမ်းအနားကို မေ ၁၆ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်ရှေ့၌ကျင်းပရာ ပညာရေးကောလိပ် သင်တန်းသား သင်တန်းသူများက အေရိုးဗစ်အက၊ ကဗျာလွတ်အကနှင့် မြန်မာ ပြည်သားသွေးချင်းများ အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာခက်အောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့် ပညာရေးကောလိပ်ကျောင်းအုပ်ကြီးဒေါ်ကော့ဘူတို့က သင်တန်းသားအိပ်ဆောင်အား လှည့်လည်ကြည့်ရှု စစ်ဆေး၍ ဝန်ကြီးချုပ်က လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ သင်တန်းသားအိပ်ဆောင်မှာ အလျား ၁၂၇ ပေ၊ အနံ ၃၆ ပေနှင့် အမြင့် ၃၅ ပေရှိ အာစီအမျိုးအစား အဆောက်အအုံအဖြစ် တည်ဆောက်ကာ မျက်နှာကြက်နှင့် အမိုးများ ရာသက်ပန်အသုံးပြုနိုင်စေရန် သံဖရိန်များဖြင့် တည်ဆောက်ထားပြီး အဆောက်အအုံအတွင်း သင်တန်းသားနှစ်ယောက်အိပ်နိုင်သော အလျား ၁၂ ပေ၊ အနံ ၁၀ ပေရှိတဲ့ အိပ်ခန်းပေါင်း ၅၇ ခန်းနှင့် အလျား ၂၄ ပေ၊ အနံ ၁၀ ပေခွဲရှိ ရေချိုးခန်းသုံးခန်းနှင့် သန့်စင်ခန်း ၁၅ ခန်းတို့ပါဝင်ပြီး ခွင့်ပြုရန်ပုံငွေ ၂၉၃ ဒသမ ၉၈ သန်း အကုန်အကျခံကာ ထူးမေတ္တာဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## ရေရှားပါးသည့်ဒေသများအတွက် ရေလှူဒါန်းရာတွင်အသုံးပြုရန်ရေ သယ်ယာဉ်လှူဒါန်း

**ပဲခူး မေ ၁၆**

ပဲခူးမြို့ တောင်သူစုကျေးရွာ ပရဟိတဆရာတော်ဦးကိတ္တိကျောင်း၌ မေ ၁၆ ရက် နံနက် ၁၀ နာရီက ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ရေသယ်ယာဉ်တစ်စီး လှူဒါန်းပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပရဟိတဆရာတော်ဦးကိတ္တိမှ သြဝါဒစကားမိန့်ကြားပြီး ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံက အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းကိုယ်စား ပဲခူးဘဏ်ခွဲကမ္ဘောဇဘဏ်လီမိတက်ဘဏ်ခွဲတာဝန်ခံ ဦးဇော်ဝင်းထွန်းက ရေသယ်ယာဉ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး ပဲခူးမြို့နယ်သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့် ဘေးဒုက္ခများကူညီကယ်ဆယ်ရေးကွန်ရက်ဥက္ကဋ္ဌ ဦးဇော်နိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ရေရှားပါးမှုအခက်အခဲများနှင့် ကြုံတွေ့ရလေ့ရှိသောဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ပိုမိုတွင်ကျယ်စွာသွားရောက်လှူဒါန်းနိုင်ရန် ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်အသစ်တစ်စီးအား ပဲခူးမြို့ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့်ဘေးဒုက္ခများ ကူညီကယ်ဆယ်ရေးကွန်ရက် တာဝန်ရှိသူများထံ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလရောက်ရှိသည့်အခါတိုင်း ရေရှားပါးမှု အခက်အခဲများနှင့်ကြုံတွေ့နေရသော ဒေသများသို့ ရေလှူဒါန်းခြင်း၊ စက်ရေတွင်းများ တူးဖော်လှူဒါန်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများအတွက် ထောက်ပံ့လှူဒါန်းပေးခြင်းအပြင် ပရဟိတအသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ ရေသယ်ယာဉ်များလှူဒါန်းပေးခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။

ပဲခူးမြို့နယ် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးနှင့် ဘေးဒုက္ခများကူညီကယ်ဆယ်ရေးကွန်ရက်မှ လူမှုကူညီရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သနပ်ပင်မြို့နယ်၊ ကဝမြို့နယ် ကျေးရွာများသို့ သောက်သုံးရေအတွက် မိုးညိုမြို့နယ် ရေဘေးသင့်ပြည်သူများ၊ ဧရာဝတီတိုင်းဒေသကြီး ဒါးကမြို့နယ်နှင့် သာပေါင်းမြို့နယ်ရေဘေးသင့်ပြည်သူများအတွက် စုစုပေါင်းအလှူငွေ ၂၅၅ သိန်း လှူဒါန်းပေးခဲ့သည်။

အဆိုပါလှူဒါန်းပွဲသို့ ဆရာတော်ကြီးများ၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံ၊ ပဲခူးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးသိန်းဌေးအောင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းဒန်နှင့် တာဝန်ရှိသူများ၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပဲခူးမြို့နယ် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးနှင့် ဘေးဒုက္ခများကူညီကယ်ဆယ်ရေးကွန်ရက်မှ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ကျောက်ကြီးမြို့နယ်တွင် အခြေခံအင်္ဂလိပ်စာ သင်တန်းဖွင့်လှစ်သင်ကြား

**ကျောက်ကြီး မေ ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ နွေရာသီ ကျောင်းပိတ်ရက်တွင် ကျောင်းသူ ကျောင်းသားများအား အင်္ဂလိပ်စာပညာ တတ်ကျွမ်းစေရန်ရည်ရွယ်၍ အခြေခံ အင်္ဂလိပ်စာသင်တန်းကို မေလ ဒုတိယပတ်မှ စတင်၍ နံနက် ၈ နာရီခွဲမှ ၉ နာရီခွဲအထိ သင်ကြားပို့ချလျက်ရှိပြီး သင်တန်းကာလမှာ ငါးပတ်ကြာမည်ဖြစ်ကြောင်းသိရသည်။ **မြို့နယ်ပြန်/ဆက်**

## တောင်ကိုရီးယားနိုင်ငံ၏အမျိုးသားအဆင့်သစ်တောပြန်လည်တည်ထောင်ခြင်းဆိုင်ရာ...

စာမျက်နှာ ၁၈ မှ

ထို့ပြင် စီမံကိန်းကာလများအတွင်းတွင် ရွှေ့ပြောင်း တောင်ယာသမားများကို မြို့ပြများနှင့် မြို့ပြနှင့်နီးသည့် နေရာများသို့ ပြောင်းရွှေ့နေရာချထားခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ တောင်ကိုရီးယားနိုင်ငံတွင် ရွှေ့ပြောင်းတောင်ယာဧရိယာမှာ ၁၉၇၃ ခုနှစ်တွင် ၆၃၃၈၅ ဟတ်တာရှိ ရာမှ ၁၉၇၄ ခုနှစ်တွင် ၅၂၅၆၅ ဟတ်တာ၊ ၁၉၇၅ ခုနှစ်တွင် ၄၈၄၅၉ ဟတ်တာ၊ ၁၉၇၆ ခုနှစ်တွင် ၁၈၉၉၈ ဟတ်တာ၊ ၁၉၇၇ ခုနှစ်တွင် ၇၇၁၉ ဟတ်တာ၊ ၁၉၇၈ ခုနှစ်တွင် ၉၁၂ ဟတ်တာနှင့် ၁၉၇၉ ခုနှစ်တွင် ၄၄၅ ဟတ်တာထိ လျှော့ချနိုင်ခဲ့ပါသည်။ ကျေးလက်နေဦးရေ အနေဖြင့် ၁၉၅၅ ခုနှစ်တွင် ၇၅ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ ၁၉၇၀ တွင် ၄၅ ဒသမ ၇ ရာခိုင်နှုန်း၊ ၁၉၈၀ တွင် ၁၅ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၁၀ တွင် ၆ ရာခိုင်နှုန်းသာရှိပါသည်။

**အစိုးရ အထောက်အပံ့** (Subsidies)

သစ်တောပြန်လည်တည်ထောင်ခြင်းတွင် အစိုးရ၏ အခန်းကဏ္ဍသည် အရေးကြီးလှပါသည်။ ကိုရီးယားနိုင်ငံအနေဖြင့် သစ်တောပြန်လည်တည်ထောင်ခြင်းအတွက် ပျိုးပင်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းတို့ကို အထောက်အပံ့ပေးခဲ့ပါသည်။ ထို့အပြင် ပိုးမွှားကာကွယ်ရန် အသုံးပြုသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် မြေဩဇာတို့ကိုလည်း အစိုးရမှ အထောက်အပံ့ပေးခဲ့ပါသည်။

အခြားတစ်ချက်မှာ ပြည်တွင်း သစ် မှီခိုနေရမှုကို လျော့ပါးသက်သာစေရန် ပြည်ပမှ သစ်တင်သွင်းခြင်းကို ဆောင်ရွက်ခဲ့ခြင်းလည်း ပါဝင်ပါသည်။

ကနဦးပိုင်းတွင် သစ်တောစိုက်ခင်းများသည် ထင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် တည်ထောင်ခဲ့ပါသည်။ ခန့်မှန်းခြေအရ အိမ်ထောင်စု ၂ ဒသမ ၄ သန်းအတွက် ထင်းစိုက်ခင်း ဧရိယာစုစုပေါင်း ဟတ်တာ ၁ ဒသမ ၂ သန်းကို တည်ထောင်ခဲ့ပါသည်။ ထိုသို့တည်ထောင်ရာတွင် ၁၉၆၇ ခုနှစ်တွင် ဟတ်တာ ၃ ဒသမ ၆၅ သိန်းကျော်ထိ ထင်းစိုက်ခင်းတည်ထောင်ခဲ့သော်လည်း ၁၉၆၈ ခုနှစ်မှ စတင်၍ ဟတ်တာ ၅ သောင်းအောက်သာတည်ထောင်ခဲ့ပြီး တဖြည်းဖြည်း ထင်းစိုက်ခင်းဧရိယာ လျော့နည်း တည်ထောင်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ လောင်စာစွမ်းအင်သုံးစွဲမှု ပုံစံပြောင်းလဲလာခြင်းကြောင့် ဖြစ်ပါသည်။

**မအောင်မြင်ခဲ့သည့် အချို့အချက်များ**


တောင်ကိုရီးယားနိုင်ငံ၏ သစ်တောပြန်လည်တည်ထောင်ခြင်း စီမံကိန်းသည် အောင်မြင်သည့် စီမံကိန်းအဖြစ် သတ်မှတ်နိုင်သော်လည်း ၁၀၀ ရာခိုင်နှုန်း အောင်မြင်ခဲ့ခြင်း မဟုတ်။ ၁၉၇၃-၁၉၇၈ ခုနှစ် အချိန်တိုအတွင်းတွင် သစ်မျိုးတစ်မျိုးတည်းဖြင့်ဧရိယာ ဟတ်တာ သန်းပေါင်း ၁ ဒသမ ၀၈ ကို စိုက်ပျိုးခဲ့သဖြင့် မြေနေရာများနှင့်သစ်မျိုး ကိုက်ညီစွာ မရွေးချယ်နိုင်ခဲ့ပေ။ ထို့ပြင် ၁၉၆၀-၁၉၇၀ ခုနှစ်ကြားတွင် တည်ထောင်ခဲ့သည့် သစ်တော ပျိုးဥယျာဉ်များမှာ စပါးစိုက်ပျိုးသည့်လယ်မြေများတွင် တည်ထောင်ခဲ့ခြင်းကြောင်း ရှင်သန်မှုရာခိုင်နှုန်းနည်းပါးခဲ့သည်ဟု ဆိုပါသည်။

သစ်တောပြန်လည်တည်ထောင်ခြင်းစီမံကိန်းများ အောင်မြင်ရန်အတွက် နိုင်ငံ့ ခေါင်းဆောင်များ၏ အသိအမှတ်ပြုမှု၊ ပြင်းပြသည့်ဆန္ဒရှိမှု၊ အားစိုက်ဆောင်ရွက်မှုတို့သည် အရေးကြီးကြောင်း ကိုရီးယားသင်ခန်းစာတွင် တွေ့မြင်နိုင်ပါသည်။ ထို့ပြင် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်း ပါဝင်မှုကို ရရှိမှသာ အောင်မြင်နိုင်ကြောင်းတွေ့ရပါသည်။ သစ်တောပြန်လည် တည်ထောင်ခြင်းတွင် အစိုးရ၏အခန်းကဏ္ဍကို တိကျစွာသတ်မှတ်၍ ကောင်းမွန်မှန်ကန်သည့် အုပ်ချုပ်မှုစနစ်တစ်ရပ် တည်ဆောက်နိုင်ရေးသည် အရေးကြီးလှပါသည်။ တောင်ကိုရီယားနိုင်ငံအနေဖြင့် သစ်တောဟူ၍ မည်မည်ရရ မရှိတော့သည့်အခြေအနေသို့ ရောက်ရှိသည့်အခါ အခြားရွေးစရာမရှိ ငါတို့လုပ်မှဖြစ်မယ် ဆိုသည့်အသိနှင့်အတူ ငါတို့လုပ်နိုင်တယ်လို့ မြှင့်တင်ပေးတဲ့ Saemaul စိတ်ဓာတ်ရှိစေခြင်းသည် သစ်တောပြန်လည် တည်ထောင်ခြင်းလုပ်ငန်းများ အောင်မြင်စေရန် အထောက်အပံ့ပြုခဲ့သည်ဟု ဆိုနိုင်ပါသည်။ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ကျေးလက်မှ မြို့ပြပြောင်းရွှေ့မှုများပြားလာခြင်းနှင့်အတူ လောင်စာစွမ်းအင်သုံးစွဲမှုပုံစံ ပြောင်းလဲလာခြင်းများသည် သစ်တောများအပေါ် ဖိအားများလျော့ကျစေခြင်းတို့ ဖြစ်ပေါ်စေခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ ၁၉၆၀ ခုနှစ်ဝန်းကျင်တွင် ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်တွင်သာရှိသော တောင်ကိုရီးယားသည် သစ်တောပြန်လည်တည်ထောင်ခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့လေသည်။ ယခုအခါ တောင်ကိုရီးယားနိုင်ငံသည် ၎င်း၏ အောင်မြင်ခဲ့သည့် သစ်တောပြန်လည်တည်ထောင်ခြင်း အတွေ့အကြုံများကို ပြန်လည်ဖြန့်ဝေနေသည့် စိမ်းလန်းစိုပြည်သော ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိနေပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ရည်ညွှန်းကိုးကား**

*Lee, DK 2016. Lessons learned from Korea`s national forest rehabilitation effects Presentation presented at AFOCO Landmark Training, 27 September 2016, Seoul, Korea*

*Lee, YH 2016. Forest Policy and Saemaul Movement in the Republic of Korea, Yeungnam University. Presentation presented at AFOCO Landmark Training, 26 September 2016, Seoul, Korea*


Condo အခန်းဝယ်မယ်စိတ်ကူးရင်
S P A C E @YanKin ကိုလာကြည့်လှည့်ပါ။
20min လေဆိပ်
SPACE @YanKin
1min အင်းယားကန် စီဒိုးနားဟိုတယ် မြန်မာပလာဇာ
3min ရန်ကင်းစင်တာ
6min International School
10min ကန်တော်ကြီး ရွှေတိဂုံ
15min ဆူးလေဘုရား
အားလုံးနဲ့ နီးနီးလေး၊ ဝယ်ပြီးပြီးချင်း တက်နေနိုင်တယ်။
သားစဉ်မြေးဆက် ပိုင်ဆိုင်ခွင့် ရှိတယ်။
အင်းယားကန်
စီဒိုးနားဟိုတယ်
မြန်မာ ပလာဇာ
ရန်ကင်း စင်တာ
ရန်ရှင်းလမ်း
တက္ကသိုလ်ရိပ်သာလမ်းသစ်
SPACE @YanKin
၂၀၁၇ ခုနှစ်လကုန် အရောင်းပြန်ဖွင့်မယ်
Visit our sales center:
YanShin Road, Between YanAye and YanNyein, 5 ward
Yankin Township, Yangon, Myanmar
(+95) (0) 1 860 5230, (+95) (0) 1 860 5231
crc.inquire@gmail.com
apk 2017


The 4th International Exhibition for Food & Drink, Hotel, Restaurant Bakery & Food Service Equipment, Supplies & Services
Back @ MCC
FOOD & HOTEL 2017
Myanmar
7- 9 JUNE 2017
Myanmar Convention Centre (MCC)
Yangon (10.00 -18.00 Hrs.)
Including: Over 200 Exhibitors • 24 countries • 500 Products • 6 International Pavilions from Korea, Singapore, Taiwan, Thailand, Turkey and USA
Admission • Open to trade visitors only • Minor aged below 18 will not be allowed admission • All visitors must be in proper attire
MCAC
MNBC 2017
The Industry's Choice
Register at
www.foodandhotelmyanmar.com
Info Hotline : +95-1 513 515-519
FoSTA
UBM


KONICA MINOLTA
Printing Solutions
မြန်မာပြည်မှ မိတ္တူဆိုင်များနှင့် ရုံးများအတွက်
အထူးအစီအစဉ်
A4တစ်ရွက် မိတ္တူခ ၂ ကျပ်
(၄)နှစ်ဆက်တိုက် အကောင်းဆုံး Copier ဆုရ
ကမ္ဘာ့ဈေးအသက်သာဆုံးမိတ္တူစက်
bizhub 164
Multifunction Copier
For Reseller:
09 799 595 997
09 428 036 053
Your personal sales consultant
Su Myat Aye
enterprise.teams3@gandamar-mm.com
Direct Tel: 09 253 547 980 | 09 253 547 981
www.gandamarbusinesssolutions.com
www.facebook.com/gandamar.mm
hq@gandamar-mm.com

nurture preschool
We nurture tomorrow leaders!
Celebrating our 10th Anniversary 2007-2017
GETC building a better future
Cambridge University အသိအမှတ်ပြု
Cambridge English Exam Preparation Centre

နိုင်ငံတကာ အသိအမှတ်ပြုဖွံ့ဖြိုးမှု (၅) ရပ်ကို အခြေခံသည့် မူကြိုပညာရေး
အသက် ၅ နှစ်မှ ၁၄ နှစ် အရွယ် ကလေးငယ်များအတွက် တစ်မူထူးခြားသည့် စနေ၊ တနင်္ဂနွေ အင်္ဂလိပ်စာ အစီအစဉ်
အသက် ၁၆ နှစ်အထက် တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ ဘွဲ့ကြို၊ ဘွဲ့ရနှင့် လုပ်ငန်းခွင်ဝင်နေသူများအတွက်

Emotional Development (EQ) | Intellectual Development (IQ) | Moral Development | Physical Development | Social Development

Weekend English Program
- English 4 Skills
- Supplementary skills
- Life skills for children
- Cambridge ESOL Exam

3rd June - 11th February

- Communicative English
- General English
- Business English
- IELTS

လစဉ်ကျောင်းအပ် လက်ခံနေပါပြီ




အလုပ်များသော မိဘများအတွက် Extracurricular Activity(ECA)

| မြေနီကုန်း | စမ်းချောင်း | လှိုင် | တာမွေ | အင်းစိန် | မြောက်ဒဂုံ |
|---|---|---|---|---|---|
| 01537895, 09263337702 | 09262963774/ 5 | 01-530097, 09254148005 | 01-549590, 09254148006 | 09259822226/ 7 | 09259822220, 09420633337 |

၁၄ ရပ်ကွက်

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

ရွှေအိုးကြီး
မြဝတီ–မဲဆောက်–ဘန်ကောက်
Hotel-Vissa-တည်းခိုး 75000, May-19,26
မန္တလေး–မြစ်ကြီးနား–ရွှေလီ
Hotel-တည်း-တည်းခိုး 70000, May-26
09-421073634, 777636630

09 448004702
09 458482722
ရွှေမြည်းသစ်
ဘန်ကောက်၊ မြဝတီ၊ မဲဆောက်

ဆုံသစ္စာ
CAR RENTAL
Ph: 09799566761
095504667

GREE is Great, Gree is No.1
နွေရာသီအထူး Promotion
15 March, 2017 to 31 May, 2017
Portable Air-Con



NEW
Bee-3 (နောက်ဆုံးပေါ်ဒေတ်မီဒီဇိုင်း) | Bee | Change 2 (Silent King) | Jade | Koobe | Laffis
ရွှေ့ပြောင်းငယ် ရွှေ့ပြောင်း အသုံးပြုနိုင်ခြင်း
မီးအား 140 V ရှိရုံဖြင့် အအေးနှုန်းထုတ်လွှတ်ပေးနိုင်ခြင်း။ 80 V ~ 260 V အထိ မီးအားအတက်အကျခံနိုင်ရည်ရှိခြင်း။ မီးအားစား 60 % သက်သာခြင်း။ ခေတ်မီသေသပ်လှပသော ဂျပန်စတိုင်ဒီဇိုင်း။

မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်
CHRIS HO COMPANY LIMITED
ခရစ်ဟိုး ကုမ္ပဏီလီမိတက်
THE AIR CONDITIONER EXPERT
Head Office : No. 153(D), Waizayandar Garden Housing, Waizayandar Road, Thingangyun Tsp, Yangon Myanmar.
Tel : 95-1-8564352, 8564253, 578605, 457005500. E-mail:chrishovtm@gmail.com, URL : www.ch-aircon.com
Branch Office : Ma-13/15, Theik Pan Street, Between 57 & 58 St, Mandalay. Tel : 09-500 9036, 09-471 21582, 09-910 44737

Show Room သို့ လာရောက်ဝယ်ယူသော Customer များအတွက် 3 % Discount အပြင် Gree T- Shirt နှင့် ထီးလက်ဆောင် ကြိုက်နှစ်သက်ရာတစ်ခုကို မေတ္တာလက်ဆောင်ပေးနေပါသည်။




ဆေးသုတ်မယ်ဆိုရင်
Ph:09 73063683
09 795809414

ဒဂုံမြို့သစ်
အငှားပိုင်း
ဒီတက်ပြိုင်ယံ
ထောင်ပိုင်း မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

## မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်း၊ အမှတ်တရနှင့် ဝန်ထမ်း Uniform များအတွက် အရောင်စုံ၊ အသားစုံ၊ Design စုံ ကြိုက်ရာယူ

| | | | |
|---|---|---|---|
| ချည်သား- | T.Shirt | - | 1200 ကျပ် |
| | Sport Shirt | - | 3250 ကျပ် |
| | Shirt လက်တို | - | 3200 ကျပ် |
| | ဦးထုပ် | - | 1100 ကျပ်(မှစ၍) |

- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
- Ph:01-292129, 01-9000260, 09-250388594
- Email:kyonedoe@gmail.com

ခိုင်ဇော် Japan Tech:
စတစ်ကာ 1Sqf 400K
လှည်းတန်းလှကူးတံတားရှေ့ 09254044529
စမ်းချောင်းမီးသတ်ရှေ့ 09253548800

# ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ® အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ကြော်ငြာခွင့်ပြုချက်အမှတ်- တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၇



၈၄(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။
အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀

အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

# iMyanmarHouse.com

အိုင်မြန်မာဟောက်စ် ဒေါ့ကွန်း မှ ကြီးမှူးကျင်းပမည့် ပဉ္စမအကြိမ်မြောက်

# မြန်မာနိုင်ငံ၏ အကြီးဆုံး အိမ်ခြံမြေ အရောင်းပြပွဲကြီး

# 5th Myanmar's Biggest Property Expo

ကျပ်သိန်း (၁၀၀) ကျော်မှ စသော တိုက်ခန်းများ၊ သိန်း (၂၀၀) ကျော်မှ စသော ဂရန်မြေကွက်များ၊ သိန်း (၆၀၀) ကျော်မှ စသော ကွန်ဒိုများ ကို အထူးလျှော့ဈေးနှုန်းများ၊ (၁) နှစ်မှ (၁၅) နှစ်အထိ အရစ်ကျစနစ်များဖြင့် ဝယ်ယူနိုင်မည့်အခွင့်အရေး

ပညာရှင်များမှ အိမ်ခြံမြေနှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်း ဟောပြောပေးမည်ဖြစ်ပါသည်။

ပြပွဲသို့ တက်ရောက်လာသူများအား Samsung ဖုန်း ၊ Tablet များ ၊ အခြား ကျပ်သိန်း (၅၀) တန်ဖိုးရှိသော ဆုမဲပေါင်းများစွာ နှင့် Honda ကားသစ်တစ်စီးကို ကံစမ်းမဲဖောက်ပေးပါမည်။

နေ့ရက် – ၁၉ ရက်မှ ၂၁ ရက် မေလ ၂၀၁၇ (သောကြာ၊ စနေ၊ တနင်္ဂနွေ)
အချိန် – နံနက် ၉ နာရီ မှ ညနေ ၅ နာရီ
နေရာ – တပ်မတော်ခန်းမ ၊ ဦးဝိစာရလမ်း ၊ ရန်ကုန်။

ကြိုတင်စာရင်းပေးရန် =>

www.imyanmarhouse.com/expo

ပွဲတက်ရောက်ရန် ကြိုတင်စာရင်းပေးသွင်းသူများကို အထူးလက်ဆောင်ပစ္စည်းများ ပေးမည်ဖြစ်ပါသည်။

**Main Sponsors:** YOMA Strategic Holdings Ltd., Golden City

**Official Banking Partner:** Yoma Bank – The Responsible Bank

**Diamond Sponsors:** Spring Line, AMPS, M.K.T Construction Co.,Ltd, Strong Source Construction Co.,Ltd., SMT, Riverfront Garden, Diamond Inya Palace

**Gold Sponsors:** Polo Club (Asia) Residence, Sea View Condo, Mingalar 69 Residence, Yone Min Development, Scene Luxury Furniture Center, Vito Office Furniture, December Construction, Chantha Shwe Myay CTSM

မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။

ပွဲ (၃) ရက်အတွင်း အိမ်ရာဈေးငွေ လျှော့ထားနိုင်ရန် စီစဉ်ထားပါသည်။

ကြော်ငြာ

## ကျေးဇူးအထူးတင်ရှိခြင်း
### မသဲနုနုဝင်း(မသုဓမ္မသိင်္ဂီ)
### အသက် (၃၆) နှစ်

၈-၅-၂၀၁၇ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားသော မသဲနုနုဝင်း (မသုဓမ္မသိင်္ဂီ)အား နာမကျန်းဖြစ်စဉ် စေတနာမေတ္တာဖြင့် ဝိုင်းဝန်းကူသ ကူညီဆောင်ရွက်ပေးကြပါသော ဝိတိုရိယဆေးရုံကြီး HDUမှ ဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများ၊ နာမကျန်းဖြစ်သည်မှ ဂူသွင်းသင်္ဂြိုဟ်ပြီးသည်အထိ ကိုယ်တိုင်လာရောက်အားပေးနှစ်သိမ့်မေးမြန်းကူညီဆောင်ရွက်ပေးကြပါသော ဆရာသမား၊ လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းများနှင့်မိသားစုများ တပည့်များအားလည်းကောင်း သမီးသဲသဲ၏ချစ်ခင်လှစွာသောသူငယ်ချင်းမိတ်ဆွေများ၊ ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အားလည်းကောင်း ဈာပနနောက်ဆုံးခရီးအား လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးအားလည်းကောင်း၊ လိုက်ပါမပို့ဆောင်နိုင်သော်လည်း ဖုန်းဖြင့် သတင်းမေးနှစ်သိမ့် မေတ္တာပွားများကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေအားလုံးတို့အားလည်းကောင်း ကျန်ရစ်သူမိသားစုမှ ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**
**ဦးဝင်းမြင့်-ဒေါ်နုနုတင်**
**သား-ကိုကျော်အောင်ဝင်း**


## အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာများဆိုင်ရာ နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းမှုကြောင့်ချွေးထွက်လွန်ကာ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆား ဓာတ်များဆုံးရှုံးမှု ပိုမိုများပြားတတ်ပါသည်။ ပြည်သူလူထုအနေဖြင့် အပူဒဏ်ကြောင့် ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများ တွေ့ရှိပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သိရှိလိုက်နာနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း(Heat exhaustion)ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများပေါ်ပေါက်နိုင်ပါ သည်။

- ပျို့ခြင်း (သို့) ဂနာမငြိမ်ဖြစ်ခြင်း
- ခေါင်းမူးနောက်ခြင်း
- ကြွက်သားများ ကြွက်တက်ခြင်းနှင့် အားပျော့ခြင်း
- မူးမိုက်ခြင်း
- ခေါင်းကိုက်ခြင်း
- နုံးချည့်ခြင်း
- ရေဆာခြင်း
- ချွေးအလွန်အကျွံထွက်ခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

ရောဂါပိုမိုပြင်းထန်ဆိုးရွားလာ၍ အပူဒဏ်ကြောင့် သတိလစ်ခြင်း(Heat Stroke)ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။

- အရေပြားပူ၍ခြောက်သွေ့ခြင်း(သို့)ချွေးအလွန်အကျွံထွက်ခြင်း
- စိတ်ရှုပ်ထွေးခြင်း
- သတိလစ်ခြင်း တက်ခြင်း
- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း

အဆိုပါလက္ခဏာများခံစားရပါက ဦးစွာဆောင်ရွက်ရန်-

(၁) အရိပ်ရ၍ အေးမြသော၊ လေဝင်လေထွက်ကောင်းသော နေရာသို့ ပြောင်းရွှေ့ထားပါ။
(၂) ရေနှင့်ဓာတ်ဆားရည်များကို တိုက်ကျွေးပါ။
(၃) ရေအေးပတ်တိုက်ပါ။ (နဖူး၊ လည်ပင်း၊ ချိုင်းကြားနှင့် ပေါင်ခြံတို့ကို ရေအေးပတ်ရွှဲရွှဲတိုက်ပေးခြင်းဖြင့် ခန္ဓာကိုယ်တွင် အပူချိန် အမြန်ကျစေပါသည်။)

**နီးစပ်ရာဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ပေးပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အစာအဆိပ်သင့် မှုမဖြစ်ပွားစေရေး နှိုးဆော်ချက်

အစာအဆိပ်သင့်မှုသည် ရောဂါပိုးများပါဝင်သော မသန့်ရှင်းသည့် အစားအသောက်များကို စားသုံးမိခြင်းကြောင့် အများဆုံးဖြစ်ပွားတတ်ပါသည်။ အစာအဆိပ်သင့်မှုမဖြစ်ပွားစေရန်အတွက်

**အစားအသောက်ပြင်ဆင်ချက်ပြုတ်သူများ လိုက်နာရန်**

၁။ အစာမစားမီ၊ အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်းမပြုမီနှင့် အိမ်သာအသုံးပြုပြီးချိန်များတွင် လက်များအား ဆပ်ပြာဖြင့် သေချာစွာဆေးကြောပါ။
၂။ အိုးခွက်၊ ပန်းကန်များ၊ စဉ်းတီတုံးများအပါအဝင် မီးဖိုချောင်ပစ္စည်းများ၏ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
၃။ ချက်ပြုတ်ပြီး အစားအစာနှင့် မချက်ပြုတ်ရသေးသော အစားအစာများအား သီးခြားစီထားရှိပါ။
၄။ အစားအစာများချက်ပြုတ်ရာနှင့် ပန်းကန်များဆေးကြောရာတွင် သန့်ရှင်းသော ရေကိုသာသုံးစွဲပါ။
၅။ အစားအစာများကို ကျက်အောင်ချက်ပြုတ်၍ လတ်လတ်ဆတ်ဆတ်နှင့် ပူပူနွေးနွေးစားသုံးပါ။ ချက်ချင်းမစားသုံးဖြစ်ပါက ပွက်ပွက်ဆူအောင်နွေးပြီးမှ စားသုံးပါ။

**အစားအသောက်ရောင်းချသူများအနေဖြင့် အထူးလိုက်နာရန်**

၆။ ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါဖြစ်ပွားနေသူများ၊ အရေပြားတွင် အနာရှိသူများနှင့် ဖျားနာနေသူများ အနေဖြင့် အစားအစာများကို ပြင်ဆင်ချက်ပြုတ်ခြင်းနှင့် ကိုင်တွယ်ရောင်းချခြင်းတို့မှ ရှောင်ကြဉ်ပါ။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အချိန်မီ သတင်းပေးပို့ခြင်းနှင့် ထိရောက်သောကုသမှုခံယူခြင်းတို့ကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**


### ဦးမော်နီလွင်(ခ)ကျော်ကျော်စိုး
**B.E(Mechanical)**
### အသက် (၅၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၂)၊ မဉ္ဇူလမ်း၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်နေ ဒေါက်တာဦးညွန့်လွင်-(ဒေါ်မြင့်မြင့်ကြည်)တို့၏သား၊ ဒေါက်တာဇာနည်လွင် (ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့)၊ ဒေါက်တာအောင်မျိုးလွင်-ဒေါ်စိန်စိန်မြင့်၊ ဦးမော်ဝါလွင်(နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ညီ၊ ဒေါ်မြတ်မျိုးလွင်၊ ဦးဆန်းထူးလွင်တို့၏အစ်ကို၊ တူနှစ်ယောက်တို့၏ဘကြီးသည် ၁၆-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၂း၅၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးခိုင်ညွန့် (မကွေးမြို့)
### အသက်(၈၇)နှစ်

ဦးခင်ရီ (ပြည်ထောင်စုဝန်ကြီး-ငြိမ်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)-ဒေါ်ခင်မေစိုးတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးခိုင်ညွန့်သည် ၁၄-၅-၂၀၁၇ရက်နေ့တွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးခိုင်ညွန့်(မကွေးမြို့)
### အသက် (၈၇) နှစ်

မကွေးမြို့၊ ရန်အောင်ရပ်၊ ပြည်တော်သာလမ်း၊ အမှတ်(၅၃၃)နေ ရွှေရိဝင်းပွဲရုံပိုင်ရှင် ဒေါ်မြမြ၏ခင်ပွန်း၊ ဒေါ်ခင်မေစိုး(ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်)၏ ချစ်လှစွာသောဖခင်ကြီးသည် ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးကျော်တေဇ(ခ)ဦးကျော်ကြီး
### အသက်(၅၁)နှစ်

ဦးလှညွန့်-ဒေါ်သန်းသန်းအေးတို့၏သား၊ ဦးမိုးသူအောင်-ဒေါ်အယ်ဖူး၊ ဦးကိုကိုမြ-ဒေါ်သန္တာညွန့်၊ ကိုကျော်ဇင်လတ်တို့၏ အစ်ကို၊ မအိအိခိုင်၊ ကိုရဲကိုကို-မသီသီထွန်း၊ မောင်ခိုင်စိုးတို့၏ မွေးသဖခင်၊ ဒေါ်သန်းသန်းမြင့်၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးကျော်တေဇ(ခ)ဦးကျော်ကြီးသည် ၁၅-၅-၂၀၁၇ ရက်နေ့တွင် ရုတ်တရက် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Buildtech Engineers and Constructors Team Members**

**ဘုရား၊ ရဟန်း၊ သိမ် ကျောင်း ဒါယိကာမကြီး**
### ဒေါ်မာမီ (၁၀၄)နှစ်
**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**
**မုဒုံမြို့**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ် (၅၃)၊ ခြောက်လွှာ(ခြေရင်းခန်း)၊ ဒဂုံသီရိလမ်းနေ [ဦးသိန်းမြင့်(ဂလုပ်ဘထ္ထရီ)]၏ဇနီး၊ [ဦးအောင်ကြည်မြင့်(ခ)ဦးပါးလေး-ဒေါ်ခင်မာလာ (ခ) ဒေါ်ကင်ပန်း]တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေးလေးယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီး ဒေါ်မာမီသည် ၁၆-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၇ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးအေးမင်း
### အသက် (၅၀)

သံတွဲမြို့၊ ဂျိတ္တောနေ ဦးကျော်ဆွေ-ဒေါ်ခင်တင့်တို့၏သားကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ အမှတ် (၁၈၅)၊ တပင်ရွှေထီးလမ်း၊ (၃၅) ရပ်ကွက်နေ (ဦးလှဘော်)-ဒေါ်ငွေးရီတို့၏သားသမက်၊ ဒေါ်တင်တင်အုန်း (အကောက်ခွန်)၏ ခင်ပွန်း၊ မောင်ဇေယျာလင်း (Inya Lake Hotel)-မပဟေမာန်ဦး(Inya Lake Hotel)တို့၏ မွေးသဖခင်၊ ဒေါ်ကေသီ-ဦးကျော်မြင့်စိန်၊ ဒေါ်အေးသီတာ-ဦးရှုဒူဘာတို့၏ အစ်ကိုကြီး ဦးအေးမင်းသည် ၁၆-၅-၂၀၁၇ ရက် မွန်းလွဲ ၁၂း၄၅ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၇ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အာနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်သန်းမြင့်(ပန်းတနော်)
### အသက် (၉၂) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊အမှတ်(၁၆၁)နေ (ဦးနာစီ-ဒေါ်လှရှင်)၊ (ဒေါ်လှရှင်)တို့၏သမီး၊ (ဦးစိန်ဖေ-ဒေါ်အေးရင်)တို့၏ သမီးချွေးမ၊ (ဦးခင်အောင်)၏ချစ်လှစွာသောဇနီး၊ ဒုတိယဗိုလ်မှူးကြီးကျော်အေး(ငြိမ်း)-ဒေါ်ခင်ဆွေဦး၊ ဦးစိုးမောင်-(ဒေါ်မြသန်းဆွေ)တို့၏အစ်မ၊ ဦးဇေယျ (ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ခင်စန်းဝေ(ရဲအုပ်-ငြိမ်း)၊ ဦးဖေအောင် (ဒုတိယညွှန်ကြားရေးမှူး၊ မွေး-ကု ဦးစီးဌာန)-ဒေါ်စန္ဒာဝင်း၊ ဦးဝင်းမြင့်(ဒုတိယညွှန်ကြားရေးမှူး၊ လ. ဝ. က)-ဒေါ်ဝင်းဝင်းမော်တို့၏မွေးသမိခင်ကျေး ဇူးရှင်၊ ဦးဟိန်းကျော်(ကားပစ္စည်းရောင်းဝယ်ရေး)၊ ဒေါ်ဖြူသွယ်အောင်၊ ဗိုလ်ကြီးနိုင်လင်းထွန်း-ဒေါ်ငုဝါခိုင်(လ/ထမန်နေဂျာ၊ LHDC)၊ ဦးပြည့်ဖြိုးအောင် (B.E-Electrical)၊ ဦးလင်းထက်အောင် (H.R Officer၊ ရိုးမဘဏ်)၊ မောင်ဟိန်းထက်ကျော်(အထက-၅၊ တာမွေ)တို့၏ ချစ်လှစွာသောအဘွား ဒေါ်သန်းမြင့်သည် ၁၆-၅-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဒေါ်မမခင် (ခ)
### ALHaj ဒေါ်အမာဂျန်(သထုံ)
### အသက် (၉၁)နှစ်

သထုံမြို့နေ ရာဇဝတ်ဝန်ထောက် (ဦးလူကလေး-ဒေါ်လုံး)တို့၏ မြေး၊ သမာဓိမြို့ဝန်ဟောင်း(ဦးဟန်မြင့်-ဒေါ်သန်းရင်)တို့၏သမီးကြီး၊ အငြိမ်းစားရဲမှူး (ALHaj ဦးမောင်မောင်သန့်)၏ ဇနီး၊ ဟာဂျီ ဦးစိုးမြင့်၊ (ဦးငွေစိုး)၊ ဦးရဲမြင့်၊ (ဦးမျိုးသန့်)၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်ခင်သီတာ၊ စိုးမင်းသန့်တို့၏မိခင် ဒေါ်မမခင်သည် ၁၂-၅-၂၀၁၇ (သောကြာနေ့) နံနက် ၁၁ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ရေဝေး၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
### ဦးမောင်ကို(ပုလောမြို့)
### အသက် (၆၉)နှစ်
**အသင်းဝင်အမှတ်-၁၅၆၂**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၂) ရပ်ကွက်၊ နှင်းဆီလမ်းနေ ဒေါ်အေးစီ၏ ခင်ပွန်းသည် ၁၅-၅-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောမြို့ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
### ဆရာမကြီး ဒေါ်အေးသန်း
**B.A (B.Ed)**
### အသက် (၈၆)နှစ်
**ရွှေတောင်မြို့**

ရွှေတောင်မြို့၊ ကြာနီကန်ရပ်ကွက်၊ ဆေးရုံလမ်းနေ (ဦးဝမ်းတင်-ဒေါ်ကြည်)တို့၏သမီး၊ ဦးထွေးခင်၏ဇနီး၊ ဒေါ်စန်းမြင့်၊ ဒေါ်မြမြသန်း၊ ရန်ကုန်မြို့နေ ဦးရဲလှမြတ်(ညွှန်/မှူး၊ ပြည်သူ့လွှတ်တော်ရုံး-ငြိမ်း)တို့၏အစ်မ၊ ဒေါ်ဝင်းဝင်းခင်(အလပြ၊ အထကခွဲ-ကြာနီကန်)၊ ဦးဆန်းမောင်ခင်(ညွှန်ကြားရေးမှူး-ငြိမ်း)၊ ဒေါ်မြင့်မြင့်ဖော်တို့၏မိခင်၊ ဗိုလ်ကြီးတင်ထွန်းအောင်-မချောသဉ္ဇာခိုင်၊ မောင်တင့်မင်းဆန်းတို့၏အဘွား ၊ မောင်ကောင်းဆက်ပိုင်၏ ဘွားဘွားကြီးသည် ၁၆-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ဒရယ်ချောင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးနောင်အိန်း (၇၈)နှစ်
### လ/၁၃၇၁
**ခရိုင်ရဲတပ်ဖွဲ့မှူး(ငြိမ်း)**
**B.A, D.M.A, RL, SAS**

မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းမြို့နေ (အငြိမ်းစား ခရိုင်ရဲဝန်ထောက် ဦးဘညွန့်-ဒေါ်ခင်ကြည်)တို့၏ သား၊ (အငြိမ်းစား မြေတိုင်းအင်စပက်တော် ဦးသောင်း-ဒေါ်အေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာ(၁)နေ ဒေါ်ခင်စန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ နောင်အိန်းကျော်၊ နောင်အိန်းဇော်-သင်းသင်းနွယ်၊ နောင်အိန်းမော်-ခင်မိုးနွယ်၊ နောင်အိန်းတော်-မြတ်သီရိမော်တို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၅-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ ရန်ကင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးတင်ရှိန်(U.T.S)
**အင်္ဂလိပ်စာ (ရတနာနည်းပြ)**
**ငွေစာရင်း(၂) ကပရ(ငြိမ်း)**
### အသက်(၇၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ(၂၁)လမ်းအနောက်၊ အမှတ်(၅)နေ (ဦးထွန်းမောင်-ဒေါ်တင် မြင့်)တို့၏သား၊ (ဒေါ်စန်းရီ)၏မောင်၊ ဦးသောင်းအေး-ဒေါ်ခင်ခင်တို့၏ ညီ၊ ဦးဉာဏ်မြင့်-(ဒေါ်တင်မှီ)၊ ဦးမြင့်ဆန်း-(ဒေါ်နှင်းရီ)၊ ဦးနေဝင်း-(ဒေါ်စန်းစန်းသော်)၊ (ဦးသိန်းထွန်း)-ဒေါ်မြင့်ငွေးတို့၏ အစ်ကို၊ (ဒေါ်တင်တင်ညို)၏ခင်ပွန်း၊ တူ/တူမ ၁၅ယောက်တို့၏ ဘဘကြီးသည် ၁၅-၅-၂၀၁၇ (တနင်္လာ နေ့) နံနက် ၂း၃၅ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသာသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးမြင့်သိန်း (ထားဝယ်ချောင်)
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၅၁)ရပ်ကွက်၊ ဘုရင့်နောင် (၅)လမ်း၊ အမှတ် (၆၂)နေ (ဦးတင်လှိုင်-ဒေါ်တင်လှ)တို့၏သား၊ (ဦးထွန်းအောင်-ဒေါ်အုံးမြိုင်)တို့၏ သားသမက်၊ ဒေါ်ညို၏ ချစ်လှစွာသောခင်ပွန်း၊ တပ်ကြပ် ကျော်စွာဦး-မခင်မာဆန်း၊ ကိုကျော်ဝင်းသိန်း-မသဲဝါဖော်၊ ကိုအောင်ကျော်ဇော (အုပ်ချုပ်ရေးမှူး၊ ၅၁-ရပ်ကွက်၊ မြောက်ဒဂုံ)-မအိအိခင်၊ ဗိုလ်ကြီးခင်မောင်သန်း-မတင်တင်ငွေး၊ ကိုသန့်ဇင်-မလွင်လွင်ထွေးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၆-၅-၂၀၁၇(အင်္ဂါနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၇(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၇ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်လွင်လွင်သန်း
### အသက် (၇၉) နှစ်

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ နယ်မြေ (၄)၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၁၁၂)နေ သူငယ်ချင်း ဦးခွန်မင်းဆွေ၏ မိခင် ဒေါ်လွင်လွင်သန်းသည် ၁၅-၅-၂၀၁၇ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ အနန္တကောင်းမွန်ရာဘုံဘဝကို ရောက်ရှိခံစားနိုင်ပါစေ။

**86-95 RIT CLUB**
**မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### စိုင်းအိုက်ဖုန်း
### အသက်(၇၅)နှစ်

စိုင်းအိုက်ရီ(ခ)ကိုကျော်ထွန်းနိုင်-မရီရီတို့၏ ကျေးဇူးရှင်ဖခင်ကြီး စိုင်းအိုက်ဖုန်းသည် ၇-၅-၂၀၁၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ဦး-ဒေါ်အိအိစံ**
**ကျော်စံကုမ္ပဏီလီမိတက်**
**ရန်ကုန်မြို့**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု
# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေး





ဓနုဖြူမြို့ မရမ်းချောင်းကျေးရွာ၌ မရမ်းချောင်းတာ တည်ဆောက်နေမှုအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။

ရန်ကုန် မေ ၁၆

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး သဘာဝဘေးနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ရှင်းလင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑

## အနောက်တောင် မုတ်သုံလေဝင်ရောက်ခဲ့

နေပြည်တော် မေ ၁၆

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

(ကြေးမုံ)



## ဂျပန်နိုင်ငံမှ နင်ဂျာအဖွဲ့ မန္တလေးမြို့၌ သရုပ်ပြမည်

မန္တလေး မေ ၁၆

ဂျပန်နိုင်ငံမှ ဖိတ်ခေါ်ထားသည့် နင်ဂျာအဖွဲ့ Raifujin မှ နင်ဂျာပြပွဲ (Ninja Show)ကို မန္တလေးမြို့တွင် သရုပ်ပြဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၁၀ ကော်လံ ၁ သို့◆

## (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ လေ့လာသူအဖြစ်တက်ရောက်ရန် အဆိုပြုနိုင်

နေပြည်တော် မေ ၁၆

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်နိုင်ပြီး အဆိုပြုလွှာပုံစံများကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) [Union Peace Conference – 21st Century Panglong (Second Session)] ဖေ့စ်ဘွတ်တွင် တင်ထားသည်။

ယင်းအဆိုပြုလွှာပုံစံတွင် ဖြည့်စွက်ပြီး အီးမေးလ်လိပ်စာ 21stcenturypanglong@gmail.com သို့ ပေးပို့လျှောက်ထားနိုင်သည်။

အဆိုပြုလွှာများကို မေ ၁၉ ရက် နောက်ဆုံးထားပေးပို့ရန်နှင့် လေ့လာသူအဖြစ် တက်ရောက်သူများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကိုလည်း အဆိုပြုလွှာပုံစံနှင့်အတူ တင်ပေးထားသည်။